# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့်ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၆၀)


## စိုက်ပျိုးစရိတ် ချေးငွေ

တောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍအရင်းအနှီးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးကို အထောက်အကူပြုရန် JICA ချေးငွေကျပ် ဘီလီယံ(၂၀၀)ကျော် ရယူဆောင်ရွက်ခဲ့ရာ ယခုအခါ ကျပ် ဘီလီယံ(၃၀)ကျော် ထုတ်ချေးပေးပြီးဖြစ်ပါသည်။ မြန်မာ့စီးပွားရေးဘဏ်မှလည်း လယ်ယာကဏ္ဍတွင်ပါဝင်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ကျပ်ဘီလီယံ (၂၀၀) ထုတ်ချေးပေးနိုင်ရန် စီစဉ်ထားပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ်ထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားများကို စပါးတစ်ဧကလျှင် ယခင် ကျပ်တစ်သိန်းမှ ယခု ကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ပေးခဲ့ပါသည်။ အခြားသီးနှံ တစ်ဧကကို ယခင် ကျပ်နှစ်သောင်းမှ ယခု ကျပ်ငါးသောင်းအထိ တိုးမြှင့်ထုတ်ချေးခဲ့ပြီး ကျပ်တစ်သိန်းအထိ တိုးမြှင့်ပေးနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်းမှ ကျောင်းသား ကျောင်းသူများအား သြဝါဒအမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၂)မှ ကျောင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၂)မှ ကျောင်းသား ကျောင်းသူများက ဂါရဝပြုသြဝါဒ ခံယူပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဂုဏ္ဍေဝါခန်းမ၌ ကျင်းပသည်။

ဂါရဝပြုသြဝါဒခံယူပွဲ အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဗိုလ်ချုပ်သန်းထွဋ်၊ သမ္မတရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်လတ်၊

*စာမျက်နှာ ၃ ကော်လံ ၅* ◆


C B BANK

Contact Center : 01 231 777 0

www.cbbank.com.mm

contact@cbbank.com.mm

cbbankmyanmar

TRANSACTION BANKING SERVICES

- Account Receivable Solutions
- Account Payable Solutions
- Liquidity Management Solution
- Account Information Solution
- System Integration Solution
- Reconcilation Solution

မြန်မာ့အလင်း

# တရားမျှတမှုကင်းမဲ့သော စနစ်တို့၏ကျဆုံးခြင်း

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့က ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) နှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) ၏ တည်ရှိမှုသည် တရားဝင်မှုမရှိသကဲ့သို့ တရားမျှတမှု၏ အခြေခံသဘောတရားအားလုံးကို ချိုးဖောက်နေသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမြင်၌ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) သည် ကမ္ဘာ့ပြည်သူတို့၏ ကိုယ်စားပြုမှုကင်းမဲ့သော (တစ်နည်း) ရွေးချယ်တင်မြှောက်ထားခြင်းမရှိသော ယုံကြည်စိတ်ချရမှုမရှိသည့် ဗျူရိုကရေစီယန္တရားတစ်ရပ်သာ ဖြစ်ပါသည်။ ဤအမြင်အပေါ်အခြေခံ၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) ၏ အမေရိကန်နိုင်ငံအပေါ် တရားစီရင်ပိုင်ခွင့်ကို လုံးဝပယ်ချခဲ့ပါသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) ၏ တရားစီရင်ပိုင်ခွင့်အပေါ် အသည်းအသန် ဆန့်ကျင်နေခြင်းမှာ အာဖဂန်နစ္စတန်စစ်ပွဲတွင် ကျူးလွန်ခဲ့သည်ဟူသော စစ်ရာဇဝတ်မှုများနှင့် ဆက်စပ်နေပါသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) သည် အမေရိကန်စစ်မှုထမ်းတို့က ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော စစ်ရာဇဝတ်မှုတို့ကို စုံစမ်းစစ်ဆေးရန် ကြိုးပမ်းနေခြင်း ဖြစ်ပါသည်။ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုအပေါ် အကြောင်းပြု၍ အမေရိကန်နိုင်ငံတပ်ဖွဲ့တို့က အာဖဂန်နစ္စတန်နိုင်ငံကို ကျူးကျော်သည်မှ အစပြုခဲ့သော အာဖဂန်နစ္စတန်စစ်ပွဲသည် ယနေ့တိုင် ရပ်တန့်နိုင်ခဲ့ခြင်းမရှိပါ။ စစ်ပွဲစတင်ခဲ့သော ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့က စတင်ရေတွက်ပါက ၁၇ နှစ်နီးပါး ရှိနေပြီဖြစ်ပါသည်။ အမေရိကန်သမ္မတ၏ အာဖဂန်နစ္စတန်စစ်ပွဲဆိုင်ရာ သဘောထားအပေါ် သုံးသပ်ပါက အကြမ်းဖက်သမားတို့အား တုံ့ပြန်ချေမှုန်းရန် ရည်ရွယ်ချက်ဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအား ကျူးကျော်ခြင်းသည် တရားမျှတသည်ဟူသောခံယူချက်ကို မြင်တွေ့နိုင်ပါသည်။ အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံ၏ တရားမျှတသောစစ်ပွဲအတွင်း ဆောင်ရွက်မှုတို့အပေါ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) က စုံစမ်းစစ်ဆေးပိုင်ခွင့်မရှိဟူသော အမြင်ကိုလည်း မြင်တွေ့နိုင်ပါသည်။ အမေရိကန်သမ္မတက ဤအမြင်၊ ဤသဘောတို့ကို ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုသော် ကမ္ဘာ့ပြည်သူတစ်ရပ်လုံးအား ပြောကြားလိုက်ခြင်း ဖြစ်ပါသည်။ အမေရိကန်သမ္မတ၏ ဤအမြင်၊ ဤသဘောကို ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) ၌ စွဲချက်တင်စစ်ဆေးရန် ကြိုးပမ်းနေသည့် အင်အားစုတို့၏ အမြင်သဘောထားနှင့် နှိုင်းယှဉ် သုံးသပ်ကြည့်နိုင်ပါသည်။ သေချာနေသည်မှာ အင်အားကြီးသူကို ချဉ်းကပ်ပုံတစ်မျိုး၊ အင်အားငယ်သူကို ချဉ်းကပ်ပုံတစ်မျိုး ခွဲခြားကျင့်သုံးခြင်းသည် တရားမျှတမှုကင်းမဲ့ခြင်းကို လှစ်ဟဖော်ပြနေပါသည်။ တရားမျှတမှုကင်းမဲ့သော စနစ်ဟူသမျှ မအောင်မြင်၊ ကျဆုံးရသည်ကို ကမ္ဘာ့သမိုင်းက သက်သေထူပြီးဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။


“ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ”

INTERNATIONAL DAY OF OLDER PERSONS

ဂုဏ်ပြုအခမ်းအနား

“ သက်ကြီးအခွင့်အရေးဖော်ဆောင်ဖို့ ကြိုးပမ်းသူကိုဂုဏ်ပြုစို့ ”

“ Celebrating Older Human Rights Champions ”

နေပြည်တော် ၂၈.၉.၂၀၁၈


# (၇၃) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့အစီအစဉ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နယူးယောက် စက်တင်ဘာ ၂၆**

(၇၃) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့အစီအစဉ်ကို စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၏ အထွေထွေညီလာခံ ခန်းမ၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း၊ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်လင်းတို့နှင့်အတူ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲနှင့် ဝန်ကြီးအဆင့် ကိုယ်စားလှယ်အဖွဲ့များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယို ဂူတာရက်စ်နှင့် (၇၃) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိ မစ္စ မာရီယာ ဖာနန်ဒါ အက်စ်ပင်နိုဆာ ဂါဆက်တို့ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် ညီလာခံ သဘာပတိတို့က အဖွင့်မိန့်ခွန်းများ ပြောကြားကြပြီး အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အမေရိကန် ပြည်ထောင်စုသမ္မတ မစ္စတာ ဒေါ်နယ် ထရမ့် အပါအဝင် နိုင်ငံပေါင်း ၃၁ နိုင်ငံမှ သမ္မတများက အထွေထွေမူဝါဒရေးရာ မိန့်ခွန်းများ အသီးသီး ပြောကြားခဲ့သည်။

အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက စက်တင်ဘာ ၂၈ ရက်တွင် အထွေထွေမူဝါဒရေးရာမိန့်ခွန်း ပြောကြားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

**ဓာတ်ပုံ-နိုင်ငံခြားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် High-Level Meeting on Action for Peacekeeping သို့ တက်ရောက်

**နယူးယောက် စက်တင်ဘာ ၂၆**

(၇၃) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတက်ရောက်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ရောက်ရှိနေသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ကုလသမဂ္ဂဌာနချုပ်ရှိ Trusteeship Council ခန်းမ၌ ကျင်းပသော High-Level Meeting on Action for Peacekeeping သို့ တက်ရောက်သည်။ **(ယာပုံ)**




အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၄၅ နိုင်ငံက Declaration of Shared Commitments on Peacekeeping Operations ကို ထောက်ခံအတည်ပြုခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ လိင်အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Pramila Pattern နှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

**ဓာတ်ပုံ-နိုင်ငံခြားရေးဝန်ကြီးဌာန**

# မော်လမြိုင်မြို့တွင် ရသစာပေစကားဝိုင်း ကျင်းပမည်

**မော်လမြိုင် စက်တင်ဘာ ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် နိုင်ငံကျော်စာရေးဆရာမများဖြစ်သော ပုညခင်၊ နှင်းဝေငြိမ်းနှင့် မိုးပန်းမွှန် (ရာမည)တို့ ပါဝင်ဆွေးနွေးကြမည့် “ရသစာပေစကားဝိုင်း” ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

“ရသစာပေစကားဝိုင်း” ကို လူငယ်များ စာပေဖတ်ရှုမှုအလေ့အထ ပိုမိုပြန့်ပွားစေရေးနှင့် စာပေဆိုင်ရာအသိအမြင်များ ပိုမိုကျယ်ပြန့်စွာ ဆွေးနွေးဖလှယ်နိုင်စေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဒေသခံစာပေဝါသနာရှင် လူငယ် ခြောက်ဦးလည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

အဆိုပါစကားဝိုင်းကို ပြန်ကြားရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် ကမ်းနားလမ်းရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်ကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်သည့် အခမ်းအနားအပြီးတွင် တစ်ဆက်တည်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ဟံသာဝတီအသင်း ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၆**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ (ပထမနေ့) ကို ယနေ့ညနေပိုင်းက တောင်ကြီးမြို့ရှိ ပြည်နယ်ကွင်း၌ ကျင်းပရာ ဟံသာဝတီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် ဗိုလ်လုပွဲတက်ရောက်သွားသည်။

ပွဲချိန် ၅၅ မိနစ်တွင် ဟံသာဝတီအသင်း တစ်လုံးတည်းသောအနိုင်ဂိုးရခဲ့ပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် ဂျိုးဇက်ဖန်တီးပေးသောဘောလုံးကို မတ်ခ်ဆာကီက ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ယင်းနောက်ပိုင်းတွင် အဝေးဂိုးရသွားသည့် ဟံသာဝတီအသင်းက ပွဲကိုထိန်းချုပ်ကစားသွားပြီး ရှမ်းယူနိုက်တက်အသင်းသည် အနိုင်ရမှသာ ဗိုလ်လုပွဲတက်ရောက်ခွင့်ရမည်ဖြစ်ရာ ကြိုးစားသော်လည်း ချေပဂိုးပင်မရဘဲ ရှုံးပွဲကြုံတွေ့ခဲ့သည်။

ရှုံးထွက်ပြိုင်ပွဲ ပထမဆုံးကျင်းပသည့် ၂၀၁၀ ပြည့်နှစ်တွင် ဗိုလ်စွဲပြီးနောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာနေသည့် ဟံသာဝတီအသင်းသည် ယခုနှစ်တွင် ဗိုလ်လုပွဲသို့ တစ်ကျော့ပြန်တက်ရောက်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် အမှတ်ပေးနှင့် ရှုံးထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သော်လည်း ယခုရာသီတွင် ပြိုင်ပွဲနှစ်ခုစလုံး၌ အောင်မြင်မှုမရဘဲ ဖလားလက်မဲ့ရာသီကို အဆုံးသတ်ရတော့မည် ဖြစ်သည်။

**ညီမြတ်သော်တာ**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၂)မှ ကျောင်းသား ကျောင်းသူများအား သြဝါဒအမှာစကား ပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များက ဂါရဝပြုအမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ သတင်းစဉ်

◆ *ရွှေဖုံးမှ*

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(၅)နှစ်သင်တန်းအမှတ်စဉ်(၂)မှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က သြဝါဒအမှာစကား ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ သြဝါဒအမှာစကားကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။)**

**ကျေးဇူးတင်စကားပြန်လည်ပြောကြား**

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၂)မှ ကျောင်းသား ကျောင်းသူများ ကိုယ်စား ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်မှ "ဝ" တိုင်းရင်းသူ မအိပေါင်လေးက ဂါရဝပြု ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတထံ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်များက ဂါရဝပြု အမှတ်တရလက်ဆောင်ပစ္စည်းကို နေရာအရောက်ပေးအပ်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၂)မှ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၂)မှ ကျောင်းသား ကျောင်းသူများအား နယ်စပ်ရေးရာဝန်ကြီးဌာန၌ ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၂)မှ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေတာကို တွေ့ရမှာဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ် (၂)မှ ကျောင်းသားကျောင်းသူများ၏ ဂါရဝပြုသြဝါဒခံယူပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် သြဝါဒအမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဒီကနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဆောင်တဲ့ ဆရာ၊ ဆရာမများ၊ ပညာရေးဘွဲ့ (၅) နှစ် သင်တန်း အမှတ်စဉ် (၂) က ကျောင်းသူ၊ ကျောင်းသားများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ရှိသူများအားလုံး ကောင်းမြတ်တဲ့ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

သားတို့ သမီးတို့ အနေနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (၅) နှစ်သင်တန်း အမှတ်စဉ် (၂) ကို အောင်အောင်မြင်မြင် တက်ရောက်ခဲ့ကြပြီးဖြစ်လို့ မကြာမီ သင်တန်းဆင်းကြတော့မှာ ဖြစ်ပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အနာဂတ်ပညာရေးလောကအား သွေးသစ်လောင်းပေးမယ့် ဆရာ၊ ဆရာမလောင်းများကို တွေ့ဆုံအမှာစကား ပြောကြားခွင့်ရတဲ့အတွက် များစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နဲ့ ပေါင်းစည်းတည်ထောင်ထားတဲ့ သမိုင်းအစဉ်အလာကောင်းများနဲ့ ဂုဏ်ရှိန်ထည်ဝါခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် တိုင်းရင်းသားတွေဟာ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်ရဲ့နယ်နိမိတ်အတွင်း နှစ်ပေါင်းများစွာ အေးအတူပူအမျှ အပြန်အလှန်အမှီသဟဲပြု အတူတကွ စုပေါင်းနေထိုင်လာခဲ့ကြပါတယ်။

နိုင်ငံကို ကိုလိုနီနယ်ချဲ့တွေက သိမ်းပိုက်ခဲ့ပြီး တောင်တန်းမြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့ကြပေမယ့်လည်း အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်များရဲ့ ခေါင်းဆောင်မှု၊ တိုင်းရင်းသားအားလုံးရဲ့ ပေါင်းစည်းညီညွတ်မှုအားနဲ့ နိုင်ငံ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။

သို့ပေမယ့်လည်း လွတ်လပ်ရေးနဲ့အတူ ဒွန်တွဲပေါ်ပေါက်လာခဲ့တဲ့ အယူဝါဒကွဲပြားမှု အမြင်မတူညီမှု စတဲ့အကြောင်းတရားများဟာ နိုင်ငံတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ ကြီးမားတဲ့ အဟန့်အတားနဲ့ စိန်ခေါ်မှုတွေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်းပဲ နယ်စပ်ဒေသတိုင်းရင်းသားတွေရဲ့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်မှာ အားနည်းခဲ့ကြရပါတယ်။

ဒီအခြေအနေတွေကို သိမြင်နားလည်ခဲ့ကြတဲ့ နိုင်ငံ့အကြီးအကဲတွေဟာ တိုင်းရင်းသားတွေရဲ့ အရေးပါမှုအခန်းကဏ္ဍကို တစ်ဖက်တစ်လမ်းက မြှင့်တင်ပေးနိုင်ရေး ပြည်ထောင်စုအတွင်းမှာ ထာဝရတည်ရှိနေတဲ့ နယ်စပ်ဒေသက တိုင်းရင်းသားလူမျိုးတွေနဲ့ ၎င်းတို့နေထိုင်ရာဒေသတွေရဲ့ အခြေခံအဆောက်အအုံများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်တွေကို စနစ်တကျ အစီအမံနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါတယ်။

## ပညာရေးဆိုတာ လူ့အဖွဲ့အစည်းကြီးတစ်ရပ်လုံးအတွက် အရေးကြီးတဲ့ အရင်းအမြစ်တစ်ခုဖြစ်သလို လူတစ်ဦးချင်းစီရဲ့ ဘဝအာမခံချက်လည်း ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးနိုင်မယ့် ပညာရေးဝန်ထမ်းကောင်းတွေကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့တာဖြစ်တဲ့အတွက် အခုဆိုရင် တက္ကသိုလ်တည်ထောင်မှု သက်တမ်းဟာ (၅၄) နှစ် ပြည့်မြောက်တော့မှာဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေမှာ ဖော်ပြထားတဲ့ တက္ကသိုလ်ရဲ့ ရည်မှန်းချက် (၇) ရပ်ကတော့-

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများသည် တက္ကသိုလ်တွင် ခင်မင်ရင်းနှီးစွာနေထိုင်လျက် ပညာရှာမှီးကြရင်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုရရှိစေရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်းသိမ်းရန်နှင့် နားလည်သဘောပေါက်ရန်၊

(ဂ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ စားဝတ်နေရေး အဆင့်အတန်းမြင့်မားစေရန် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထက်သန်စေရန်၊

(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှု စွမ်းရည် မြှင့်တင်ရန်၊

(င) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်မှုကို ရှေးရှုပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်၊

(စ) ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်၊

(ဆ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ် ရှင်သန်ပွားများစေရန်တို့ပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကနေ ဒီနေ့အထိ မဟာပညာရေးဘွဲ့ ၉၅ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၃၆၇၇ ဦး၊ ဆရာအတတ်ပညာ ဒီပလိုမာဘွဲ့ ၇၄၂ ဦး၊ အလယ်တန်း ဆရာအတတ်သင် ၉၅၆ ဦး၊ အထူးမူလတန်းဆရာအတတ်သင် ၄၆၁ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး စုစုပေါင်းပညာရေးလောကအတွက် အားထားရတဲ့ ဆရာ၊ ဆရာမ ၁၃၁၂၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ယခု သင်တန်းဆင်းကြမယ့် သင်တန်းသား၊ သင်တန်းသူ ၁၆၅ ဦးတွင် တိုင်းရင်းသားလူမျိုးနွယ်စု ၈၂ မျိုးက တိုင်းရင်းသူ တိုင်းရင်းသားလူငယ်တွေ စုံစုံလင်လင်ပါဝင်ကြောင်း သိရတဲ့အတွက် များစွာအားရဝမ်းသာ ဖြစ်မိပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေတာကိုတွေ့ရမှာဖြစ်ပါတယ်။ အဲဒီလို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကကျတဲ့ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာစေဖို့ရည်ရွယ်ပြီး အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၁) ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

သားတို့ သမီးတို့အနေနဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ပညာသင်ယူ လေ့လာဆည်းပူးခဲ့ကြပြီး ယခု ကျောင်းဆင်းလို့ ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမယ့်သူတွေ ဖြစ်ကြပါတယ်။ ဆရာ၊ ဆရာမတွေဖြစ်ကြမယ့် သားတို့ သမီးတို့ ကိုယ်တိုင်ဘွဲ့တစ်ခုရပြီးတာနဲ့ ပညာသင်ယူမှု ပြီးဆုံးပြီလို့ မခံယူကြဘဲ တစ်သက်တာ သင်ယူချင်တဲ့ စိတ်ဓာတ်မွေးမြူပြီး ဆက်လက်လေ့လာသင်ယူသွားကြဖို့ တိုက်တွန်းလိုပါတယ်။ "ပညာတတ်ဆိုသည်မှာ ဆက်လက်ပညာသင်ကြားလိုသော ဆန္ဒရှိပြီး ပညာသင်ကြားနိုင်စွမ်းလည်းရှိသော ပုဂ္ဂိုလ်မျိုးသာဖြစ်သည်" လို့ ပညာရှင်မူကူဇဝါရဲ့ အဆိုအမိန့်ကို မှတ်သားထားကြစေ လိုပါတယ်။

ပညာရေးဆိုတာ လူ့အဖွဲ့အစည်းကြီး တစ်ရပ်လုံးအတွက် အရေးကြီးတဲ့ အရင်းအမြစ်တစ်ခုဖြစ်သလို လူတစ်ဦးချင်းစီရဲ့ ဘဝအာမခံချက်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် မိမိတာဝန်ကျရာဒေသရှိ ကျောင်းသူ၊ ကျောင်းသား လူငယ်များကို ပညာသင်ကြားပေးရုံသာမက လေ့လာသင်ယူချင်စိတ် ထက်သန်လာအောင် လုပ်ဆောင်ပေးကြရမှာ ဖြစ်တဲ့အပြင် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသခံ ပြည်သူများအကြား မှန်ကန်သော ခံယူချက်၊ ယုံကြည်ချက် တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားလာအောင် ပျိုးထောင်တည်ဆောက်ပေးရမယ့် တာဝန်များကိုပါ ထမ်းဆောင်ဖို့ တာဝန်ရှိတယ်လို့ စွဲစွဲမြဲမြဲခံယူထားကြရမှာ ဖြစ်ပါတယ်။

အရှိန်အဟုန်နဲ့ တိုးတက်ပြောင်းလဲနေတဲ့ ဒီကနေ့ကမ္ဘာကြီးမှာ စိန်ခေါ်မှုတွေလည်း အများကြီးရှိနေသလို တိုးတက်မှုအတွက် အခွင့်အလမ်းတွေလည်း ရှိနေတာဖြစ်တဲ့အတွက် သားတို့သမီးတို့အနေနဲ့ အဲဒီအခွင့်အလမ်းတွေကို ရယူနိုင်အောင် မိမိတို့ရဲ့ အရည်အချင်းတွေကို ပြည့်ဝနေဖို့ အမြဲမပြတ် ကြိုးစားအားထုတ်ကြရပါမယ်။ သားတို့သမီးတို့ကို ဆရာကောင်းတစ်ယောက် ဖြစ်ဖို့အတွက် လိုအပ်တဲ့ ပညာ

## ပညာတတ် ဆိုသည်မှာ ဆက်လက်ပညာသင်ကြားလိုသော ဆန္ဒရှိပြီး ပညာသင်ကြားနိုင်စွမ်းလည်းရှိသော ပုဂ္ဂိုလ်မျိုးသာ ဖြစ်သည်။

အရည်အချင်းတွေပြည့်ဝအောင် ဆရာတစ်ယောက် ခံယူကျင့်သုံးရမယ့် သဘောတရားတွေသိရှိအောင် တက္ကသိုလ်က သင်ကြားပို့ချပေးပြီး ဖြစ်ပါတယ်။ ဆရာ၊ ဆရာမကောင်းတွေကသာ တပည့်တွေအပေါ်မှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းအောင် သင်ကြားပေးနိုင်ပြီး ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုသလို နိုင်ငံအပေါ် သစ္စာစောင့်သိတဲ့ အနာဂတ်မျိုးဆက်သစ်တွေကို မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီလို ဆရာကောင်းဆိုတာ ကျောင်းစာအပြင် အရာရာကို စဉ်းစားချိန်ဆတတ်အောင် တွေးခေါ်မြော်မြင်နိုင်အောင် လမ်းညွှန်ပြသ ဆုံးမပေးနိုင်ပြီး တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ရှိခြင်း၊ ဘာသာရပ်ကျွမ်းကျင်ခြင်း၊ သင်ကြားနည်းပိုင်နိုင်ခြင်း၊ အစဉ်သင်ယူလေ့ကျင့်ခြင်း၊ ဆရာစိတ်ရှိခြင်း၊ ဆရာ့ကျင့်ဝတ်ကို လိုက်နာခြင်း စတဲ့အချက်တွေနဲ့ ပြည့်စုံနေတဲ့သူတွေ ဖြစ်ဖို့လိုပါတယ်။ ဒီလို ဆရာကောင်းဖြစ်လာဖို့အတွက် ဒီတက္ကသိုလ်ကြီးက သားတို့သမီးတို့ကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးခဲ့ပါတယ်။

နိုင်ငံတော်ကလည်း သားတို့ သမီးတို့ကို နိုင်ငံအတွက်အားထားရတဲ့ ပညာရေးဝန်ထမ်းကောင်းတွေ ဖြစ်လာမယ်လို့ မျှော်လင့်ထားပါတယ်။ ဒါ့အပြင် နိုင်ငံအတွင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုအားကိုရယူပြီး နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံလုပ်ငန်းစဉ်တွေမှာလည်း ကျရာအခန်းကဏ္ဍကနေ အားကြိုးမာန်တက် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ရရှိခြင်းဟာ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့နှင့် ဆက်နွှယ်ချိတ်ဆက်လျက်ရှိတာကို အထူးပြောစရာလိုမယ် မထင်ပါ။

နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသားအားလုံး ချစ်ခင်စည်းလုံး ညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးတို့အတွက်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သြဝါဒအမှာစကား ပြောကြားစဉ်။

*စာမျက်နှာ ၄ မှ*

ဦးတည်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် စီမံဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ဦးဆောင်ကာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းပြီး နယ်စပ်ဒေသတွေရဲ့ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အတွက် မူဝါဒများ ချမှတ်ကာ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြပါတယ်။ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားများကလည်း ပူးပေါင်းဆောင်ရွက်မှု၊ ကူညီရိုင်းပင်းမှု၊ ဝိုင်းဝန်းပံ့ပိုးမှုတို့ဖြင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ရှေးရှုကြဖို့ လိုအပ်ပါတယ်။

နှစ်ပေါင်း (၇၀) နီးပါးရှိပြီဖြစ်တဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်ဖို့ဆိုတာ လက်နက်စွဲကိုင်ပြီး ဖြေရှင်းခြင်းထက် နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းသည်သာ မှန်ကန်တဲ့ ချဉ်းကပ်မှုမျိုး ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှသည် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ အခွင့်အခါကောင်းကိုအရယူပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းရင်းသားများအကြား မတူကွဲပြားမှုတွေကို သဘောထားကြီးခြင်း၊ သည်းခံ ခြင်းတို့ဖြင့် ဒီမိုကရေစီနည်းကျကျ စားပွဲဝိုင်းမှာ ဖြေရှင်းမယ်ဆိုရင် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ကြမှာ ဖြစ်ပါတယ်။ နိုင်ငံရေး ပြဿနာတွေကို နိုင်ငံရေး နည်းလမ်းနဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ဖို့ တစ်ခုတည်းသောလမ်းကြောင်းဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ငြိမ်းချမ်းစွာတည်ထောင်နိုင်ဖို့ ရည်ရွယ်ပြီး (၂၁) ရာစု ပင်လုံ၊ ငြိမ်းချမ်းရေးညီလာခံကို ကျင်းပခြင်း ဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနဉက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားမှာ -

**"ကျွန်မတို့ နိုင်ငံ၊ ကျွန်မတို့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသား လူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိကြပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း အားလုံး စည်းလုံးညီညွတ်စွာနဲ့ အားလုံးယုံကြည်တန်ဖိုးထားနိုင်တဲ့ ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ခြင်းမရှိခဲ့တဲ့အတွက် ဒီကနေ့အထိ လက်နက်ကိုင် ပဋိပက္ခတွေကြားမှာ စတေးပေးဆပ်ခဲ့ရပြီး အလှမ်းဝေးခဲ့ရတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ရမယ်"**လို့ ပြောကြားခဲ့ပါတယ်။

> **ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုသလို နိုင်ငံအပေါ် သစ္စာစောင့်သိတဲ့ အနာဂတ်မျိုးဆက်သစ်တွေကို မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။**

ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲမှာ-

**"ဒီနေ့ ဆွေးနွေးမယ့်ကိစ္စတွေက ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးပါတယ်၊ အဆင့်မြင့်ပညာကဏ္ဍဆိုပေမယ့် ကျွန်မတို့ အခက်အခဲရှိတာက ဘာလဲဆိုတော့ မူလတန်းကနေ ပညာဆိုတာ စရတာဖြစ်ပါတယ်။ အခြေခံက မကောင်းခဲ့တော့ မကောင်းတဲ့အခြေခံကို ကျော်လွှားပြီးတော့ ဘယ်လိုလုပ်ပြီး ကောင်းတဲ့နိဂုံးကို ရောက်မလဲဆိုတာကို စဉ်းစားဖို့ပဲ ဖြစ်ပါတယ်။ ပညာရေးအောင်မြင်ဖို့ဆိုရင် အောင်မြင်မယ်ဆိုတဲ့ ယုံကြည်ချက်ကရှိရမယ်၊ သွန်သင်ဆုံးမတဲ့ မိဘများနဲ့ ဆရာ၊ ဆရာမများဟာလည်း ယုံကြည်ချက်ရှိရမယ်၊ အောင်နိုင်တဲ့ လူငယ်တွေ ဖြစ်ဖို့ အောင်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ရှိဖို့လိုပါတယ်"** လို့ ပြောကြားခဲ့ပါတယ်။

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားခြင်းဟာ နိုင်ငံရဲ့အနာဂတ်အတွက် အကောင်းဆုံး အာမခံချက်ပဲဖြစ်ပါတယ်။ နိုင်ငံတစ်ခု တိုးတက်တယ်၊ မတိုးတက်ဘူးဆိုတာကို နိုင်ငံသားတွေရဲ့ ကျန်းမာရေးနဲ့ ပညာရေးအခြေအနေကိုကြည့်ပြီး အကဲဖြတ်ကြပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့တာဝန်တွေကို လွှဲပြောင်းထမ်းဆောင်ချိန်ကစပြီး ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတွေကို အထူးဂရုစိုက်အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုလာရောက်တဲ့ လေ့လာရေးခရီးစဉ်မှာလည်း နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်နေတဲ့ အခြေအနေများကို သိမြင်နားလည်လာကြဖို့ မျှော်လင့်ပါတယ်။ သားတို့သမီးတို့အနေနဲ့ လေ့လာရေးခရီးစဉ်တစ်လျှောက်မှာလည်း အစဉ်အလာကြီးမားခဲ့တဲ့ တက္ကသိုလ်ရဲ့ဂုဏ်ဒြပ်ကို ထိန်းသိမ်းပြီး စနစ်တကျ စည်းကမ်းရှိရှိနဲ့ သွားရောက်လေ့လာကြစေလိုပါတယ်။ လေ့လာရေးကနေ ရရှိလာတဲ့ အသိပညာ ဗဟုသုတတွေကိုလည်း မိမိတို့ကျောင်းဆင်းပြီး မိမိတာဝန်ကျရာဒေသမှာ လုပ်ငန်းတာဝန်ထမ်းဆောင်ကြတဲ့အချိန်မှာ လက်တွေ့အသုံးချသွားကြပါလို့ မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ သားတို့ သမီးတို့အနေနဲ့-

- မိမိတို့တာဝန်ကျရာ ဒေသတွေမှာ တာဝန်ထမ်းဆောင်ကြတဲ့အခါ ဒေသခံတိုင်းရင်းသား ကလေးငယ်များ အပါအဝင် ဒေသတစ်ခုလုံးရဲ့ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- ဒေသရဲ့ဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများရဲ့ လူနေမှုအဆင့်အတန်း တိုးတက် မြင့်မားရေးတို့အတွက် တာဝန်ရှိတယ်ဆိုတဲ့ ခံယူချက်နဲ့ ဒေသခံ ပြည်သူတွေ အသိအမြင်ကြွယ်ဝလာအောင် ပညာပေးစည်းရုံး ဦးဆောင်ရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေမှာ တက်တက်ကြွကြွပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံးရဲ့ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နဲ့ သမိုင်းအမွေအနှစ်များကို လေးစားမြတ်နိုးပြီး တန်ဖိုးထား ထိန်းသိမ်းပေးကြပါ။
- ပြည်ထောင်စုကြီး အေးချမ်းသာယာပြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရ ရှင်သန်နိုးကြား ထွန်းကားပြန့်ပွားနေစေရန် အမြဲမပြတ် စည်းရုံးဦးဆောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ထွန်းလာစေရေး ဦးတည်ချက်နဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစတဲ့ အခြေခံအုတ်မြစ်များ ခိုင်မာစေရအောင် စည်းရုံးဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။



## ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး နှင့် ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် နယ်သာလန်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Jurgens နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ အဂတိလိုက်စားမှု ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊ အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်းနှင့်ဒေါ်မြတ်မြတ်စိုးတို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံခြားငွေ လဲလှယ်နှုန်း တည်ငြိမ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေနှင့် ပတ်သက် သည့် ကိစ္စရပ်များ ၊ mobile payment တွင် အကျုံးဝင်သော Card နှင့် အခြားနည်းလမ်းများဖြင့် ငွေပေးချေမှုများတွင် သုံးစွဲသည့် စနစ်ဆိုင်ရာ ကိစ္စရပ်များအား မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး အဆိုပါကော်မတီမှ လိုအပ်သည့် ကူညီပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုသိမ်ကြီးမြို့တွင် ၃ ဒသမ ၂၅ လက်မ၊ မန္တလေးမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၇၄ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၁ ဒသမ ၉၉ လက်မ၊ လားရှိုးမြို့တွင် ၁ ဒသမ ၄၂ လက်မနှင့် မိုးကောင်းမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပိုမိုတိုးတက်မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်

❖ *ကျော့ဖုံးမှ*



(၆၉) နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း ဂုဏ်ပြုညစာ စားပွဲတွင် ဒုတိယ သမ္မတ ဦးမြင့်ဆွေနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီးက ညစာ စားပွဲဖြင့် တည်ခင်း ဧည့်ခံစဉ်။

သတင်းစဉ်

တရုတ်ပြည်သူများ၏ (၆၉)နှစ်တာ ကြိုးပမ်းအားထုတ်မှုများကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ယခုအချိန်တွင် ကမ္ဘာ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံးနှင့် ဒုတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံ ဖြစ်လာခဲ့ပြီး ကမ္ဘာ့အရေးကိစ္စများနှင့် ကမ္ဘာ့စီးပွားရေးတွင် အရေးပါသည့် နိုင်ငံကြီး တစ်နိုင်ငံအဖြစ် ဝင့်ထည်စွာ ရပ်တည်လျက်ရှိပြီဖြစ်ပါကြောင်း။

ထိုသို့ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာ့နိုင်ငံအများအပြားနှင့် မျှဝေခံစားနိုင်ရန်၊ ပူးပေါင်းပြီး ခိုင်မာအောင် တည်ဆောက်နိုင်ရန် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံကိန်းကြီးသည် ကမ္ဘာကြီးအတွက် အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုအသစ်များကို ဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ပေကျင်းမြို့တွင် ယမန်နှစ် မေလက ကျင်းပခဲ့သည့် "ရပ်ဝန်းနဲ့ ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်"မှ သဘောတူညီချက်များ၊ တိကျရှင်းလင်းသည့် ပူးပေါင်းဆောင်ရွက်မှု လမ်းကြောင်းများကို ရရှိခဲ့ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းများ အကောင်အထည်ဖော်မှုကို ပိုမိုမြှင့်တင်နိုင်မည့် ယန္တရားကိုလည်း အထောက်အကူဖြစ်စေခဲ့ပါကြောင်း။

**သက်တမ်းရှည်ကြာစွာ ဖြစ်ထွန်းခဲ့**

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်ကစပြီး နှစ်နိုင်ငံအကြားတွင် တည်ထောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် သက်တမ်းရှည်ကြာစွာ ဖြစ်ထွန်းခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား လွန်ခဲ့သည့် (၆၈) နှစ်တာ ကာလအတွင်းကစပြီး အပြန်အလှန်ဖလှယ်မှုများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် အခြားနယ်ပယ်ကဏ္ဍစုံတို့တွင် သိသာထင်ရှားစွာ အောင်မြင်တိုးတက်မှုများ ရရှိလာသည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရပါကြောင်း။

ယနေ့အချိန်တွင် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကို "ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး"အဆင့်အထိ တိုးမြှင့်နိုင်ခဲ့ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်၏ မူဘောင်များနှင့်အညီ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုကို အခြေခံပြီး နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုများကို ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**အပြန်အလှန်ယုံကြည်မှုကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ခဲ့**

နှစ်နိုင်ငံ အဆင့်မြင့်ခေါင်းဆောင်များ၏ အပြန်အလှန်ခရီးစဉ်များသည် နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ ဥပမာအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ဟွမ်ခွင်းမင်၏ ဇူလိုင်လအတွင်းက မြန်မာနိုင်ငံခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီ၏ " The Governance of China" (မြန်မာဘာသာပြန်) စာအုပ် စတင်ထုတ်ဝေသည့်အခမ်းအနားကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး စာပေမှတစ်ဆင့် ပြည်သူချင်း ဆက်ဆံရေးနှင့် နားလည်မှုတို့ကိုလည်း မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ မိမိကိုယ်တိုင်လည်း မကြာမီရက်ပိုင်းအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများကို တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် အခြားနယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဒေသတွင်းနိုင်ငံများနှင့်ပါ ချိတ်ဆက်မှု တိုးမြှင့်နိုင်ရေး ဆွေးနွေးခွင့်ရရှိခဲ့ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အကြီးမားဆုံး စီးပွားရေးမိတ်ဖက်နိုင်ငံအဖြစ်နှင့် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းထားနိုင်ခဲ့သည်ကို အထူးကျေနပ်အားရမိပါကြောင်း၊ ထိုသို့ ကောင်းမွန်သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အနာဂတ်တွင်လည်း မြန်မာ-တရုတ်စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကြီးအောက်တွင် ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ပါကြောင်း။

**အထူးကျေးဇူးတင်ရှိ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစရှိသည့်ကဏ္ဍများတွင် အကူအညီများစွာ ပေးအပ်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ပြည်သူများနှင့် အစိုးရကိုယ်စား မိမိအနေဖြင့် အထူးကျေးဇူးတင်ရှိကြောင်းကိုလည်း အခွင့်ကြုံခိုက် ပြောကြားလိုပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် မြန်မာနိုင်ငံအတွက်သာမက မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများအတွက်လည်း အရေးပါလှပါကြောင်း။

ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရန် မိမိတို့အစိုးရ၏ ကြိုးပမ်းအားထုတ်မှုမှာ ဒေသတွင်းသာမက နိုင်ငံတကာ အသိုက်အဝန်းမှာပါ တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် အားပေးထောက်ခံမှုများအတွက်လည်း များစွာ တန်ဖိုးထားသည်ကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် (၆၉)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း ဂုဏ်ပြုအခမ်းအနားတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ထပ်လောင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က (၆၉)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း ဂုဏ်ပြုကိတ်မုန့်ကို အတူတကွ လှီးဖြတ်ပေးကြပြီး အခမ်း အနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အနုပညာရှင်များ၏ ရိုးရာယဉ်ကျေးမှု၊ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး အနုပညာရှင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် တက်ရောက်လာကြသူများကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က (၆၉)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**




**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်လာကြသူများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် ဇနီးနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ အခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❄ *ကျောဖုံးမှ*

ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Patrick Berndon Chugg၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် မြန်မာနိုင်ငံ မသန်စွမ်းအမျိုးသမီးအသင်းမှ တာဝန်ရှိသူများ၊ ဖိုရမ်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးသည့် Department for International Development (DFID) အကြီးအကဲ Dr. Gail Marzetti နှင့် တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ရောက်ရှိမည်**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများတွင် ပြုလုပ်ခဲ့သည့် သုတေသနမှတ်တမ်းများအရ မသန်စွမ်းသူများသည် ၎င်းတို့၏ နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အတားအဆီးများကြောင့် လူ့အခွင့်အရေးများကို အများနည်းတူရရှိခံစားနိုင်ခြင်း မရှိသည့်အပြင် လူမှုစီးပွားဘဝကဏ္ဍစုံတွင်လည်း သန်စွမ်းသူများနှင့် နှိုင်းယှဉ်ကြည့်လျှင် သိသာထင်ရှားသည့် ကွာဟချက်များစွာရှိသည်ကို တွေ့ရှိရပါကြောင်း၊ မသန်စွမ်းသူများ ရင်ဆိုင်နေရသည့် ဆင်းရဲနွမ်းပါးမှုအပါအဝင် ကွာဟချက်များကို လျှော့ချနိုင်မှ မသန်စွမ်းသူများအားလုံးအကျုံးဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုအလေးထားဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ယင်းနောက် ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)ကို လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ(၂၀၁၇)ကို လည်းကောင်း၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၁၆-၂၀၂၅)ကိုလည်းကောင်း အတည်ပြု ချမှတ်နိုင်ခဲ့ပါကြောင်း။

အမျိုးသားကော်မတီအစည်းအဝေးများကို ၂၀၁၇ ခုနှစ်တွင် (၁)ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် (၁)ကြိမ် ကျင်းပခဲ့ပြီး လုပ်ငန်းကော်မတီအစည်းအဝေးနှင့် မသန်စွမ်းရန်ပုံငွေတစ်ရပ် ထူထောင်ရေးနှင့် ပတ်သက်သည့် အစည်းအဝေးများကိုလည်း ၂၀၁၈ ခုနှစ်အတွင်း၌ (၁)ကြိမ်စီ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေးများမှ မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းမှုအလိုက် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ရက် ၁၀၀ လုပ်ငန်းစီမံချက်အရ ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူများဆိုင်ရာ ကွန်ဗင်းရှင်းများကို အမြင်အာရုံချို့ယွင်းမသန်စွမ်းသူများ လက်လှမ်းမီသိရှိနိုင်ရေးအတွက် မျက်မမြင်စာနှင့် ပုံနှိပ်ထုတ်ဝေခြင်း၊ အမြင်အာရုံ ချို့ယွင်းမသန်စွမ်းသူများအတွက် မျက်မမြင်အနိုပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြားအာရုံ ချို့ယွင်းမသန်စွမ်းသူများအတွက်လည်း နားမကြားသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ခွင့်သေချာစေရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး အကျိုးရလဒ်အဖြစ် အမျိုးသမီးနှင့် မသန်စွမ်းသူများဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ဥပဒေတို့ကို လက်သင်္ကေတပြ ဘာသာစကားနှင့် ပြုစုထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အကြားအာရုံ ချို့ယွင်းမသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း ဆက်သွယ်ပြောဆိုနိုင်ရန်အတွက် အထောက်အကူပြုစေမည့် လက်သင်္ကေတပြ ဘာသာစကား တတ်ကျွမ်းသည့် စကားပြန်များ မွေးထုတ်ပေးရန်အပြင် လက်သင်္ကေတပြ ဘာသာစကား ကူညီပံ့ပိုးသူများသင်တန်းတို့ကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း။

ကိုယ်အင်္ဂါ ချို့ယွင်းမသန်စွမ်းသူများအတွက် အလုပ်အကိုင်ဖန်တီးပေးရေး ရည်ရွယ်ပြီး မှိုစိုက်ပျိုးရေးအသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးသည့်အပြင် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူတတ်မြောက်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိနိုင်ရန် မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ မြန်မာနိုင်ငံရှိ အလုပ်ရှင်များအတွက် လက်စွဲစာအုပ်ကိုလည်း ပြုစုလျက်ရှိပါကြောင်း။

**ငွေကြေးထောက်ပံ့ပေးနိုင်**

နည်းပညာခေတ်နှင့်အညီ ဉာဏ်ရည်ချို့ယွင်းမသန်စွမ်းသူအပါအဝင် မသန်စွမ်းသူများ နည်းပညာ၏ အကူအညီဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု ပိုမိုမြင့်မားစေရန်၊ သတင်းအချက်အလက်တို့ကို လက်လှမ်းမီသိရှိနိုင်စေရန် Information, Communication, Technology Training Center ကို ဖွင့်လှစ်ပြီး သင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း၊ ထို့ပြင် မသန်စွမ်းသူများကို ငွေကြေးထောက်ပံ့ပေးမှုအဖြစ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ၁၂၈၅၅ ဦး၊ ၂၀၁၈-၂၀၁၉ (၆)လဘတ်ဂျက်တွင် ၁၂၁၂၉ ဦးကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ မသန်စွမ်းမှုနှင့် ဆက်စပ်သည့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေပြီး မိုင်းဒဏ်သင့် ပြည်သူများကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ကချင်ပြည်နယ်တွင် ၁၁၂ ဦး၊ ကယားပြည်နယ်တွင် ၁၆ ဦး၊ ကရင်ပြည်နယ်တွင် ၃၉ ဦး၊ ရှမ်းပြည်နယ်တွင် ၈၅ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၆၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၈၆ဦး စုစုပေါင်း ၄၀၀အတွက် ငွေကြေးထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

ယနေ့အချိန်တွင် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲ၌ မြန်မာနိုင်ငံက အဆိုပြုခဲ့သည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကတိကဝတ် (၇)ချက်ကို မိတ်ဆက်အသိပေးရန် မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရာတွင် လိုအပ်သည့် အချက်များကို ရှာဖွေဖော်ထုတ်ရန် စသည့်ရည်ရွယ်ချက်များနှင့် ကျင်းပပြုလုပ်ခြင်း ဖြစ်ပါကြောင်း။

ယနေ့ပြုလုပ်သည့် ဖိုရမ်တွင် သက်ဆိုင်ရာ နယ်ပယ်အသီးသီးက ကျွမ်းကျင်သူများအနေဖြင့် မသန်စွမ်းသူများအတွက် အလုပ်အကိုင်၊ လူတိုင်းအကျုံးဝင်ပညာရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေတို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

**မသန်စွမ်းသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ခွင့်**

မသန်စွမ်းသူများ၏ အကျုံးဝင်ပါဝင်မှုဆိုသည်မှာ သီးသန့်အစီအစဉ်နှင့် ထောက်ပံ့ပေးခြင်းမဟုတ်ဘဲ မသန်စွမ်းသူများကိုယ်တိုင် လက်လှမ်းမီပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိခြင်း ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို အောင်မြင်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ၂၀၃၀ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ မည်သူမျှ နောက်ကျမကျန်စေရေးဆိုသည့် အခြေခံမူကို ပြည့်မီနိုင်မည့် မှန်ကန်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် ဖိုရမ်သည် မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ အကျုံးဝင်သည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖော်ဆောင်ရေးအတွက် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Patrick Berndon Chugg က အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံ မသန်စွမ်းအမျိုးသမီးအသင်းနှင့် မသန်စွမ်းသူများအား ကူညီပံ့ပိုးပေးသည့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ပြီး အခမ်းအနားပထမပိုင်းကို ရပ်နားသည်။

ဖိုရမ်ပထမပိုင်းအပြီးတွင် ဒုတိယသမ္မတသည် ကချင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများကြောင့် နေရာပြောင်းရွှေ့ခြင်းခံရသော မသန်စွမ်းသူများ၏ဘဝ ပိုမိုတိုးတက်ရေးစီမံကိန်းမှတ်တမ်းများနှင့် မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသူများ၏ လူနေမှုဘဝဓာတ်ပုံများအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဖိုရမ်ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ Social Policy and Poverty Research Group (SPPRG) မှ နည်းပညာအကြံပေး ဒေါက်တာအောင်နိုင်နှင့် မြန်မာနိုင်ငံ မသန်စွမ်းအမျိုးသမီးအသင်းဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အေးမောင်တို့က ဆွေးနွေးမည့်ကဏ္ဍများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အလုပ်အကိုင်ကဏ္ဍတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အတွင်းရေးမှူး ဦးမြတ်သူဝင်းက ဦးဆောင်ဆွေးနွေးပြီး Mrs. Vicky Bowman၊ ဒေါ်ဝါဝါကြွယ်၊ ဒေါ်ခင်မျိုးစုနှင့် ဒေါ်မြတ်သာထွေးတို့က လည်းကောင်း၊ လူတိုင်းအကျုံးဝင်ပညာရေးကဏ္ဍတွင် မြန်မာနိုင်ငံ အမျိုးသမီး မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အေးမောင်က ဦးဆောင်ဆွေးနွေးပြီး ဒေါက်တာမေစန်းရီ၊ ဦးထာအုပ်၊ ဒေါ်အေးသဥ္ဇာမောင်နှင့် ဒေါ်စုစုမာတို့က လည်းကောင်း၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေကဏ္ဍတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆက်အောင်က ဦးဆောင်ဆွေးနွေးပြီး ဦးနေထွန်း၊ ဒေါက်တာကိုကိုဦး၊ ဦးကျော်ဝင်းထွဋ်နှင့် ဒေါ်ဖြူလဲ့လဲ့ထွန်းတို့ကလည်းကောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင် Social Policy and Poverty Research Group (SPPRG) မှ နည်းပညာအကြံပေး ဒေါက်တာအောင်နိုင်က ဦးဆောင်ဆွေးနွေးပြီး ဒေါက်တာကေသီကျော်၊ ဦးဇော်လင်းထွန်း၊ ဦးသိန်းဟန်နှင့် ဦးအောင်ကျော်စိုးတို့က ဆွေးနွေးကြကာ မြန်မာနိုင်ငံ အမျိုးသမီးမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အေးမောင်နှင့် Social Policy and Poverty Research Group (SPPRG)မှ နည်းပညာအကြံပေး ဒေါက်တာအောင်နိုင်တို့က ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အတွင်းရေးမှူး ဦးမြတ်သူဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး ဖိုရမ်ဒုတိယပိုင်းကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖိုရမ်တွင် အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ သတင်းအချက်အလက်နည်းပညာ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် မိုင်းအန္တရာယ်အသိပညာပေးရေးကဏ္ဍတို့၌ ကျွမ်းကျင်သူများက မသန်စွမ်းသူများ အကျုံးဝင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပြည့်စုံကျယ်ပြန့်သော မူဝါဒများနှင့် နည်းလမ်းများကို လေ့လာရန်နှင့် ပြည့်စုံသောသုတေသနပြုမှုတို့ကို အလေးထား ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နေရာပြောင်းရွှေ့ခြင်းခံရသော မသန်စွမ်းသူများ၏ဘဝ ပိုမိုတိုးတက်ရေးစီမံကိန်း မှတ်တမ်းများနှင့် မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသူများ၏ လူနေမှုဘဝ ဓာတ်ပုံများအား ကြည့်ရှုစဉ်။** သတင်းစဉ်

# ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ကျပ် ၆၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၆ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀အထိပါ တစ်ဘူးရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၄ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၉ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၁၀၀၁ ကျပ် နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၁ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၅၀ ပြား |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ % |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ % |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ % |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၂၂ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၆ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၀၉ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၅၃ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၉၇ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၃၄၁ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၀၆ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ကျပ်မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၉၄ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ကျပ်မှ ကျပ်၁၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၈၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ကျပ်မှ ကျပ်၁၄၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၁၆၉ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ်မှ ကျပ်၁၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၇၈ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၇၀၀၁ ကျပ်မှ ကျပ် ၂၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၀၉ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၀၁ ကျပ်မှ ကျပ် ၂၃၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၄၁ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၃၀၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၉၇၂ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်မှ ကျပ် ၂၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၇၀၃ ကျပ် |
| | (တ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၉၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏၆၀% |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ်၇၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ % |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ % |
| ၁၂ | ကျောက်စိမ်းအရိုင်းထည်များ။ | | ၁၅ % |
| ၁၃ | စိန်နှင့် မြမှ အပ ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်း ထည်များ။ | | ၁၀ % |
| ၁၄ | စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာ အချောထည်များ၊စိန်နှင့်မြမှ အပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့်ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့်အခြားအဖိုး တန်ကျောက်မျက်ရတနာ အချောထည်များ။ | | ၅ % |
| ၁၅ | (က)Double Cab 4 Door Pickup မှ အပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိဗင်ကား များ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ % |
| | (ခ)Double Cab 4 Door Pickup မှ အပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ % |
| | (ဂ)Double Cab 4 Door Pickup မှ အပ ၄၀၀၁CCနှင့် အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon)ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ % |
| ၁၆ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ % |
| ၁၇ | သဘာဝဓာတ်ငွေ့။ | | ၈ % |

*(ဆက်လက်ဖော်ပြပါမည်)*

# ခရီးသွားလောကမှာ ဗီဇာကင်းလွတ်ခွင့်ပေးတယ်ဆိုတဲ့မူဝါဒကို တခြားနိုင်ငံတွေမှာ ကျင့်သုံးနေကြပြီ

ဒေါ်ခင်သန်းဝင်း

## ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ပတ်သက်၍ "နိုင်ငံစီးပွားခရီးသွားဖြင့် ကြီးပမ်းတိုးမြှင့်ကမ္ဘာအဆင့်" ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ပတ်သက်၍ "နိုင်ငံစီးပွားခရီးသွားဖြင့် ကြီးပမ်းတိုးမြှင့်ကမ္ဘာအဆင့်" ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၊ ဒေါ်မေမြတ်မွန်ဝင်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း)၊ ဦးခင်ဇော် (အကြံပေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်)၊ ဦးသက်လွင်တိုး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း)နှင့် ဦးအောင်မျိုးမင်းဒင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း) တို့က ပါဝင်ဆွေးနွေးကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဆက်လက် ဖော်ပြအပ်ပါသည်။**

**အစီအစဉ်မှူး ။ ။** ဒုတိယပိုင်းမှာ ပြည်ထောင်စုဝန်ကြီးရဲ့ အဖွင့်စကားနဲ့အတူ စီးပွားရေးစကားဝိုင်း အစီအစဉ်ကို စတင်ဖွင့်လှစ်ပေးပါဦး။

**ပြည်ထောင်စုဝန်ကြီး ။ ။** ကျွန်တော်တို့ ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဗဟိုကော်မတီ အစည်းအဝေးသုံးကြိမ် ခေါ်ပြီးပါပြီ။ အဲဒီလိုသုံးကြိမ် ခေါ်တဲ့အခါမှာလည်း လတ်တလောခရီးသွားလုပ်ငန်းမှာ ကြုံတွေ့နေရတဲ့ပြဿနာ၊ အခက်အခဲတွေ၊ ဆောင်ရွက်သင့်တာတွေ ဝိုင်းဝန်းပြီး လုပ်ဆောင်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေကိုပါ ဖိတ်ပြီးတော့ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းတွေ ပါဝင်ညှိနှိုင်းဖော်ဆောင်ကြပြီး ဘာတွေဆက်လုပ်ကြရမလဲဆိုတာ စီစဉ်ချမှတ်ထားတာရှိပါတယ်။ အဲဒီလို ချမှတ်ထားတာနဲ့ပတ်သက်လို့ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်တဲ့ ဦးသက်လွင်တိုးကနေပြီး မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတွေစီစဉ်ထားတယ်၊ ဘာတွေ လုပ်ဆောင်သွားမယ် ဘယ်လိုစိတ်ကူးထားတယ်ဆိုတာပြောပြပါ။

**ဦးသက်လွင်တိုး ။ ။** ကျွန်တော်တို့ Tour Operator တွေနဲ့ ဖွဲ့စည်းထားတဲ့ ခရီးသွားလုပ်ငန်းရှင်များအသင်းကတော့ ကိုယ့်ဆီကို ဧည့်သည်တွေလာတဲ့အခါမှာ ဈေးကွက်အလိုက် Value Service ဖြစ်အောင် အဓိက လုပ်ပေးရပါတယ်။ တန်ရာတန်ကြေး Service ပေးနိုင်အောင် ဟိုတယ်အသင်းနဲ့ စားသောက်ဆိုင်လုပ်ငန်းရှင်တွေကလည်း သူတို့ကဏ္ဍအလိုက် Service Provider အပိုင်းက ပြင်ဆင်ထားရသလို အခုလည်း ကျွန်တော်တို့ Promotion လုပ်တဲ့အခါမှာ တစ်ဖက်က ဒေါ်မေမြတ်မွန်ဝင်းတို့အသင်းက ကမ္ဘာတစ်ဝန်းမှာသွားပြီး ဈေးကွက်ရှာသလို ကျွန်တော်တို့တွေလည်း နှစ်ပေါင်း (၂၀)၊(၂၅) မက ရှေ့ပိုင်းမှာ ကိုယ့်ကုမ္ပဏီလူသိဖို့ထက် မြန်မာနိုင်ငံကို သိအောင်လုပ်ခဲ့ရပါတယ်။ သိလာလို့ လာတဲ့လူတွေကို ကျွန်တော်တို့ Service ပေးရတယ်။

ဈေးကွက်တွေက ဒီနေ့ကမ္ဘာမှာ ပြောင်းလဲလာပါပြီ။ အရင်လို Package Tour တွေချည်းပဲ Tour ကုမ္ပဏီတွေနဲ့ မှီပြီးလာတာမဟုတ်တော့ဘဲနဲ့ B to C တိုက်ရိုက်ဝင်လာကြတယ်။ ဟိုတယ်တွေလည်း တိုက်ရိုက် booking နဲ့ဝင်လာကြတယ်ဆိုတော့ ဒါက ကျွန်တော်တို့ရဲ့ စိန်ခေါ်မှုပါ။ အခုချိန်မှာ ဘယ်လိုပဲလာလာ၊ စဉ်ဆက်မပြတ် ဧည့်သည်တွေလာဖို့၊ ပိုမိုသိဖို့လုပ်ရမှာက Tourism Industry မှာရှိတဲ့ Stakeholder တွေ အားလုံးရဲ့တာဝန်ပါ။ အစိုးရတစ်ခုတည်း အားထားလို့မရဘူး။ ပူးပေါင်းရမယ်။ ဒါကြောင့်မို့ ဒီကဏ္ဍမှာ Look East Policy ကို ဝန်ကြီးဌာနကနေ လက်ရှိကျင့်သုံးနေတဲ့ အခြေအနေလေးကို ဒေါ်ခင်သန်းဝင်းအနေနဲ့ ပြောပြဆွေးနွေးပေးစေချင်ပါတယ်။

**ဒေါ်ခင်သန်းဝင်း ။ ။** ခရီးသည်တစ်ယောက်အတွက် နိုင်ငံတစ်နိုင်ငံက တစ်နိုင်ငံကိုသွားတဲ့ အခါမှာ Visa ရယူဖို့အတွက် အချိန်တွေ အများကြီးပေးရရင် အဲဒီနိုင်ငံကို မသွားချင်ကြတော့ဘူး။ ဒါကြောင့်မို့ ခရီးသွားလောကမှာ Visa ကင်းလွတ်ခွင့်ပေးတယ်ဆိုတဲ့မူဝါဒကို တခြားနိုင်ငံတွေမှာ ကျင့်သုံးနေကြပြီ။

မြန်မာနိုင်ငံအနေနဲ့လည်း Visa Free ပေးဖို့ ကျွန်မတို့ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်တဲ့၊ ဆက်စပ်တဲ့ဝန်ကြီးဌာနတွေရဲ့ ဝန်ကြီးတွေနဲ့ တိုင်ပင်ဆွေးနွေးပြီးတော့၊ အကြိမ်ကြိမ်အစည်းအဝေးလုပ်ပြီးတဲ့အခါမှာ အာဆီယံရဲ့ မိတ်ဖက်နိုင်ငံတွေဖြစ်တဲ့ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေက ခရီးသည်တွေကို Visa Free ပေးပါ့မယ်။ ပြီးတော့ တရုတ်၊ ဟောင်ကောင်နဲ့ မကာအိုတို့က သာမန်နိုင်ငံကူးလက်မှတ်ကိုင်ထားတဲ့သူတွေကို Visa On Arrival ပေးပါ့မယ်ဆိုပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကြေညာထားပြီး ဖြစ်ပါတယ်။

သို့သော်လည်း အဲဒီမှာ တချို့သောအချက်များက ညှိနှိုင်းရမှာဖြစ်တဲ့အတွက်ကြောင့် ဒီထက်ပိုပြီး ပွင့်လင်းမြင်သာပြီး ဖြေလျှော့မှုရှိတဲ့ Regulation တစ်ခုကို ထပ်ထုတ်မယ်လို့ သိရပါတယ်။ ခုနက Policy တွေကိုတော့ အောက်တိုဘာလ ၁ ရက်နေ့မှာ စတင်မှာဖြစ်ပါတယ်။ အခုချိန်မှာဆိုရင် တရုတ်နိုင်ငံကို Visa On Arrival မပေးသေးသော်လည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံကို လာရောက်မှုက အခုဆိုရင် ဇန်နဝါရီကနေ ဇူလိုင်လအထိ ၃၄ ရာခိုင်နှုန်းအထိ မြင့်တက်နေပါတယ်။

တရုတ်နိုင်ငံသားတွေက သူတို့နိုင်ငံတွင်းမှာသာမက ကျွန်မတို့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့အခါမှာ စင်းလုံးငှား လေယာဉ်တွေနဲ့ လာကြတာရှိပါတယ်။ ဒါ့အပြင် Schedule Flight တွေနဲ့ လာကြတာရှိပါတယ်။ ဒါကြောင့်မို့ တရုတ်ခရီးသွားတွေကို Visa On Arrival ပေးပြီးတော့ ဂျပန်နဲ့ တောင်ကိုရီးယားကို Visa Free ပေးခြင်းဟာ Look East Policy ဖြစ်တယ်။ အောက်တိုဘာလ ၁ ရက်မှာဆိုရင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ နေပြည်တော် လေဆိပ်တွေမှာ လာလည်တဲ့ခရီးသွားဧည့်သည်တွေကို အခမ်းအနားနဲ့ ကြိုဆိုဖို့အစီအစဉ်တွေလည်း လုပ်ထားပါတယ်။ အရှေ့ကိုမျှော်တဲ့ ပေါ်လစီကို ကျင့်သုံးပြီးတဲ့အခါမှာ အနောက်ဥရောပနိုင်ငံတွေကလည်း မြန်မာနိုင်ငံကို ပိုမိုလာရောက်ဖို့ Look West Policy ကို ကျင့်သုံးဖို့အတွက် ခရီးသွားလုပ်ငန်းရှင်များအသင်းကနေ အကြံပြုလိုတယ်လို့လည်းသိရပါတယ်။

**ဦးသက်လွင်တိုး ။ ။** ကျွန်တော်တို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကလည်း ကော်မတီ (၆) ရပ်နဲ့ ကိုရီးယား၊ ဂျပန်၊ တရုတ် Tourism Development Committee တွေရှိတယ်။ ဒေါ်မေမြတ်မွန်ဝင်းကလည်း Europe နဲ့ ပတ်သက်ပြီး လုပ်နေပြီဆိုတော့ ဒါတွေဟာ တကယ်လည်း လိုအပ်ပါတယ်။ နှစ်ပေါင်း ၂၀၊ ၃၀ လောက်က အနောက် နိုင်ငံတွေက အဓိက Value Tourists တွေနဲ့ မြန်မာနိုင်ငံဟာ လူသိထင်ရှားခဲ့တာပါ။ အခုချိန်မှာ စဉ်ဆက်မပြတ်လည်း ဆက်လုပ်ရမယ်။ လုပ်ရတဲ့အခါ အခု ကာလတိုတစ်ခုမှာတော့ စမ်းသပ်ကာလအဖြစ် Look East Policy မှာ နိုင်ငံသုံးနိုင်ငံကို Visa ဖြေလျှော့တယ်။ အနောက်နိုင်ငံတွေထဲမှာလည်း စာရင်းအရဆိုရင် (၁၂) နိုင်ငံထဲမှာ နံပါတ် (၁) က အမေရိက၊ ပြီးတော့ ပြင်သစ်၊ ဂျာမနီ၊ စပိန်နဲ့ အီတလီတို့ရှိသလို နယူးဇီးလန်နဲ့ ဩစတြေးလျ Group က မနှစ်က

> **"မြန်မာနိုင်ငံအနေနဲ့လည်း Visa Free ပေးဖို့ ကျွန်မတို့ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်တဲ့၊ ဆက်စပ်တဲ့ဝန်ကြီးဌာနတွေရဲ့ ဝန်ကြီးတွေနဲ့ တိုင်ပင်ဆွေးနွေးပြီးတော့၊ အကြိမ်ကြိမ်အစည်းအဝေးလုပ်ပြီးတဲ့အခါမှာ အာဆီယံရဲ့မိတ်ဖက်နိုင်ငံတွေဖြစ်တဲ့ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေက ခရီးသည်တွေကို Visa Free ပေးပါ့မယ်။ ပြီးတော့ တရုတ်၊ ဟောင်ကောင်နဲ့ မကာအိုတို့က သာမန်နိုင်ငံကူးလက်မှတ်ကိုင်ထားတဲ့သူတွေကို Visa On Arrival ပေးပါ့မယ်ဆိုပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကြေညာထားပြီးဖြစ်ပါတယ်"**




စုစုပေါင်းခရီးသွား (၁ ဒသမ ၃) မီလီယံဝင်တဲ့အခါမှာ ၃၉ ရာခိုင်နှုန်းလောက်ရှိတယ်။ ဈေးကွက်ဝေစုအနေနဲ့ ဆက်တက်ဖို့ မျှော်လင့်ပေမယ့် အကြောင်းကြောင်းကြောင့် နှေးကွေးသွားတဲ့အချိန်မှာ စဉ်ဆက်မပြတ်လုပ်ခဲ့တာထက် Visa တွေ ဖြေလျှော့တဲ့ကိစ္စမှာ ဒီထဲက Arrival ပေါ် မူတည်ပြီး criteria တစ်ခုနဲ့ ဖြစ်သင့်တဲ့ နိုင်ငံတချို့ကို စမ်းသပ်ကာလတစ်ခုမှာ ပေးသင့်တယ်လို့ ဆွေးနွေးလိုပါတယ်။

**ပြည်ထောင်စုဝန်ကြီး ။ ။** အဲဒီဟာကကျွန်တော်ခုနက ဆွေးနွေးခဲ့တဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့အတွက် ဆောင်ရွက်တဲ့အဖွဲ့ငါးဖွဲ့၊ အမှန်တကယ်က ပြည်တွင်းခရီးသွားအတွက် အဖွဲ့တစ်ဖွဲ့ရှိပါတယ်။ အဲဒီဟာက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့အတွက်၊ ခရီးသွားလုပ်ငန်းဈေးကွက် မြှင့်တင်ရေးအတွက် အရေးကြီးပါတယ်။ ခုနက ဦးသက်လွင်တိုး ပြောသွားတဲ့ ရေခံတာ၊ ရေသွယ်၊ ရေရှာတာတို့ပါ၊ အခု ရေရှာတဲ့အပိုင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့က ဘာတွေလုပ်နေသလဲ ဆိုတာ ဒေါ်မေမြတ်မွန်ဝင်းက ပြည်သူတွေသိအောင် ပြောပြဆွေးနွေးပေးပါ။

**ဒေါ်မေမြတ်မွန်ဝင်း ။ ။** ခုနက ဦးသက်လွင်တိုးက ရေကောင်းရေသန့် များများရှာဖို့ ပြောထားပါတယ်။ ကျွန်မတို့ Traditional Marketing လည်း တစ်ဖက်က လုပ်နေသလို ကျွန်မတို့ ခေတ်နဲ့အညီ Digital Marketing ကိုလည်း Parallel ဆောင်ရွက်နေပါတယ်။ Traditional Marketing ကတော့ B to B ဖြစ်တဲ့ Trade Show တွေ၊ Travel Show တွေ၊ Road show တွေ ဒီနှစ်ဆို ၁၉ ခုအတွက်ပေါ့၊ အဲဒီအတွက်ကို Plan လုပ်ပြီးတော့ Target ဈေးကွက်တွေကို သွားဖို့ စီစဉ်ထားပါတယ်။ စီစဉ်ထားသလိုပြီးခဲ့တဲ့ (၁၀) နှစ်နဲ့ (၁၅) နှစ်အတွင်းမှာ တစ်ကမ္ဘာလုံးက လူတွေရဲ့ Life Style က ပြောင်းလဲသွားတယ်။ အင်တာနက်နဲ့ နည်းပညာတွေရဲ့ ပြောင်းလဲတိုးတက်မှုအရ ဈေးဝယ်တဲ့ Life Style တွေ၊ trans - တွေ၊ Daily life ကအစ အားလုံး transform ဖြစ်သွားပြီး အားလုံးက Digital ပေါ်ကို ရောက်လာကြတာကို တွေ့ကြရမှာပါ။

အခုတောင်မှပဲ အားလုံးက မိုးလင်းလို့ အိပ်ရာကနိုးရင် အကုန်လုံးက နီးတဲ့ဖုန်းကိုဆွဲပြီးတော့ ကြည့်ကြတဲ့သူ၊ Facebook နဲ့ မျက်နှာသစ်တဲ့သူက ၉၅ ရာခိုင်နှုန်းလောက်ရှိမယ်လို့တော့ ကျွန်မထင်ပါတယ်။ News တွေအားလုံးက ဒီအပေါ်မှာ Update ရှိနေတာ ဆိုတော့ ကိုယ်အိပ်နေတဲ့အချိန်မှာ ဘာဖြစ်သွားလဲဆိုတာ သိချင်တော့ တစ်ကမ္ဘာလုံးမှာ ဖြစ်နေတဲ့ အဖြစ်အပျက်တွေ၊ သတင်းတွေ၊ Update အကုန်လုံးက ဒီ Online မှာ ရှိနေတယ်။ ကျွန်မတို့ရဲ့ customer တွေက online မှာရှိနေတဲ့အခါကျတော့၊ ကျွန်မတို့ရဲ့ ဒီဘက်က marketing effect တွေ အားလုံးဟာ Mobile ရဲ့ ဟိုဘက်မှာရှိတဲ့ Customer တွေနဲ့ အမြဲတမ်းဆက်သွယ်နေရတဲ့အတွက်ကြောင့် destination တွေ၊ tourism vote တွေ၊ အားလုံးဟာ တကယ့်ကို အပြိုင်အဆိုင်ပေါ့၊ သူတို့တွေရဲ့ marketing strategy ဆိုပြီးတော့ Digital Marketing ကို Digital ကို ထိပ်ဆုံးမှာ တင်ပါတယ်။ Digital လို့ ပြောတဲ့အခါမှာ technology နဲ့ technology plus story telling ပါ။ technology အပိုင်းကျတော့ သူတို့ရဲ့ နည်းပညာတွေရှိပါတယ်။ သွားချင်တဲ့ Market ကို ဘယ်စနစ်တွေနဲ့ ဘယ်လိုမျိုးတွေနဲ့ သွားမယ်ဆိုတာ တကယ် Very technical ဖြစ်ပါတယ်။ နည်းပညာတွေ အသုံးပြုတယ်။ ဒါပေမယ့် သွားတဲ့အခါမှာ ဘာပြောမှာလဲ၊ ကျွန်မတို့ သွားချင်တဲ့ Market ကို ဘယ်လို Story တွေ ပေးမှာလဲဆိုတာ အရေးကြီးပါတယ်။ Content နဲ့ Story ဟာ အရေးကြီးပါတယ်။

အခုဆိုရင် ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်၊ ဦးဆောင်မှုနဲ့ ကျွန်မတို့ Digital Marketing Committee ဖွဲ့ထားပါတယ်။ တစ်လလောက်ပဲ ရှိပါသေးတယ်။ အဲဒီမှာ ကျွန်မတို့ Advisory Board ရယ်၊ Think Tank ဆိုပြီး ရှိပါတယ်။ Think Tank က အရေးကြီးပါတယ်။ Think Tank က ကျွန်မတို့ Private ဘက်က IT ပညာရှင်တွေနဲ့ ကျွန်မတို့ Marketing ဘက်က Story Teller တွေ၊ Customer တွေကို စဉ်ဆက်မပြတ် ပုံပြင်ကောင်းတွေ၊ စိတ်ဝင်စားဖို့ကောင်းတဲ့ ပုံပြင်တွေ ပြောနေမယ့် လူတွေနဲ့ပေါင်းပြီးတော့ ဖွဲ့ထားတဲ့ Think Tank တစ်ဖွဲ့ရှိပါတယ်။

Digital Marketing Committee ကနေပြီးတော့ ကျွန်မတို့ ပြောချင်တဲ့ Message တွေကို တကယ်ပို့ချင်တဲ့ Channel တွေအများကြီးရှိတယ်။ vehicle တွေ အများကြီးရှိတယ်။ platform တွေက vehicle တွေဖြစ်ပါတယ်။ google app တွေ၊ trip advisor တို့၊ အခု တရုတ် Market ဆိုရင်လည်း BAT လို့ခေါ်တဲ့ platform တွေ၊ ဒီ platform ပေါင်းစုံကနေ ပို့ဖို့ဆိုပြီးတော့ ကျွန်မတို့ စီစဉ်နေကြပါတယ်။

New Tourism Brand ဖြစ်တဲ့ စွဲမက်ဖွယ်ရာ ပြည်မြန်မာစပြီး launch လုပ်တဲ့အခါမှာလည်း တစ်ပြိုင်နက် Digital campaign ကို စပြီး Run မှာ ဖြစ်ပါတယ်။ ဒီမှာ အရေးကြီးတာတွေက ဘာတွေလဲဆိုတော့ Story တွေကို ဘယ်လိုပြောမလဲပေါ့။

**ပြည်ထောင်စုဝန်ကြီး ။ ။** အဲဒီလို Story ပြောတဲ့အခါမှာ တရုတ်ဆို တရုတ်လိုပြောမယ်။ ဂျပန်ဆို ဂျပန်လိုပြောမယ်။ ကိုရီးယားဆို ကိုရီးယားလို ပြောမယ် စသည်ဖြင့် နိုင်ငံအလိုက်၊ သူတို့ ဘာသာစကားနဲ့ Story Telling ကို လုပ်မယ်။ အဲဒီလို Story Telling ကလည်း မြန်မာနိုင်ငံကိုလာရင် ဘာတွေသိရှိခံစားရမယ်ဆိုတဲ့ Story ကို ဘာသာရပ်အလိုက် ပြောဖို့တော့ လိုပါတယ်။

**ဒေါ်မေမြတ်မွန်ဝင်း ။ ။** ဟုတ်ပါတယ်ရှင့်၊ တရုတ်ဆို တရုတ်လို သူတို့ရဲ့ expatriation ပေါ့၊ ဂျပန်ဆိုလည်း ဂျပန်လို၊ အဲဒီမှာလည်း Japan market ကို target ထားတာမှာ ဂျပန်လူမျိုးတွေရဲ့ expatriation နဲ့ သူတို့တွေရဲ့ need ပေါ့၊ အဲဒါတွေက နည်းနည်းလေးတော့ ကွဲနေတယ်။ ကျွန်မတို့ target ထားတဲ့ Customer group တွေကို မူတည်ပြီးတော့လည်း ပေးချင်တဲ့ အကြောင်းအရာကလည်း နည်းနည်းပြောင်းလဲသွားနိုင်ပါတယ်။ အရေးကြီးတာက Video တွေပါ၊ generalize ဖြစ်တဲ့ Video ရော၊ နောက်တစ်ခါ တကယ် သေသေချာချာ target group ကို specific ရိုက်ထားတဲ့ Video တွေလည်း အရေးကြီးပါတယ်။ *စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

အခုနောက်ပိုင်းကျတော့ 360 ဓာတ်ပုံတွေ၊ virtual Tour တွေ၊ အဲဒါတွေလည်း အရေးကြီးပါတယ်။ ဒါတွေကို ကျွန်မတို့ instagram၊ facebook၊ Twitter၊ Youtube တွေမှာ အမြဲတမ်းရှိနေဖို့ပေါ့။ ဒီ affect က တစ်ခါတည်း လုပ်လို့မရဘူး။ အဲဒါကြောင့် ကျွန်မတို့က စဉ်ဆက်မပြတ် Update လုပ်နေရမှာ၊ ပြောတဲ့အခါမှာလည်း ရိုးမသွားအောင်၊ တစ်ခါလာလည်းဒီအကြောင်း၊ နောက်တစ်ခါလာလည်း ဒီအကြောင်း မဟုတ်အောင် ကျွန်မတို့က ဆွဲဆောင်ရမှာပါ။ မြန်မာပြည်မှာ festival တွေ အများကြီးရှိတော့ festival ပြောလို့ရပါတယ်။

ပြီးတော့ ခုနက ပြည်ထောင်စုဝန်ကြီး ပြောသွားတဲ့ နှင်းဖုံးတောင်တန်းတွေ၊ ပြီးတော့ Adventure ခရီးသွားတွေအတွက်ဆို Hiking၊ Trekking၊ Cycling တွေ ဒါမျိုးတွေကို စဉ်ဆက်မပြတ် သတင်းအချက်အလက်ပေးသွားဖို့ စီစဉ်နေပါတယ်။ နောက်တစ်ခါ Mobile App တွေ၊ ဒါတွေကလည်း အရေးကြီးလာတဲ့ အချိန်ဖြစ်လာတဲ့အတွက်ကြောင့် ပြိုင်ရတဲ့အခါမှာ ကိုယ့် Competition ဟာ တခြား Destination တွေ ဖြစ်ပါတယ်။ တခြား Destination တွေကလည်း အားနဲ့ ခွန်နဲ့ လုပ်နေသလို ကျွန်မတို့ကလည်း လုပ်မှဖြစ်မှာပါ။ ဒါကြောင့်မို့ Digital Committee ဖွဲ့ပြီးတော့ Digital Platform ကနေ တစ်ဆင့်စပြီးတော့ ကျွန်မတို့ လုပ်ဖို့ရှိပါတယ်။

**ပြည်ထောင်စုဝန်ကြီး** ။ ။ ဒီနေရာမှာ တစ်ခုက sport tourism ကို introduce လုပ်ဖို့ပါ။ အထူးသဖြင့် မြန်မာနိုင်ငံမှာဆို golf ကွင်းကောင်းတွေရှိတာပဲ။ ဂေါက်ကွင်းအကြောင်းနဲ့ ပတ်သက်ရင် ဦးအောင်မျိုးမင်းဒင်က ပိုပြောပြနိုင်မယ် ထင်တယ်။

**ဦးအောင်မျိုးမင်းဒင်** ။ ။ ကျွန်တော်တို့ အောက်တိုဘာလထဲမှာ မြင်းခြံနားမှာ ဂေါက်ကွင်းတစ်ခုဖွင့်ပါမယ်။ အဲဒီဂေါက်ကွင်းက အရိဇိုးနားက ကွင်းလိုပဲ အရှေ့တောင်အာရှမှာ အဆင့်မီတဲ့ ကွင်းတစ်ကွင်းကို မကြာမီဖွင့်ပါတော့မယ်။ အံ့သြဖို့ ကောင်းပါတယ်။ အဲဒီကွင်းမှာ မြက်ရဲ့ ရေရရှိမှုကြောင့်လားတော့ မသိဘူး၊ အေးနေတာပဲ။ ကျွန်တော်လည်း ဖိတ်တော့သွားရိုက်ဖူးတယ်။ အာဆီယံမှာလည်း ဂေါက်သွားရိုက်ဖူးတယ်။ ဒီလောက် ကျွန်တော်တို့ မပျော်ဘူး။ တော်တော်ကို ကျွန်တော်တို့အတွက် Challenge ဖြစ်တယ်။ Competition တွေအတွက်ဆို မြန်မာနိုင်ငံက တကယ်ကို နိုင်ငံတကာအဆင့်မီတာတွေ ရှိပါတယ်။ မန္တလေးမှာဆိုလည်း မန္တလေးတောင်ခြေဂေါက်ကွင်းက နိုင်ငံတကာ အဆင့်မီတယ်။ ညတောင်ရိုက်လို့ရတယ်။ ရန်ကုန်မှာလည်း ညရိုက်ဂေါက်ကွင်းရှိတယ်။ အဲဒီအပြင် ပုဂံဂေါက်ကွင်းလိုမျိုးဆိုရင် ဂေါက်ရိုက်နေရင်းနဲ့ Temple တွေကို လှမ်းပြီး မြင်နေရတဲ့ View Point လေးတွေ ရှိနေတယ်။ ဒါတွေအကုန်လုံးက နိုင်ငံတကာမှာ ယှဉ်လို့ရပါတယ်။

နောက်တစ်ခုကတော့ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းကနေ Myanmar golf federation နဲ့ ညှိထားတာ တစ်ခုရှိပါတယ်။ အဲဒီမှာလည်း ကျွန်တော်က CEC ရွေးကောက်ပွဲပြီးတဲ့အခါမှာ CEC အနေနဲ့ ပြန်အရွေးခံရတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ ညှိနှိုင်းထားတာရှိတယ်။ အာဆီယံမှာ golf handicap လုပ်ဖို့ ပြင်ဆင်နေပါတယ်။ ကျွန်တော်တို့က traveller တွေကိုပဲ Target ထားတာမဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့က တန်ဖိုးထား အလေးထားတယ်ဆိုတာ ပြချင်တာလည်း ပါပါတယ်။

ဂျပန်ရော၊ ကိုရီးယားရော golf crazy ပါ။ မြင်းခြံနားမှာ ဖွင့်မယ့် မြို့သာ မြို့သစ်စီမံကိန်းမှာလည်း Golf Academic ပါပါတယ်။ Academic ကလည်း တကယ့်ကို International level ပေါ့။ လာမယ့် trainer တွေကလည်း foreigner တွေ ဖြစ်ပါတယ်။ သေချာကို လုပ်ထားပါတယ်။ ဒီ Academic ကလည်း ဂျပန်၊ ကိုရီးယားအတွက် အထောက်အကူဖြစ်လာမှာဖြစ်ပါတယ်။

**ရှင်မင်း**

*(ဆက်လက်ဖော်ပြပါမည်)*

# ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ကြမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားတို့၏ စကားသံများ

မြဝတီ စက်တင်ဘာ ၂၆

**မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာအလုပ်သမားများအား စက်တင်ဘာ ၂၆ ရက်က တွေ့ဆုံမေးမြန်းထားမှုကို ဖော်ပြလိုက်ရပါသည်။**



**မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာအလုပ်သမားများအား တွေ့ရစဉ်။**

**မခင်ထွေးရီ(မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်)**

သင်္ကြန်မတိုင်ခင်ကတည်းက အလုပ်လုပ်ဖို့ စီစဉ်ခဲ့တာပါ။ မိသားစုစားဝတ်နေရေးအတွက် သွားရတာပါ။ မြန်မာနိုင်ငံမှာကျတော့ နေစရိတ်စားစရိတ်တွေနဲ့ အဆင်မပြေဘူးလေ။ ဒီဘက်မှာဆိုရင် ပိုပြီးတော့ အဆင်ပြေမယ် ထင်လို့ပါ။ ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ SRK စက်ရုံမှာ လုပ်ရမယ်လို့ သိရပါတယ်။ ကွန်ပျူတာနဲ့ စက်ပစ္စည်းလုပ်ရမှာပါ။ မြန်မာနိုင်ငံမှာလည်း ဒီလို အလုပ်အကိုင်အခွင့်အလမ်းမျိုးတွေ အများကြီးဖြစ်ပေါ်လာဖို့ မျှော်လင့်ပါတယ်။

**မနှင်းဆီအေး(အနောက်ဆင်ရွာ၊ တောင်ငူမြို့)**

မိသားစုကလည်းများတယ်။ စားဝတ်နေရေးကလည်း အဆင်မပြေတဲ့အတွက်ကြောင့် သူများနိုင်ငံကို လာတာပါ။ကိုယ့်ဆီမှာက အလုပ်မရှိဘူးလေ။ အလုပ်ကလည်း ရှားပါးတယ်။ မိသားစုက မောင်နှမ ခြောက်ယောက်၊ အဖေနဲ့ အမေနဲ့ဆိုရင် ကိုးယောက်ပေါ့။ ကိုယ့်နိုင်ငံမှာက အလုပ်ပေါ်စေချင်တာပေါ့။ အလုပ်ပေါ်တော့ သူများနိုင်ငံ မသွားရတော့ဘူးပေါ့။ လုပ်ခလစာအနေနဲ့လည်း ကိုယ့်နိုင်ငံထက်စာရင် အများကြီးသာတယ်လေ။ တစ်လကို သုံးသိန်းကျော်ဆိုလည်း ဟုတ်ပါတယ်။

**ကိုဝင်းထွန်း(ခရမ်းမြို့နယ်)**



အလုပ်အကိုင်အတွက် အခက်အခဲရှိလို့ သွားတာပါ။ လုပ်ခလစာ အနေနဲ့ စာ ချုပ် ချုပ် တဲ့ အထဲမှာ ဘတ်ငွေ ၃၂၅ ဘတ် ပါ။ မြန်မာနိုင်ငံ မှာတော့ ဝရိန်ဆော် ပါတယ်။ ဟို သွားမှာက ဆောက်လုပ် ရေးနဲ့ သွားမှာ ဆိုတော့ ကျရာတာဝန်ပေါ့။ ရတဲ့ ငွေက ဈေးတွက်ကြည့်ရင် မြန်မာမှာ ရတဲ့ငွေနဲ့ နိုင်ငံခြားမှာ ရတဲ့ငွေနဲ့ အတူတူပါပဲ။ မြန်မာမှာက နေ့စဉ်အလုပ်မပေးနိုင်ဘူး။ ဟိုမှာကျတော့ နေ့စဉ်အလုပ်ပေးနိုင်တယ်။ ပေးနိုင်တဲ့ဆီကို သွားရတဲ့သဘောပါ။ ပိုပြီးတော့ ကောင်းမယ်လို့ မျှော်လင့် ပါတယ်။ ကျိန်းတော့ မကျိန်းသေဘူးပေါ့။ ကိုယ့်နိုင်ငံမှ မဟုတ်တာ။ မိသားစုက လေးယောက်ရှိပါတယ်။ ကိုယ့်နိုင်ငံလောက် အေးချမ်းတာမရှိပါဘူး။ ကိုယ့်မြန်မာနိုင်ငံမှာ နေ့တိုင်းအလုပ်မရှိဘူး။ အိမ်တစ်အိမ်မှာ ငါးယောက်ရှိရင် တစ်ယောက်လောက်ပဲ အလုပ်ရှိတယ်။ ကျန်တဲ့လေးယောက် က ငုတ်တုတ်ထိုင်စားနေရတာ။ အဲ့ဒါကြောင့် ကျန်တဲ့ လက်ရှိလူတွေက သူများနိုင်ငံကိုသွားပြီး အလုပ်လုပ်ရတယ်။ ငွေကြေးချင်းယှဉ်ရင် အတူတူပဲ။ မြန်မာနိုင်ငံမှာလည်း တစ်နေ့တစ်သောင်း ကျော်ရတယ်။ သူ့နိုင်ငံလည်း တစ်သောင်း ကျော်ရတယ်။ အတူတူပဲ။ ကျွန်တော် မြန်မာနိုင်ငံမှာ ဝရိန် လုပ်တုန်းက တစ်နေ့ တစ်သောင်းခွဲလောက် ရပါတယ်”ဟု ပြောသည်။

**တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ-ထိန်လင်းအောင်(ပြန်/ဆက်)**

# စဥ့်အိုးတန်း-ကမာကဆစ် စက်သမ္ဗန်နှင့် ကုန်သဘော်တိုက်မိ၊ စက်လှေပေါ်ပါသူများ ကယ်ဆယ်နိုင်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်မြို့ စဥ့်အိုးတန်းဆိပ်ကမ်းနှင့် ဒလဘက်ကမ်းရှိ ကမာကဆစ်ဆိပ်သို့ ပြေးဆွဲနေသော စက်လှေတစ်စင်းမှာ စက်တင်ဘာ ၂၆ ရက် ညနေ ၅ နာရီက ခရီးသည် ၁၂ ဦးနှင့် ကလေးသုံးဦးကို တင်ဆောင်၍ ဆိပ်ကမ်းမှ ထွက်ခွာစဉ် အနီးရှိ စဥ့်အိုးတန်း အမှတ်(၁) ဖောတံတားမှ ကုန်တင်ရေယာဉ် ဦးပိုင်းနှင့် တိုက်မိရာ ခရီးသည်အချို့ ရေထဲသို့ ခုန်ချထွက်ပြေးခဲ့ပြီး အမျိုးသမီးနှင့် ကလေးများကို အချိန်မီကယ်ဆယ်နိုင်ခဲ့ကာ စက်သမ္ဗန်မောင်းသူမှာ ဦးစွာ ခုန်ချသွားခဲ့ကြောင်း သိရသည်။



**စက်သမ္ဗန်နှင့်တိုက်မိသည့် ကုန်သဘော်**

“ဒဏ်ရာက လက်ကောက်ဝတ်နည်းနည်းပဲ ထိသွားတယ်။ သဘော်သုံးစင်းမှာ နောက်ဆုံး ကုန်သဘော်ကို စက်သမ္ဗန်သမားက မမြင်ဘူး။ စက်သမ္ဗန်သမားက လွတ်မယ်ဆိုပြီး အတင်းမောင်းတော့ ကုန်သဘော်ဦးပိုင်းနဲ့ ငြိပြီး ကန့်လန့်ဖြစ်သွားတယ်။ ကုန်သဘော်က ဖြည်းဖြည်းနဲ့ ဆိပ်ခံဖောကို ကပ်ချိန်မို့လို့ တော်သေးတယ်။ စက်သမ္ဗန်ရေဝင်ပြီး ပေါ်နေတဲ့ ဦးပိုင်းမှာ အားလုံးစုပြီး ကယ်ကြပါဦးလို့ ဝိုင်းအော်ရတော့တာပေါ့။ ကလေးတွေကို အဲ့ဒီ ကုန်သဘော်က သဘော်သားတွေက ဦးပိုင်းကနေ ဆွဲယူကြတယ်။ စက်လှေတွေလည်း ရောက်လာကြတယ်။ အားလုံးအသက်ရှင်တယ်။ ကျွန်မသမီးလေးလည်း ဘာမှမဖြစ်ခဲ့ဘူး။ရေလယ်မှာဆိုရင်တော့ မတွေးရဲစရာပဲ။ စက်သမ္ဗန်သမားက ဖြစ်ဖြစ်ချင်း ရေထဲကိုခုန်ချသွားတာ”ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့သော ဒလမြို့နယ် ကမာကဆစ်ဆိပ်ကမ်းအနီးတွင် နေထိုင်သည့် မမိုးမိုးအေးက ပြောသည်။

စဥ့်အိုးတန်း အမှတ်(၁) ဖောတံတားနှင့် အမှတ်(၂) ဖောတံတားကြားတွင် ဒလဘက်ကမ်းရှိ ကမာကသွယ်၊ စက်မြေနှင့် ကမာကဆစ်သို့ ပြေးဆွဲနေသော စက်လှေဂိတ် သုံးခုရှိပြီး ရန်ကုန်ဘက်ကမ်းသို့ သွားလာကြသည့် ခရီးသည်အများဆုံး စီးနင်းသော စက်လှေဂိတ်များလည်းဖြစ်ကာ နှစ်ဆန်းပိုင်းတွင်လည်း စက်လှေစက်ရပ်၍ မျောပါစဉ် ဆိပ်ခံတစ်ခုနှင့် တိုက်မိကာ ခရီးသည်အချို့သေဆုံးမှုဖြစ်ပွားခဲ့ပြီး ယခုအကြိမ်တွင် ဆိပ်ကမ်းနှင့်ကပ်လျက် ဆိပ်ခံဖောတွင် ဖြစ်ပွားခဲ့၍ ခရီးသည်များကို အချိန်မီကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် လေးနှစ်အရွယ် ယောကျ်ားလေး နှစ်ဦးနှင့် သုံးနှစ်အရွယ် မိန်းကလေး တစ်ဦးတို့ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်မှ ဝါးခယ်မသို့ ကုန်ပစ္စည်းများ ပို့ဆောင်သော ကုန်သဘော်ပိုင်ရှင်၊ ရတနာသိယ်ရေယာဉ်အုပ်နှင့် စက်သမ္ဗန်မောင်းနှင်သူတို့ကို ဆိပ်ကမ်းမြို့နယ်ရဲစခန်းမှ စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရသည်။

**၁၆၄၊ ဓာတ်ပုံ - သစ္စာ**

## မြန်မာ့ရုပ်မြင်သံကြား

၂၇ - ၉ - ၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆ း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | “စီးပွားရေးစကားဝိုင်း” (နိုင်ငံ့စီးပွားခရီးသွားဖြင့် ကြိုးပမ်းတိုးမြှင့်ကမ္ဘာ့အဆင့်) (တတိယပိုင်း) |
| ၁၂း၃၀ | - | မြန်မာဇာတ်လမ်းတွဲ “နေရယ်လရယ် အမှန်တရားရယ်” (အပိုင်း- ၁၀)(အမှန်တရားသို့ ထွက်ရပ်လမ်း) |
| ၁၅ း၂၅ | - | “မမျှော်လင့်သော ဖိတ်ခေါ်သံ” မိုးယံဇွန်၊ ထူးခြား၊ ဇင်မျိုး၊ ခင်ဇာခြည်ကျော်၊ ဂန္ထဝင်၊ ပိုင်ဖြိုးသု (ဒါရိုက်တာ- ကျော်နှင်းဆီ) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | - | “ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကမ္ဘာ့အသီးသီးမှ ဆောင်ရွက်ချက်များ”(၇၇) |
| ၁၇း၃၀ | - | လူမှုစီးပွားမြင်ကွင်းများ |
| ၁၉း၁၅ | - | မြန်မာဇာတ်လမ်းတွဲ “ဆေးရုံမှတ်တမ်း” (အပိုင်း- ၁) အောင်မြင့်မြတ်၊မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော် (ဒါရိုက်တာ- မင်းခိုက်စိုးစန်) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ |
| ၂၀း၃၅ | - | “နိုင်ငံတော်အတွက် အနာဂတ်ရတနာများ” |
| | - | Britain's Got Talent (28) |
| | - | မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ သန်းသန်းစိုး) |
| | - | ပြည်သူ့နီတိ“ငါသာလျှင်” |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်သည်။ **မိုး/ဇလ**

# ကျွန်းစုမြို့၌ လှေနှစ်စင်းတိုက်မိ၍ မိခင်ဒဏ်ရာရရှိပြီး ကလေးငယ်တစ်ဦးသေဆုံး

**ကျွန်းစု စက်တင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မစမ်းပါးကျေးရွာ ချောင်းအတွင်း၌ စက်တင်ဘာ ၂၆ ရက် နံနက် ၂ နာရီတွင် လှေနှစ်စင်းတိုက်မိ၍ မိခင်ဒဏ်ရာရရှိပြီး ကလေးငယ်တစ်ဦး အသက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မစမ်းပါးကျေးရွာနေ ကိုအောင်ထွန်းအေး၊ ဇနီးဖြစ်သူ မလွင်လွင်ခိုင် အသက်(၅)နှစ်အရွယ် သမီးကြီးဖြစ်သူ မချယ်လီခိုင်၊ အသက် တစ်နှစ်လေးလအရွယ် သမီးဖြစ်သူ မချယ်လီဖြိုး မိသားစု လေးဦးတို့သည် လှေငယ်တစ်စင်းဖြင့် ကဏန်းဖမ်းရန်အတွက် မစမ်းပါးချောင်းအတွင်း၌ ရပ်နားထားစဉ် မြိတ်မြို့ဘက်မှ မစမ်းပါးကျေးရွာချောင်းအတွင်း မောင်းနှင်လာသော ကင်းမွန်မီးထွန်းလှေက ယင်းလှေကို ကန့်လန့်ဖြတ်တိုက်မိ၍ ကွဲကြေပျက်စီးကာ ရေထဲမြုပ်သွားသဖြင့် အနီးရှိ ကဏန်းဖမ်းနေသည့် တစ်ရွာတည်းနေ ဌေးစိုး၏ လှေငယ်က ကယ်တင်ပေးခဲ့ပြီး ကိုအောင်ထွန်းအေးနှင့်သမီးကြီးဖြစ်သူမှာ ဒဏ်ရာများရရှိမှုမရှိဘဲ ဇနီးဖြစ်သူမှာ ဒဏ်ရာအနည်းငယ်ရရှိပြီး သမီးငယ်မှာ နဖူးမှယာဘက်နားထင်ထိ ပေါက်ပြဲဒဏ်ရာရရှိကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုက်သွားသည့် မီးထွန်းလှေကို အနီးရှိ ကဏန်းဖမ်းစက်လှေများက လှေငယ်ဖြင့် လိုက်ပြောရာ မီးထွန်းလှေမှာ မရပ်ဘဲ ဆက်မောင်းသွားသဖြင့် မီးထွန်းလှေကို ဓာတ်မီးဖြင့် ထိုးကြည့်ရာ တဝ-၂၆၉၊ သန်းထိုက်ဖြိုး-၁ အမည်ပါ မီးထွန်းလှေဖြစ်ကြောင်း ပြောပြချက်အရ သိရှိရပြီး လှေကို မဆင်မခြင် မောင်းနှင်သူ ယင်းကင်းမွန် မီးထွန်းလှေပဲ့နင်းအား စုံစမ်းဖော်ထုတ်၍ ဥပဒေအရ အရေးယူရန် သက်ဆိုင်ရာက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျွန်းစု(ပြန်/ဆက်)**

# အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်၊ ယူ၊ ဒီ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၆

**အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ(အန်၊ ယူ၊ ဒီ) ဥက္ကဋ္ဌ ဦးစိန်ဝင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ(အန်၊ ယူ၊ ဒီ) ဥက္ကဋ္ဌ ဦးစိန်ဝင်း**

ရိုသေလေးစား တန်ဖိုးထားအပ်ပါသော မိဘပြည်သူများခင်ဗျာ… ရွှင်လန်းချမ်းမြေ့၍ စိန်လိုတန်ဖိုးရှိသော ဝင်းလက်လှပသာယာသော ဘဝများ ပိုင်ဆိုင်နိုင်ကြပါစေလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်က မအူပင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိန်ဝင်းဖြစ်ပါတယ်။

ယနေ့ အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီရဲ့မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို တိတိကျကျ တင်ပြ အစီရင်ခံပါ့မယ်။

အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီဟာ တိုင်းပြည်ရဲ့ လိုအပ်ချက်တစ်ခု အဖြစ်လည်းကောင်း၊ တောင်သူလယ်သမားများ၏ တောင်းဆိုချက်အရ လည်းကောင်း၊ လူမှန်၊ နေရာမှန်၊ စနစ်မှန် ကျင့်သုံးစေရန် ပေါ်ပေါက်လာသော ပြည်သူ့ပါတီအသစ် တောင်သူလယ်သမား ကိုယ်စားပြု ပါတီစစ်စစ်ဖြစ်ပါတယ်။

ယနေ့ တိုင်းပြည်ရဲ့ ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာအားလုံးရဲ့ အရင်းအမြစ်မှာ ပြည်တွင်းငြိမ်းချမ်းရေး၊ လူမျိုးစုပြဿနာများ၊ စီးပွားရေးကဏ္ဍကျဆင်းလာမှု၊ လယ်ယာသားငါး ကဏ္ဍ ထုတ်လုပ်တင်ပို့ရောင်းချမှု နိမ့်ကျလာခြင်းတို့သည် မြန်မာနိုင်ငံရဲ့နိုင်ငံရေး ရှုပ်ထွေးမှု၏ အဓိကဖြစ်နေပါတယ်။

“စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်” မတည်ဆောက်နိုင်ခဲ့၍ “ပြည်ထောင်စု ပြဿနာ” ပေါ်ပေါက်လာခဲ့ရပါတယ်။ တိုင်းရင်းသားလူမျိုးစုများဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် အခြားတိုင်းရင်းသားလူမျိုးစုများစုပေါင်းနေထိုင် ကြသောကြောင့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ် မဖြစ်မနေ၊ မရှိမဖြစ် လိုအပ်နေ ပါတယ်။

သို့မှသာ တိုင်းရင်းသားလူမျိုးစုများ၏ စည်းလုံးညီညွတ်မှုတရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု ဒီမိုကရေစီစနစ် တည်ဆောက်ရန်“ပင်လုံစိတ်ဓာတ်” ကို အခြေခံ၍“ပြည်ထောင်စုမူ” များကို အခြေခံရမည်ဟု အဖြေမှန် တွေ့ရှိရပါတယ်။

တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေးအတွက် ဒီမိုကရေစီအခွင့်အရေး၊ တိုင်းရင်းသား လူမျိုးများ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးတို့သည် ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရ ငြိမ်းချမ်းရေးကို ဖြစ်ပေါ်လာစေနိုင်ပါတယ်။

တိုင်းပြည်စီးပွားရေးသည် လွတ်လပ်ပြီး တရားမျှတသော ဈေးကွက်များပေါ်တွင် အခြေခံသည့် စီးပွားရေးစနစ် ခိုင်မာဖြစ်ထွန်းလာရေး လိုအပ်လျက်ရှိပါတယ်။

အဆိုပါ စီးပွားရေးစနစ်တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ အခွင့်အလမ်း ညီတူညီမျှ မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိရပါမယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့် ရရှိပါ့မယ်။

ရရှိလာသည့် အကျိုးစီးပွားများကို ချမှတ်ထားသော မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ အကျိုးခံစားခွင့် ရှိရမည် ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အများပြည်သူတို့ ဘေးဥပဒ်၊ အန္တရာယ်မဖြစ်စေသော၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေရန် အထူးဂရုပြု လုပ်ဆောင်ပေးရပါ့မယ်။

တိုင်းပြည်ရဲ့ အခြေခံလူတန်းစားများဖြစ်သော တောင်သူလယ်သမားများ မိမိတို့ လယ်ယာလုပ်ငန်းကို ငြိမ်းချမ်း၊ လုံခြုံ၊ စိတ်ချစွာ လုပ်ကိုင်နိုင်ပြီး အနာဂတ် စိတ်ချရမှုနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်သွားပါ့မယ်။

လယ်ယာသားငါးကဏ္ဍကို အခြေခံသော စီးပွားရေးကို ပထမဦးစားပေး ဆောင်ရွက်စေ ပြီး ၎င်း၏အရှိန်ဖြင့် အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဆောင်ရွက်ခြင်းမှ ခေတ်မီစက်မှု နိုင်ငံတော်ကို ဦးတည်သွားပါ့မယ်။

၁၉၉၄ ခုနှစ် မြေသိမ်းဥပဒေ နည်းဥပဒေနှင့် မညီညွတ်သော မတရားသိမ်းဆည်း ထားသော လယ်ယာမြေနှင့် အခြားမြေများကို မှန်ကန်မျှတစွာ ဖြေရှင်းဆောင်ရွက်ပေးသွား ပါမယ်။ မြေ၊ လူ၊ ရေ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားပါ့မယ်။ ပထမအကြိမ် ပြည်ထောင်စု လွှတ်တော်၏ လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းမှု ပြည်သူများ နစ်နာမှုမရှိစေရန် ဖော်ထုတ် စုံစမ်းရေးကော်မရှင်၏ ဆုံးဖြတ်ချက်များကို အခြေခံ၍ လက်တွေ့အောင်မြင်အောင် အကောင် အထည်ဖော်ဆောင်ရွက်သွားပါ့မယ်။

တိုင်းပြည်ရဲ့ အခြေခံလူတန်းစားတစ်ရပ်ဖြစ်သော အလုပ်သမားများ၏ ဘဝလုံခြုံမှု ရရှိရေးနှင့် စား၊ ဝတ်၊ နေ၊ ရေး သက်သာချောင်ချိရေးတို့ကို အထူးအလေးထား ဆောင်ရွက်ပါမယ်။ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်မှု ပွင့်လင်းမှန်ကန်ဆောင်ရွက်နိုင်ရေးကို ထိန်းကျောင်းတည့်မတ် ဆောင်ရွက်သွားမည့်အပြင်၊ မတရားမှု၊ မမှန်ကန်မှု၊ မမျှတမှုများ လျော့နည်းပပျောက်လာစေရန် ဦးတည်ဆောင်ရွက်သွားပါ့မယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးစသည်တို့ကို ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲ၍ နိုင်ငံတကာအဆင့်မီ ဂုဏ်သိက္ခာမြင့်တက်လာအောင် ဆောင်ရွက်သွားပါ့မယ်။

အထက်ဖော်ပြပါ သဘောတရားများ အောင်မြင်ဖြစ်ထွန်းလာရေးအတွက် အဓိကအရေး ကြီးဆုံးမှာ ပြည်သူ့စီးပွားရေး၊ ပြည်သူ့စီမံခန့်ခွဲရေး၊ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို လူမှန်၊ နေရာမှန်၊ စနစ်မှန်၊ လူတော်၊ လူကောင်း၊ လူမွန်များဖြင့် ပြည်သူ့အစိုးရဖြစ်အောင် တည်ဆောက်သွားပါ့မယ်။

ဘာသာရပ်နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များကိုလည်း နည်းပညာကဏ္ဍအလိုက် ဦးစားပေးအသုံးချ၍ တာဝန်ခံစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အထူးတန်ဖိုးထား အလေးပေး ဖွဲ့စည်းဆောင်ရွက်သွားပါ့မယ်။

- တောင်သူလယ်သမား၊ လယ်ယာလုပ်ငန်းကဏ္ဍနှင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက် ပျက်စီးစေမည့် လုပ်ငန်းကိစ္စရပ်များ၊ ရာသီဥတုဖောက်ပြန်နိုင်သော လုပ်ငန်းကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးစေနိုင်သော ကိစ္စရပ်များကို လေ့လာစိစစ်ပြီး စနစ်တကျ ကြိုတင်စီမံကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားပါမည်။ ဆန်စပါး အပါအဝင် လယ်ယာ ထွက်သီးနှံများ ဈေးနှုန်းကို ဈေးကွက်စီးပွားရေးနှင့်အညီ လွတ်လပ်စွာ စိုက်ပျိုးကြိတ်ခွဲ ရောင်းဝယ်နိုင်ရန် အရည်အသွေးမြင့်ထုတ်ကုန်များဖြစ်အောင် ဦးစားပေးဆောင်ရွက် သွားပါမည်။
- လက်ရှိ မိရိုးဖလာစိုက်ပျိုးရေးမှ အသေးစား၊ အလတ်စား စက်မှုလယ်ယာစနစ်သို့ လည်းကောင်း၊ အသေးစား စက်မှုလယ်ယာစနစ်မှ ခေတ်မီတိုးတက်သော စက်မှုလယ်ယာ စနစ်သို့လည်းကောင်း ဆင့်ကဲပြောင်းလဲဆောင်ရွက်သွားပါမည်။ မြန်မာ့စိုက်ပျိုးမြေရေယာ တွင် စိုက်ပျိုးရေရရှိရေး၊ ရေလွှမ်းမိုး ဖျက်ဆီးမှုကာကွယ်ရေး၊ ရေကို အကျိုးရှိရှိ စနစ်တကျ အသုံးချနိုင်အောင် စီမံခန့်ခွဲရေးနှင့် ပြုပြင်ပြောင်းလဲထိန်းသိမ်းရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်သွားပါမယ်။
- တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုများ ရပိုင်ခွင့်များကို တောင်သူလယ်သမား အကျိုးအတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ညီညွတ်သော တောင်သူ လယ်သမား အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ပေးသွားပါမည်။
- မွေးမြူရေးသားငါးကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဘက်စုံဆောင်ရွက်သွား ပါမည်။
- လယ်ယာထွက်ကုန်များ၏ အရည်အသွေးမြင့် ဈေးနှုန်း၊ ဈေးကွက်၊ တည်ငြိမ် ကောင်းမွန် ရေးနှင့် လယ်ယာသားငါးကဏ္ဍ တိုးတက်စေရန် လိုအပ်သလို ရင်းနှီးမြှုပ်နှံဦးစားပေး ထောက်ပံ့ကူညီဆောင်ရွက်သွားပါမည်။

**ပါတီ၏ သဘောထား(နှင့် ပတ်သက်၍ တင်ပြရရင်)**

- ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားအရေး စဉ်ဆက်မပြတ် အထူးအလေးထား ဆောင်ရွက်သွားပါမည်။
- ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကြိုးပမ်းဆောင်ရွက်သွားပါမည်။
- ပြည်သူကိုတန်ဖိုးထား၍ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။
- လွှတ်တော်နှင့်အစိုးရ အပြန်အလှန်ထိန်းကျောင်း၊ ပွင့်လင်းမြင်သာ ဟန်ချက်ညီအောင် ဆောင်ရွက်သွားပါမည်။
- အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအား လူမှန်၊ နေရာမှန်၊ စနစ်မှန်ကျင့်သုံး ဆောင်ရွက် သွားပါမည်။
- တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်မှု မှန်ကန်ရေးနှင့် အကျိုးပြုဥပဒေများ ထွန်းကားရေး အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။
- သတင်းမီဒီယာကဏ္ဍ၊ ပွင့်လင်းမြင်သာ အဆင့်အတန်းမြှင့်တင်ရေး အကောင်အထည် ဖော်ဆောင်ရွက်သွားပါမည်။
- တပ်မတော်ခေတ်မီတိုးတက်ရေးနှင့် နိုင်ငံတော် ကာကွယ်၊ လုံခြုံရေးလုပ်ငန်းများကို စနစ်တကျ တည်ဆောက်သွားပါမည်။
- လယ်ယာသားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်၊ စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြား ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး “ဘက်စုံနည်းစနစ်” ဖြင့် တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သွား ပါမည်။
- ကျေးလက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း စည်ပင်သာယာလှပရေး ဝန်ထမ်းကောင်းများဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဆုပေး၊ ဒဏ်ပေးတာဝန်မှ နုတ်ထွက်ပေးခြင်းစနစ်ဖြင့် စနစ် တကျ ပြုပြင်တည်ဆောက်သွားပါမယ်။
- တောင်သူလယ်သမား၊ အလုပ်သမား၊ ဘဝမြှင့်တင်ရေး၊ တတ်သိပညာရှင်များ အကျိုးရှိရှိ အသုံးချရေးနှင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းအလုပ် သမားဘဝ ချုပ်ငြိမ်းရေး ဦးစားပေး ဆောင်ရွက်ပါမည်။
- အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်စနစ်နှင့် မဟာမိတ်မူဝါဒလမ်းစဉ်ဖြင့် ပြည်သူ့ အကျိုးကို ဦးစားပေး ဆောင်ရွက်သွားပါမည်။

**ပါတီ၏လုပ်ငန်းစဉ်များ(နှင့် ပတ်သက်၍ တင်ပြရရင်)**

- တိုင်းရင်းသားလူမျိုးစုများအားလုံး၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။
- တိုင်းရင်းသားလူမျိုးစုများ အားလုံးတို့သည် နိုင်ငံရေးအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်။
- ပြည်ထောင်စုအဖွဲ့ဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ် များ ပြဋ္ဌာန်းဆောင်ရွက်ပေးသွားမည်။
- ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သော နိုင်ငံသားတိုင်းသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ လိင်ခွဲခြားမှုမရှိစေဘဲ ဒီမိုကရေစီအခွင့်အရေးများကို အပြည့်အဝခံစားပိုင်ခွင့်ကို ဆောင်ရွက်သွားမည်။
- တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ တန်းတူ ရည်တူအခွင့်အရေးရှိစေရန် တရားဥပဒေစိုးမိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးတို့ကို ဆောင်ရွက်သွားမည်။
- ပြည်တွင်းငြိမ်းချမ်းရေး ထာဝရတည်ရှိစေရန် လူမျိုးစုပြဿနာကို အခြေခံပြီး ဖြစ်ပွား ခဲ့သောစစ်ကို လူမျိုးစုပြဿနာနှင့် ဖြေရှင်းရန်၊ ဝါဒရေးကို အခြေခံပြီး ဖြစ်ပွား သောစစ်ကို ဝါဒရေးနှင့် ဖြေရှင်းရန်၊ နိုင်ငံရေးကို အခြေခံပြီး ဖြစ်ပွားသော စစ်ကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်း ဆောင်ရွက်သွားမည်။




- တိုင်းရင်းသားအားလုံး သွေးစည်း ညီညွတ်ရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကို ဦးတည်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှိရင်းစွဲ ဒီမိုကရေစီအခြေခံမူများနှင့်ပြည်ထောင်စု စစ်စစ်မှုများ ပါဝင်လာအောင် ဥပဒေ အပိုဒ်များကို ပြင်ဆင်ဆောင်ရွက်သွား မည်။
- ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေသည် လယ်ယာမြေကို လွတ်လပ်စွာ စိုက်ပျိုးနိုင်ခွင့် ရရှိစေရမည်။ လယ်ယာမြေအငြင်းပွားမှု မှန်ကန်စွာ ဖြေရှင်းရေးနှင့် မတရားသိမ်းဆည်းမှု မရှိစေရန် ပြင်ဆင်ရေးဆွဲမည်။ ယခင် မြေသိမ်းဥပဒေနှင့် မညီသော လယ်ယာမြေများကို မူလပိုင်ရှင်ထံ ပြန်ပေးရန်၊ ဆောင်ရွက်သွားရန်နှင့် လွတ်လပ်သော လယ်သမားအဖွဲ့ အစည်းများ ပေါ်ထွန်းလာအောင် ဆောင်ရွက်သွားမည်။
- အလုပ်သမားများ ရသင့်ရထိုက်သောအခွင့်အရေးများနှင့် ရပိုင်ခွင့်များ၊ ခေတ်နှင့်လျော် ညီသည့် လုပ်ခလစာများရရှိရေးအပါအဝင် လွတ်လပ်သော အလုပ်သမားအဖွဲ့ အစည်းများ ပေါ်ပေါက်လာအောင် ဆောင်ရွက်သွားမည်။
- ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက် သွားမည်။
- ပြည်ထောင်စုနိုင်ငံတော်အတွင်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကြောင့် ရရှိလာသော အကျိုးစီးပွားများကို ချမှတ်ထားသော မူဝါဒများနှင့်အညီ တိုင်းရင်းသားများအားလုံး တန်းတူမျှဝေခံစားနိုင်အောင် ဆောင်ရွက်သွားမည်။
- ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခွင့်အလမ်းများ တိုးတက်မြင့်မားလာ အောင် ဆောင်ရွက်သွားမည်။
- တိုင်းရင်းသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းအသစ်များရရှိလာအောင် ဖန်တီး ဆောင်ရွက်သွားမည်။
- နိုင်ငံအတွင်းရေလုပ်ငန်း၊ လယ်ယာမြေစိုက်ပျိုး မွေးမြူရေးလုပ်ငန်း၊ သဘာဝအရင်း အမြစ်နှင့် ကူးသန်းရောင်းဝယ်ရေးအစရှိသော ကဏ္ဍအသီးသီးတို့တွင် ပြည်သူတို့ ကိုယ်တိုင် ဆုံးဖြတ်နိုင်သော လုပ်ငန်းစဉ်ကြီးတစ်ရပ်ကို သက်ဆိုင်ရာ ကိုယ်စားလှယ်များ နှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။
- ပြည်ထောင်စုနယ်မြေအတွင်း မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များအား ဖော်ထုတ်သုံးစွဲရာတွင် ချမှတ်ထားသော မူဝါဒနှင့်အညီ တန်းတူညီမျှ မျှဝေခံစား နိုင်အောင် ဆောင်ရွက်သွားမည်။
- ပြည်ပရောက် တိုင်းရင်းသားများအားလုံး မိမိနိုင်ငံသို့ ဘေးကင်းလုံခြုံစွာဖြင့် ဂုဏ်သိက္ခာရှိရှိ ပြန်လည်နေထိုင်ရောက်ရှိရေးကို ဆောင်ရွက်သွားမည်။
- ဗဟိုချုပ်ကိုင်မှုလွန်ကဲသော “ တစ်ပြည်ထောင်စနစ် ” နှင့် “ ပြည်ထောင်စုစနစ် ” တစ်ပါတီ အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မျှ နိုင်ငံတော်တွင် ပြန်လည်အသက်ဝင်မပေါ်ထွန်းလာအောင် ဆောင်ရွက်ရန်နှင့် ဖက်ဒရယ်ပြည်ထောင်စု ကြီး ဖြစ်ပေါ်လာစေရန် ဦးတည်ဆောင်ရွက်သွားမည်။

ပါတီအလံ၏ နောက်ခံအရောင်မှာ တောင်သူလယ်သမား၊ အလုပ်သမား၊ တတ်သိပညာ ရှင်ဝန်ထမ်းများ အကျိုးဆောင်ရွက်သော ကိုယ်စားပြု ကာကီရောင် (မြေရောင်) ဖြစ်ပြီး အလယ်ဗဟိုတည့်တည့် အဖြူရောင်လပြည့်ဝန်းတွင် ခမောက်ဆောင်းထားသော တောင်သူ လယ်သမား၊ လျှာထိုးဦးထုပ်ဆောင်းထားသော အလုပ်သမားနှင့် မောင့်ကျက်သရေခေါင်းပေါင်း ဆောင်းထားသော တတ်သိပညာရှင် စုစုပေါင်း လူသုံးဦး ပြည်သူ့ကိုယ်စားညီညွတ်စွာ တန်းစီထား ခြင်းသည် ညီညွတ်သော သင်္ကေတကို ဖော်ညွှန်းထားခြင်းဖြစ်ပါတယ်။

အလံ၏ ညာဘက်ထောင့်အကွက်တွင် အောက်ခံကောင်းကင်အပြာရောင် ကြယ် (၁၄) လုံး ဝန်းရံထားသော ကြယ်ဖြူတစ်လုံးထားရှိခြင်းသည် ဖက်ဒရယ်ပြည်ထောင်စုကို ရည်ညွှန်းခြင်း ဖြစ်ပါတယ်။

ဤပါတီ၏ အလံသည် ပြည်သူအများစု ကိုယ်စားပြုသော တောင်သူလယ်သမားနှင့် ဝန်ဆောင်မှု အကျိုးဆောင်ရွက်ပေးနေသော အလုပ်သမား၊ တတ်သိပညာရှင် ဝန်ထမ်းပြည်သူများ ညီညွတ်သောအင်အားဖြင့် သာယာလှပတိုးတက် ချမ်းမြေ့ညီညွတ်သော ဖက်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီစနစ် တည်ဆောက်သွားမည်ဟု ဖော်ညွှန်းခြင်းဖြစ်ပါတယ်။

အန်၊ ယူ၊ ဒီ၏ ပါတီအလံတွင် မြေရယ်၊ ကြယ်ရယ်၊ ကောင်းကင်ရယ်၊ လူရယ်၊ လရယ် လေးနက်တည်ကြည်သော အကြောင်းအရာ အဓိပ္ပာယ် (၅) မျိုး စုစည်းဖော်ပြထားခြင်း ဖြစ်ပါ တယ်။

ပါတီဝတ်စုံအနေဖြင့် ကာကီ(မြေရောင်) တိုက်ပုံ၊ ကော်လံ လည်ကတုံးဖြစ်ပြီး၊ နိုင်ငံခြား ဝတ်စုံအနေဖြင့် ကာကီ(မြေရောင်) ဘောင်းဘီရှည်နှင့် ကာကီ(မြေရောင်) ဆာဖာရီကုတ် အဖြစ်သတ်မှတ်ပါတယ်။

**နိဂုံးချုပ်အနေဖြင့် -**

- ပြည်သူ့အတွက်ပါတီအသစ်ဟာ အန်၊ ယူ၊ ဒီ ပါ။
  ပေးတဲ့ကတိ၊ ပြောတဲ့အတိုင်းဆောင်ရွက်နိုင်ဖို့ အန်၊ ယူ၊ ဒီကို မဲပေးစို့။
- ပြည်သူ့အတွက် ပါတီစစ်ဟာ အန်၊ ယူ၊ ဒီ ပါ။
  လူမှန်၊ နေရာမှန်၊ စနစ်မှန် ကျင့်သုံးဖို့ အန်၊ ယူ၊ ဒီကို မဲပေးစို့။
- ပြည်သူ့အတွက် ကြိုးစားပေးမှာ အန်၊ ယူ၊ ဒီပါ။
  တောင်သူလယ်သမားဘဝ မြှင့်တင်ဖို့ အန်၊ ယူ၊ ဒီ ကိုမဲပေးကြပါလို့ ပြောကြားရင်း
- ပြည်သူအားလုံးကို လေးစားတန်ဖိုးထားပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ စစ်တွေမြို့ရှိ သက္ကယ်ပြင်ကယ်ဆယ်ရေးစခန်း၌ သတင်းရယူ

**စစ်တွေ စက်တင်ဘာ ၂၆**

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုများကို သတင်းရယူနိုင်ရန် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများပါဝင်သောသတင်းအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် စစ်တွေမြို့ရှိ သက္ကယ်ပြင်ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စခန်းအတွင်း နေထိုင်ကြသူများအား ပြန်လည်နေရာချထားပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ မေးမြန်းသတင်းရယူကြသည်။ **(ယာပုံ)**

ဆက်လက်၍ စခန်းအတွင်း နေထိုင်ကြသူများအား တွေ့ဆုံ၍ ၎င်းတို့၏ လတ်တလောနေထိုင်စားသောက်မှုအခြေအနေများကို သတင်းရယူကြသည်။

ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့တွင် Nikkei Shimbun, NHK, Nippon TV, CRI, CNN, The Guardian Newspaper, The Washington Post, CBC , Arte Television , MRTV, MITV နှင့် MNA တို့မှ သတင်းသမားများ ပါရှိသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ ဖြစ်စဉ်နောက်ပိုင်း ရခိုင်ပြည်နယ်သို့ သတင်းမီဒီယာအဖွဲ့များ စေလွှတ်မှုမှာ ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ၈ ကြိမ်နှင့် ၂၀၁၈ ခုနှစ်တွင် ၁၇ ကြိမ် စုစုပေါင်း ၂၆ ကြိမ် ရှိခဲ့ပြီ ဖြစ်သည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ၂၀၁၈ ခုနှစ်အတွင်း တစ်လလျှင် နှစ်ကြိမ် ခရီးစဉ်စေလွှတ်မှုအနေဖြင့် ယခုခရီးစဉ် အပါအဝင် ၁၁ ကြိမ်ရှိပြီဖြစ်သည်။

ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအား ၎င်းတို့ အကြံပြုချက်အပေါ် မူတည်၍ မောင်တောဒေသသို့ သွားရောက်သတင်းရယူလိုသည့် နေရာများကို ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး နယ်မြေလုံခြုံရေးအခြေအနေပေါ်မူတည်ကာ သွားရောက်သတင်းရယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**သူရဇော်၊ ဓာတ်ပုံ-တင်ထွန်း(ပြန်/ဆက်)**



# မောင်တောဒေသ၌ အသက်(၉၀)နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ပေးအပ်

**မောင်တော စက်တင်ဘာ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက မောင်တောဒေသရှိ အသက်(၉၀)နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် (သို့) ဘိုးဘွားပင်စင်ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက မောင်တောမြို့ပေါ်ရပ်ကွက်များရှိ အသက်(၉၀)နှစ်အထက် ဘိုးဘွားများအား ပေးအပ်ခဲ့သည်။



အဆိုပါ ပေးအပ်မှုကို လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် မောင်တောမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများက အသက်(၉၀)နှစ်အထက် ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ကြေးငွေ ပေးအပ်ခဲ့ပြီး ဘိုးဘွားများအတွက် ကျန်းမာရေးဆိုင်ရာ အားပေးစကားများ ပြောကြားခဲ့ကြသည်။

ထိုသို့ အသက်(၉၀)နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်(သို့) ဘိုးဘွားပင်စင် ပေးအပ်ခြင်းကို မောင်တောမြို့ မြို့မအနောက်ရပ်ကွက်၊ မြို့မမြောက်ရပ်ကွက်၊ မြို့မအရှေ့ရပ်ကွက်နှင့် လေးမိုင်ရပ်ကွက်များရှိ အသက်(၉၀)နှစ်အထက် ဘိုးဘွားများအားပေးအပ်ခဲ့ပြီး ဆက်လက်၍ မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ အသက်(၉၀)နှစ်အထက် ဘိုးဘွားများအား ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရာတွင် သန်းခေါင်စာရင်းနှင့် စိစစ်ရေးကတ်ပြားမရှိသည့် ဘိုးဘွားများအတွက် ၎င်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖနှစ်ဦးတို့က ထောက်ခံချက်ပေးမှသာ လူမှုရေးပင်စင်(သို့) ဘိုးဘွားပင်စင်ကို အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ မောင်တောမြို့နယ်တာဝန်ခံ ကိုကျော်အောင်စိန်က ပြောသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ရှိပေးအပ်နေသော လူမှုရေးပင်စင် (သို့) ဘိုးဘွားပင်စင်ကို အသက်(၉၀)နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့ပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အသက်(၈၅)နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လူမှုရေးပင်စင် (သို့) ဘိုးဘွားပင်စင်သည် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်၍ အမျိုးသားအဆင့် မဟာဗျူဟာချမှတ်ကာ မြန်မာတစ်နိုင်ငံလုံး လူမှုကာကွယ်စောင့်ရှောက်ရေးကို စီမံချက်၊ လုပ်ငန်းစဉ် ရှစ်ရပ်ရေးဆွဲပြီး လူမှုရေးပင်စင်ကို ထည့်သွင်းထောက်ပံ့ပေးအပ်နေကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဟိန်းထက်ဇော်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ပေမှ လေးပေခန့် ရှိနိုင်သည်။

**မြန်မာ့အလင်း**

# မင်းပြားမြို့နယ်၌ ကျွဲများသေဆုံးမှု ရောဂါအဖြေမှန်သိရှိရန် စစ်ဆေးလျက်ရှိ

**မင်းပြား စက်တင်ဘာ ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ်တွင် လက်ရှိဖြစ်ပေါ်နေသော ကျွဲသေဆုံးမှုမှာ စက်တင်ဘာ ၂၆ ရက်အထိ ၁၇ ကောင်ဖြစ်ကြောင်း မင်းပြားမြို့နယ်အုပ်ချုပ်ရေးမှူးထံ ယနေ့ ညနေ ၃ နာရီက တွေ့ဆုံမေးမြန်းချက်အရ သိရသည်။

အဆိုပါကျွဲသေဆုံးမှုစတင်ဖြစ်ပွားသောအချိန်မှာ ဩဂုတ် ၁၅ ရက်က စတင်၍ မင်းပြားမြို့နယ်ရှိ မင်းကူးကျေးရွာအုပ်စုတွင် ဖြစ်ပွားကြောင်း သိရှိရပြီး မင်းပြားမြို့နှင့် ယင်းကျေးရွာအုပ်စုမှာ မိုင် ၄၀ ခန့် ကွာဝေးကြောင်း သိရသည်။ မင်းကူးကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး ရွာသူရွာသားများက အထက်ပါဖြစ်ပွားခဲ့သောနေရာအပါအဝင် အနီးအနားပတ်ဝန်းကျင်တစ်ဝိုက်တွင် ဆက်လက်သွားရောက်ရှာဖွေလျက်ရှိနေကြကာ သေဆုံးခဲ့သောကျွဲ ၁၇ ကောင်ထဲမှ နမူနာအသားများကိုရယူကာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရောဂါအဖြေမှန်ကို သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာဓာတ်ခွဲခန်းသို့ သုတေသနပြုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ**

# ခုံးကောင်များသေဆုံးမှုသည် ရေထုညစ်ညမ်းမှုကြောင့် သေဆုံးခြင်းမဟုတ်ဘဲ မိုးရေများပြီး ရေချိုဝင်ရောက်မှုကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း ကျောက်ဖြူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ပြောကြား

**ကျောက်ဖြူ စက်တင်ဘာ ၂၆**

ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စု သပြုချိုင်ကျွန်း ပြာပင်လဟာချောင်းနှင့် အနီးအနားဝန်းကျင်၌ ရေထုညစ်ညမ်းမှုကြောင့် ခုံးကောင်အများအပြား သေဆုံးနေသည်မှာ မဟုတ်မှန်ကြောင်းနှင့် အဆိုပါ ခုံးအမျိုးအစားသည် မိုးရေများပြီး ရေချိုဝင်ရောက်မှုကြောင့် သေဆုံးနိုင်သလို သူ၏ သက်တမ်းကုန်ဆုံးမှု၊ ရာသီဥတုပူပြင်းမှုကြောင့်လည်း သေဆုံးနိုင်ကြောင်း ကျောက်ဖြူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဦးထွန်းသိန်း၏ ပြောပြချက်အရ သိရသည်။



“ခုံးတွေသေတယ်ဆိုပြီး လူမှုကွန်ရက်မှာ စက်တင်ဘာ ၂၂ ရက်က တင်တဲ့ဟာကို ပြည်သူတွေက စိုးရိမ်စိတ်လွန်ပြီး ဝိုင်း မျှဝေကြတာ တွေ့ရပါတယ်။ ဒါနဲ့ ကျွန်တော်တို့ ခရိုင်အဆင့်ဌာနဆိုင်ရာအဖွဲ့တွေ သပြုချိုင်ကျွန်းကို စက်တင်ဘာ ၂၄ ရက်က သွားရောက်စစ်ဆေးတဲ့အခါ လူမှုကွန်ရက်မှာတင်တဲ့ပုံတွေက ဒီမှာသေနေတဲ့ ခုံးပုံတွေနဲ့ မတူတာတွေ့ရတယ်။ ဒီမှာသေနေတဲ့ ခုံးအမျိုးအစားတွေက တစ်ကောင်ကို ၁ စင်တီမီတာနဲ့ ၂ စင်တီမီတာ အကြားမှာသာ ကြီးထွားတဲ့ ခုံးမျိုးတွေဖြစ်တယ်။ နောက်တစ်ချက်က ပြည်သူတွေစိုးရိမ်သလို ရေထုညစ်ညမ်းမှုဖြစ်တာလည်း လုံးဝမဟုတ်ပါဘူး။ ဒီခုံးအမျိုးအစားက ရေငန်မှာနေတဲ့ သဘာဝဆိုတော့ မိုးများပြီး ရေချိုထိုးမှု (ဝင်ရောက်မှု)ဖြစ်တဲ့အခါ သေနိုင်တယ်။ သူ့ရဲ့သက်တမ်းကုန်ဆုံးရင်လည်း သေနိုင်တယ်။ ရာသီဥတုပူပြင်းတယ်ဆိုရင်လည်း သေနိုင်တယ်။ တကယ်လို့ ရေထုညစ်ညမ်းမှုဖြစ်မယ်ဆိုရင် အဲ့ဒီပတ်ဝန်းကျင်မှာရှိတဲ့ ခုံးအကြီးတွေ၊ ခရုတွေ၊ ငါးတွေလည်း သေမှာပါ။ ဒါပေမယ့် ခုံးအကြီးတွေ၊ ခရုတွေ၊ ငါးတွေက ပုံမှန်အသက်ရှင်နေတာကို တွေ့ရတယ်။ ရေလုပ်ငန်းလုပ်ကိုင်တဲ့ ပြည်သူတွေလည်း အနီးဝန်းကျင်မှာ ပုံမှန်ငါးဖမ်းနေကြတာပါ။ ဒီလိုခုံးအသေးလေးတွေသေတာဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ပါ။ ဒါကို လူမှုကွန်ရက်မှာ တင်လိုက်တော့ ပြည်သူတွေစိုးရိမ်လာကြတယ်။ ထင်ယောင်ထင်မှား ဖြစ်လာတာပါ။ အဲဒီအတွက် စိုးရိမ်စရာမရှိပါဘူး”ဟု ဦးဦးထွန်းသိန်းက ပြောသည်။

အဆိုပါ ခုံးကောင်များသေဆုံးမှုသည် ဒေသခံတစ်ဦးမှ ၎င်းနေရာသို့ ရောက်ရှိသွားပြီး ဓာတ်ပုံရိုက်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်သို့ တင်ခဲ့ခြင်းကြောင့် လူအများအပြား သိရှိလာကာ စိုးရိမ်မှုအနည်းငယ်ရှိခဲ့သော်လည်း အဆိုပါ ဖြစ်စဉ်ဖြစ်ပွားသည့် အနီးအနားပတ်ဝန်းကျင်တွင် လူနေထိုင်မှုမရှိခြင်းနှင့် လူသူအရောက်ပေါက်နည်းခြင်း၊ ရေလုပ်သားများသာ ခုံးကောက်၊ ကဏန်း၊ ပုစွန်နှင့် ငါးများဖမ်းတတ်ကြပြီး ရေအကျဆုံးအချိန်တွင် ခုံးအကောင်လေးများကို သောင်ပြင်ပေါ်၌ တွေ့ရတတ်ကြောင်း၊ သောင်ပြင်သည် ပေ ၁၅၀ ပတ်လည်ခန့်ရှိကာ သောင်ပြင်ပေါ်ရှိ ရွှံ့နွံများတွင်ကပ်၍ ခုံးကောင်များ သေဆုံးနေသည်ကို တွေ့ရကြောင်း၊ အဆိုပါခုံးများသည် လူအများစားသောက်သည့် ခုံးကောင်များမဟုတ်ဘဲ ကြက်အစာအဖြစ်အသုံးပြုသော ခုံးကောင်များဖြစ်ကြောင်းနှင့် သဘာဝအရသာဖြစ်ပေါ်ခြင်းဖြစ်ပြီး ပယောဂတစ်ခုခုကြောင့် ဖြစ်ပွားခြင်းမဟုတ်ကြောင်း ကျောက်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းက ရှင်းပြသည်။

“ဒီခုံးတွေက ကျွန်တော်တို့ သတင်းရတဲ့အချိန်မှာ သေဆုံးနေတာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ တစ်လလောက်က မိုးအလွန်များခဲ့တယ်။ ဒီနေရာတွေက ရေချို၊ ရေငန်စပ်နေရာဖြစ်တဲ့အခါကျတော့ ရေချိုဝင်ရောက်မှုများသွားပြီ ဒီပတ်ဝန်းကျင်မှာရှိတဲ့ ရေချိုဒဏ်မခံနိုင်တဲ့ ခုံးတွေက အဲဒီအချိန်ကတည်းက သေဆုံးနေတာလည်း ဖြစ်နိုင်တယ်လို့ ငါးလုပ်ငန်းဦးစီးဌာနက သုံးသပ်တယ်။ အဓိကကတော့ ရေချိုကြောင့်လို့ သုံးသပ်တယ်။ နောက်တစ်ခုက ဘဝစက်ဝိုင်း ကုန်တယ်လို့လည်း သုံးသပ်တယ်။ ကျန်တဲ့ ပယောဂတစ်ခုခုကြောင့် သေဆုံးတာတော့ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တခြားခုံးအမျိုးအစားတွေလည်း ရှိနေသလို တခြားရေနေသတ္တဝါတွေလည်း အသက်ရှင်လျက်ရှိနေတယ်။ ဒေသခံတွေကလည်း ထူးခြားဖြစ်စဉ်မရှိပါဘူးလို့ ပြောတယ်။ ခုံးကောက်တဲ့သူတွေကလည်း သူတို့ကောက်တဲ့အခါမှာ အသေလည်းတွေ့တယ်။ အရှင်လည်းတွေ့တယ်။ သူတို့အနေနဲ့ အစုလိုက်အပြုံလိုက် သေတာမျိုးတော့ မတွေ့ဘူးတဲ့။ အဲဒီနေရာကို ရွာသားတိုင်းက မရောက်ဘူးဗျ။ ရွာကနေ တစ်နာရီခွဲလောက် စက်လှေစီးရတယ်။ အဲဒီနေရာကို ကျွမ်းကျင်တဲ့ ရေလုပ်သားလောက်ပဲ လာရောက်ကြတာရှိပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ယင်းဖြစ်စဉ်သည် အထင်နှင့်သာပြောဆို၍ မရကြောင်း၊ ယခင်ကတည်းက အလားတူဖြစ်ရိုးဖြစ်စဉ်ရှိနိုင်ကြောင်း၊ လူသူအရောက်အပေါက်နည်းသည့်အတွက် သတိမထားမိတာမျိုး ဖြစ်နိုင်ကြောင်း၊ အသေးစိတ်အတိအကျကို ကျွမ်းကျင်ပညာရှင်များက အချိန်ယူလေ့လာဆန်းစစ်ပြီး အဖြေထုတ်မှသာ သိရှိနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျောက်ဖြူဒေသတွင် ထူးထူးခြားခြားဖြစ်ရပ်မရှိကြောင်း၊ သဘာဝပတ်ဝန်းကျင် ဆိုးရွားစွာပျက်စီးမှု၊ လူအများအပြား စိုးရိမ်လွန်မှုမရှိကြောင်းနှင့် ပုံမှန်အတိုင်း လုပ်ကိုင်စားသောက်နေကြကြောင်း ဦးရဲမြတ်သိန်း၏ ပြောပြချက်အရ သိရသည်။

**သတင်း-မင်းဟိန်း**
**ဓာတ်ပုံ-ခရိုင်ငါးလုပ်ငန်းဦးစီးဌာန**

# လှိုင်သာယာမြို့နယ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိ၊ ပြစ်မှုကျူးလွန်သူလေးဦးအား အလျင်အမြန် ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူ လေးဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အလျင်အမြန် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သေနတ်ဖြင့် အနီးကပ်ပစ်ခတ်**

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် အပြင်ပဒံကျေးရွာ ဆန်စက်လမ်းနေ ခင်မောင်လွင် (ခ) ဝကြီး (၅၆ နှစ်) နှင့် အောင်မင်းဦး တို့ အတူရှိနေစဉ် တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက်နေ စောလမွန် (ခ) ကိုစော အပါအဝင် လေးဦးသည် အငှားယာဉ်တစ်စီးဖြင့် ရောက်ရှိလာကြောင်း၊ စောလမွန် (ခ) ကိုစောက ၎င်းတို့ရရန်ရှိသည့် ခြံစည်းရိုးခတ်ခပေးချေရန် ကျန်ငွေကျပ် သိန်း ၃၃၀ အား ခင်မောင်လွင် (ခ) ဝကြီးထံ တောင်းရာမှ မရသဖြင့် အပြန်အလှန်စကားများပြီး စောလမွန် (ခ) ကိုစော တို့အဖွဲ့က ပစ္စတိုသေနတ်ဖြင့် အနီးကပ်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

**ဒဏ်ရာများရရှိ**

သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ခင်မောင်လွင် (ခ) ဝကြီး တွင် ယာနားထင်/ဦးခေါင်းနောက်စေ့အောက် ကျည်ဖောက်ဝင်ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း၊ အောင်မင်းဦးအား ၎င်းတို့လေးဦးက ဝိုင်းဝန်းထိုးကြိတ်သဖြင့် ဒဏ်ရာများ ရရှိခဲ့ပြီး ၎င်းအဖွဲ့က အောင်မင်းဦးအား လာရောက်သည့် အငှားယာဉ်ဖြင့် ဖမ်းဆီးခေါ်ဆောင်ကာ မအူပင်မြို့ဘက်သို့ ထွက်သည့်ကားလမ်းအတိုင်း ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းရလျှင်ရချင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လိုက်လံပိတ်ဆို့ဖမ်းဆီးရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ၎င်းတို့အဖွဲ့ ငှားရမ်းစီးနင်းလာသည့် အငှားယာဉ်နှင့် ယာဉ်မောင်းတို့မှတစ်ဆင့် သတင်းဆက်ရရှိပြီး အောင်ထွန်းချောင်းအတိုင်း စက်လှေဖြင့် တွံတေးတူးမြောင်းဘက်သို့ ထွက်ပြေးသွားကြောင်း သိရှိရ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့မှ ရေယာဉ်များဖြင့် ပူးပေါင်းပိတ်ဆို့ဖော်ထုတ်ရာ တွံတေးမြို့နယ် ရေကျော်လေးကျေးရွာရှိ ငါးကန်စောင့်တဲတစ်ခုအတွင်း အောင်မင်းဦးအား ဒဏ်ရာများဖြင့် တွေ့ရှိရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



**လှိုင်သာယာ၌ သေနတ်ပစ်ခတ်မှုကျူးလွန်ခဲ့သည့် စောလမွန် (ခ) ကိုစော နှင့်အဖွဲ့ကို သက်သေခံလက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။**

**ဖမ်းဆီးရမိ**

ရဲတပ်ဖွဲ့ဝင်များက ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် တွံတေးမြို့နယ် ရေကျော်လေးကျေးရွာအနီး အခြားငါးကန်ပေါင်များပေါ်၌ စောလမွန် (ခ) ကိုစော အပါအဝင် လေးဦးကို တွေ့ရှိသဖြင့် ခြောက်လှန့်ပစ်ခတ်ပြီး ဖမ်းဆီးခဲ့ရာ စောလမွန် (ခ) ကိုစော နှင့်အဖွဲ့အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပွိုင့် ၄၅ ပစ္စတိုတစ်လက်၊ ယင်းကျည် တစ်တောင့်၊ ရိုင်ဖယ်တန် တစ်လုံးထိုး သေနတ်တစ်လက်၊ ယင်းကျည် ငါးတောင့် တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖြစ်စဉ်အသေးစိတ်အခြေအနေ၊ သေနတ်လက်ဝယ်ရရှိမှု အခြေအနေတို့ကို ဆက်လက်ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# လားရှိုးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (၂၄) (လားရှိုး) မှ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရှောင်တခင် ရှာဖွေစစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် မူးယစ်တပ်ဖွဲ့စု (၂၄) မှ ရဲတပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ဟိုပိတ်အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ကွတ်ခိုင်မြို့နယ်ဘက်မှ လားရှိုးမြို့ဘက်သို့ ဖြိုးကို မောင်းနှင်လာပြီး မဲမောင် လိုက်ပါလာသည့် MGY-1F/---- MARK-X ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀၊ ငွေကျပ် ၁၄၀၀၀၀ နှင့် ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ပေါ်ပေါက်ချက်အရ လားရှိုးမြို့ ရပ်ကွက် (၇) နယ်မြေ (၆) နေ ဘိုဖြူနေအိမ်သို့ ဆက်လက်သွားရောက်ရှာဖွေခဲ့ရာ ဘိုဖြူအား မတွေ့ရှိရဘဲ ၎င်း၏ အစ်မဖြစ်သူ မဖြူအား တွေ့ရှိရပြီး နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀ နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ YGN/9N ---- Crown ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ထွက်ပြေးတိမ်းရှောင်နေသူ ဘိုဖြူအား အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ ဖြိုးကို(၂၃ နှစ်)၊ မဲမောင် (၂၆ နှစ်)နှင့် ထွက်ပြေးတိမ်းရှောင်နေသူ ဘိုဖြူ (၃၃ နှစ်) တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# တွန်းဇံနှင့် မူဆယ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

မူးယစ်တပ်ဖွဲ့စု (၅) ကလေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၅ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က တွန်းဇံမြို့နယ် ရှာလ်ထောဇန်ကျေးရွာလမ်း၌ ထန်ဆွမ်ကပ် (ခ) ကပ်ပူအား ရှာဖွေရာ ၎င်းထံမှ ဘိန်းစိမ်း ၄ ဒသမ ၅ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်-ခိုလမ်သွားကားလမ်းတွင် လောက်ဆန်း (ခ) အားဆန်း မောင်းနှင်လာသည့် ပါဂျဲရိုးယာဉ်ကို ရှာဖွေရာ အိုက်စ် ၁ ကီလိုစီပါ ရှစ်ထုပ်(စုစုပေါင်း အိုက်စ် ၈ ကီလို)၊ ကဖင်း ၁ ကီလိုစီပါ နှစ်ထုပ် (စုစုပေါင်း ကဖင်း ၂ ကီလို) နှင့် ငွေကျပ် ၆၀၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ယမန်နေ့ နံနက် ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် နမ့်စန့်ကျေးရွာတွင် မရွယ်ဆိုင်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် ဆပ်ပြာခွက် ၉၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၁ ကီလို တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးလိပ်သောက်သည့်ကိစ္စ အဆူခံရမည်စိုးရိမ်ကာ ကျောင်းသားသုံးဦး အဆိပ်နှင့် ဆီးထုပ်ရောစားသဖြင့် နှစ်ဦးသေဆုံးပြီး တစ်ဦးဆေးရုံတင်ထားရ

**ဖျာပုံ စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့၊ ဒေးဒလူကျေးရွာအုပ်စု ဘုန်းကြီးသောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခန့်က အသက် ၁၄ နှစ်အရွယ် အဋ္ဌမတန်းကျောင်းသား သုံးဦး ဆေးလိပ်သောက်သည်ကို အတန်းပိုင်ဆရာမသိသွားသဖြင့် အဆူခံရမည်စိုးရိမ်ကာ ကျောင်းအိမ်သာထဲတွင် ပိုတက်အဆိပ်နှင့် ဆီးထုပ် ရောစားခဲ့သဖြင့် နှစ်ဦးသေဆုံးပြီး တစ်ဦး ဆေးရုံတင်ထားရကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက်က မောင်ဇင်မင်းမောင်၊ မောင်ရန်နိုင်နှင့် မောင်အေးကျော် တို့သည် ဆေးလိပ်သောက်နေသည်ကို အဋ္ဌမတန်း အတန်းပိုင်ဆရာမ ဒေါ်ခိုင်ခိုင်ဦးက တွေ့ရှိသဖြင့် မောင်အေးကျော် ပါ သုံးဦးတို့က မိဘများအား ဆရာမမှ ခေါ်ယူတွေ့ဆုံပါက ၎င်းတို့အား အဆူခံရမည်စိုးရိမ်၍ စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့် နေ့လယ်ကျောင်းဆင်းချိန်တွင် ဘုန်းကြီးသောင်ကျေးရွာရှိ ဒေါ်ခင်မေသန်း ဈေးဆိုင်မှ ဆီးထုပ်တစ်ထုပ်နှင့် ပိုတက်အဆိပ် ငွေကျပ် ၁၀၀၀ ဖိုးဝယ်ယူကာ ကျောင်းသို့ပြန်လာပြီး ကျောင်းအိမ်သာထဲ၌ ဆီးထုပ်နှင့် ပိုတက်အဆိပ်ကို ရောစားခဲ့ကြကြောင်း မောင်အေးကျော်က ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်းအား ပြောပြခဲ့ကြောင်း သိရသည်။

ထို့နောက် ခဏအကြာတွင် ကျောင်းအိမ်သာထဲ၌ မောင်ဇင်မင်းမောင်နှင့် မောင်ရန်နိုင်တို့မှာ သတိလစ်မေ့မြောသွားပြီး မောင်အေးကျော်မှာ မူးဝေအော့အန်ခဲ့ကြောင်း ပြောပြသဖြင့် ယင်းကျေးရွာရှိ ဖြိုးထက်ဆေးခန်း ဒေါက်တာ ဟန်နီချိုထံတွင် ပြသခဲ့ပြီးနောက် မိဘအုပ်ထိန်းသူများထံသို့ ဆက်သွယ်အကြောင်းကြားပြီး ကျုံကဒွန်းတိုက်နယ်ဆေးရုံသို့ ဆက်လက်ပို့ဆောင်စစ်ဆေးခဲ့ရာ မောင်ဇင်မင်းမောင်နှင့် မောင်ရန်နိုင် မှာ သေဆုံးပြီး မောင်အေးကျော်မှာ မူးဝေအော့အန်နေသဖြင့် ယနေ့ ညနေ ၄ နာရီခန့်က ကျုံကဒွန်းတိုက်နယ်ဆေးရုံမှတစ်ဆင့် ဖျာပုံဆေးရုံကြီးသို့ လွှဲပြောင်း ဆေးကုသခံယူလျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဆွေဦးထံမှ သိရသည်။

**ကျော်စိုးမိုး**

# ညောင်ဦးမြို့၌ ယာဉ်တိုက်မှုဖြစ် တစ်ဦးသေ၊ ၁၆ ဦး ဒဏ်ရာရ

**ညောင်ဦး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံမြို့ဟောင်းသွား အနော်ရထာလမ်းပေါ်တွင် စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပုဂံမြို့နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ခင်မောင်ဦးထံမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲက အနော်ရထာလမ်းပေါ်တွင် ယာဉ်ကြောမရှင်းဘဲ ဖြတ်ကူးလာသော ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ယာဉ်မောင်း ရဲစိုး (၃၀ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 3F /---- Toyo Ace ယာဉ်နှင့် အနော်ရထာလမ်းကို အရှေ့မှ အနောက်သို့ ယာဉ်မောင်း ဦးကိုကိုကြီး (၄၆ နှစ်) ဗန္ဓုလအိမ်ရာ ဒဂုံတောင်မြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 4F/ ---- Hyundai Express ယာဉ်တို့ ဝင်ရောက်တိုက်မိခဲ့ခြင်း ဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေသူ ဒေါ်မြင့် (၅၆ နှစ်) မှာ ဒဏ်ရာများရရှိပြီး သေဆုံးသွားသည်။ ထို့ပြင် မသီတာ (၄၀ နှစ်)၊ ကျော်သူရ (၂၀ နှစ်)တို့ အပါအဝင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၆ ဦးတို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၆**

မောင်တောမြို့နယ် နယ်မြေ (၁) အမှတ် (၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ဗန္ဓုလရဲကင်းစခန်းမှ ရဲမှူး ဇော်လင်းအောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ စကားပြန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၁၁) BGB တပ်ရင်း Targupara ကင်းစခန်းမှ Naib Subedar Md. Rulwl Amin ဦးစီးသောအဖွဲ့ဝင်များ၊ စကားပြန်/လမ်းပြ လေးဦးတို့သည် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ မှ ၁၂ နာရီ မိနစ် ၄၀ အထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၅၂) မှ (၅၃) အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၁ နာရီ မိနစ် ၄၀ မှ ၁၂ နာရီ မိနစ် ၄၅ အထိ မောင်တောမြို့နယ် နယ်မြေ (၂) အမှတ် (၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးရံ့ချောင်းကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်ကျော် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ စကားပြန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၃၄) BGB တပ်ရင်း Rejupara ကင်းစခန်းမှ Naib Subedar Md. Mojibur Rahman ဦးစီးသောတပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၁) မှ (၄၁/၂) အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# မင်္ဂလာတောင်ညွန့်၌ ဓားဖြင့်ဝိုင်းခုတ်သူများအား အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မိမိစိုးသည် စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ခင်ပွန်းဖြစ်သူ ဇော်ထွန်းမင်း (ခ) ဇော်ကြီးနှင့်အတူ 6M/--- ဟိုက်ဂျက်ယာဉ်ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စံပြအမဲဈေးသို့ ထွက်လာစဉ် မြယာကုန်းလမ်းနှင့် ၁၂၃ လမ်းထိပ်အရောက်၌ ယာဉ် သုံးစီး (စီစစ်ဆဲ) မှ ရှေ့နောက်ပိတ်ရပ်ကာ အဆိုပါယာဉ်များပေါ်မှ ယခင်က စကားများဖူးသော ဟူစိန် ပါ အမျိုးသား ခုနစ်ဦး ဆင်းလာပြီး ဓားများဖြင့် ဝိုင်းခုတ်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ဒေါ်မိမိစိုးနှင့် ဇော်ထွန်းမင်း (ခ) ဇော်ကြီး တို့တွင် ပြတ်ရှဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ကာ ဟူစိန်ပါ ပြစ်မှုကျူးလွန်သူများကို မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ နုတ်ထွက်မည့်အပြင် အိုင်စီစီသည် အမေရိကန်အပေါ် တရားစီရင်ပိုင်ခွင့်မရှိဟု ထရမ့်ပြော

ဂျီနီဗာ စက်တင်ဘာ ၂၆

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် စက်တင်ဘာ ၂၅ ရက်က မိန့်ခွန်းပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာတွင် အမေရိကန်ကို အမေရိကန်နိုင်ငံသားများကသာ အုပ်ချုပ်ရမည်ဟူသော စကားအတိုင်းပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံသားများ စိုးရိမ်နေကြသော မြောက်ကိုရီးယားနှင့်ဆွေးနွေးပွဲ၊ အီရန်နှင့်ဆက်ဆံရေးတင်းမာမှု၊ တရုတ်နှင့် ကုန်သွယ်ရေးအခြေအနေတို့ကို ပြောကြားခဲ့သည်။**



ထို့ပြင် အမေရိကန်အစိုးရသည် အမေရိကန်နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ ဦးစားပေးမည်ဟုလည်း ပြောကြားခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေးကိုအကာအကွယ်ပြုကာ အမေရိကန်နှင့်အမေရိကန်၏ မဟာမိတ်များကို ဖိနှိပ်နေကြောင်း ယမန်နှစ်ကတည်းက သတိပေးထားပြီးဖြစ်သည်ဟုလည်း သမ္မတ ထရမ့်က ပြောသည်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် နစ်ကီဟာလေ သည် ရှင်းလင်းသည့် ပြုပြင်ပြောင်းလဲမှုများကို ချပြခဲ့ပြီးဖြစ်သည်။ သတိပေးမှုများ၊ တင်ပြမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း အရေးယူဆောင်ရွက်မှုများ ပေါ်မလာခဲ့ပေ။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ နုတ်ထွက်ကြောင်းနှင့် ပြုပြင်ပြောင်းလဲမှုများ မပြုလုပ်မချင်း လူ့အခွင့်အရေးကောင်စီသို့ပြန်လာမည် မဟုတ်ကြောင်းလည်း ထရမ့်က ပြောသည်။

အလားတူ အချက်များကြောင့်ပင် အမေရိကန်သည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) ကိုလည်း အသိအမှတ်ပြုမည် မဟုတ်ကြောင်း၊ အိုင်စီစီသည် အမေရိကန်အပေါ် အခွင့်အာဏာသက်ရောက်ခြင်း မရှိသကဲ့သို့ တရားစီရင်ပိုင်ခွင့်လည်း မရှိကြောင်း၊ အိုင်စီစီက နိုင်ငံတိုင်းရှိ နိုင်ငံသားတိုင်းကိုတရားစီရင်ပိုင်ခွင့်ရှိသည်ဟုဆိုသော်ငြားလည်း အမှန်တရားကို ချိုးဖောက်မှုများ၊ တရားမျှတမှုကို ချိုးဖောက်မှုများ ရှိနေကြောင်း၊ အမေရိကန်သည် ၎င်း၏ အချုပ်အခြာအာဏာကို ရွေးကောက်ထားခြင်းမရှိသော၊ တာဝန်ခံမှုမရှိသော ကမ္ဘာလုံးဆိုင်ရာ ဗျူရိုကရေစီကိုအလျှော့ပေးလိမ့်မည်မဟုတ်ကြောင်း ထရမ့်က ထပ်မံပြောကြားခဲ့သည်။

အမေရိကန်ကို အမေရိကန်နိုင်ငံသားများကသာ အုပ်ချုပ်ရမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည်ဟူသော အယူအဆကို လက်မခံကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

**ဗွီအိုအိတ်ခ်ဒေါ့ကွန်း**

# အင်ဒိုနီးရှားဆယ်ကျော်သက်တစ်ဦး ပင်လယ်အတွင်း ၄၉ ရက်ကြာ မျောပါ

**ဂျကာတာ စက်တင်ဘာ ၂၆**

အင်ဒိုနီးရှား ဆယ်ကျော်သက်တစ်ဦးသည် ပင်လယ်အတွင်း ရက် ၅၀ နီးပါး မျောပါနေခဲ့ပြီးနောက် ယခုအခါ နေအိမ်သို့ သေကံမရောက် သက်မပျောက် ပြန်လာနိုင်ပြီ ဖြစ်သည်။ အသက် ၁၈ နှစ်အရွယ် အယ်ဒီနိုဗယ်အက်ဒီလန်းသည် ဇူလိုင်လအတွင်းက ဆူလာဝီဆီကျွန်းမှ ဝါးဖောင်ဖြင့် ငါးဖမ်းထွက်လာစဉ် မုန်တိုင်းမိခဲ့သည်။

မုန်တိုင်းကြောင့် ဖောင်ကြိုးပြတ်သွားပြီး ၎င်း၏ဖောင်မှာ ပင်လယ်အတွင်း မျောပါသွားခဲ့သည်။ အက်ဒီလန်းတွင် ရက်အနည်းငယ်အတွက် အစားအစာအချို့နှင့် သောက်ရေပါသွားခဲ့သည်။ ၎င်းသည် ငါးများကိုချက်စားရန် ၎င်း၏ ဖောင်အစိတ်အပိုင်းအချို့ကို မီးရှို့ခဲ့ရသည်။ သီတင်းပတ်တစ်ပတ်စာသာ သောက်ရေပါသွားခဲ့သည်။

၎င်းသည် အဝတ်အစားများကို ပင်လယ်ရေအတွင်းစိမ်ကာ အဝတ်ကိုညှစ်ပြီးကျလာသည့်ရေကို သောက်သုံးခဲ့သည်။ ထို သို့ သောက်သုံးခြင်းသည် ပင်လယ်ရေကို တိုက်ရိုက်သောက်သုံးခြင်းထက် ပို၍အဆင်ပြေသည်ဟု အက်ဒီလန်းက ရှင်းပြခဲ့သည်။ ဩဂုတ်လ ၃၁ ရက်နေ့တွင် သင်္ဘောကြီး တစ်စင်းက ၎င်းအား အနောက်ပစိဖိတ်ဂူအမ်ကျွန်းအနီးတွင် တွေ့ရှိခဲ့ပြီး ကယ်တင်ခဲ့သည်။ ၎င်းကို တွေ့ရှိခဲ့သည့်နေရာမှာ ဆူလာဝီဆီကျွန်းနှင့် ကီလိုမီတာ ၂၀၀၀ ခန့်ကွာဝေးသည်။



သင်္ဘောဖြင့် ဂျပန်သို့ပါသွားခဲ့ပြီးနောက် အက်ဒီလန်းသည် စက်တင်ဘာ ၈ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ အက်ဒီလန်းက ၎င်းသည် ပင်လယ်အတွင်း မျောပါစဉ်က တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်လိုက်ရန်လည်း တွေးခဲ့မိကြောင်း၊ သို့သော် မိသားစုကို နောက်တစ်ကြိမ်ပြန်တွေ့လိုသောစိတ်ဖြင့် စိတ်ခတ်ကျမှုကို တွန်းလှန်နိုင်ခဲ့ကြောင်း ပြောပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တူရကီသမ္မတနှင့် ဂျာမနီဝန်ကြီးချုပ်တို့ တွေ့ဆုံမည်

**အန်ကာရာ စက်တင်ဘာ ၂၆**

တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်သည် ယခုသီတင်းပတ်အတွင်း ဂျာမနီနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီးသွားရောက်မည် ဖြစ်သည်။ နှစ်နိုင်ငံကြား သဘောထားတင်းမာမှုများကိုလျှော့ချပြီး ချစ်ကြည်ရေး ပြန်လည်တည်ဆောက်ရန် ရည်ရွယ်၍ သွားရောက်ခြင်းဖြစ်သော်လည်း ၎င်း၏ခရီးစဉ်အတွင်း ဆန့်ကျင်ဆန္ဒပြမှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ယခုတစ်ကြိမ်ခရီးစဉ်သည် ၂၀၁၄ ခုနှစ် တူရကီသမ္မတ ဖြစ်လာချိန်မှစ၍ သမ္မတအာဒိုဂန်အတွက် ပထမဆုံးအကြိမ်အဖြစ် ဂျာမနီသို့ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် ဆန္ဒပြပွဲအတွင်း ဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းခဲ့ပြီးနောက် သမ္မတအာဒိုဂန်ကို ဘာလင်က ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။ ယခုတစ်ကြိမ် ခရီးစဉ်၏အဓိကရည်ရွယ်ချက်မှာ နှစ်နိုင်ငံသဘောထားတင်းမာမှုများမှ ကျော်လွှားရန်ပင်ဖြစ်ကြောင်း အာဒိုဂန်ကတူရကီမီဒီယာများကို ပြောသည်။ တူရကီခေါင်းဆောင်များသည် ကြာသပတေးနေ့တွင် ဂျာမနီနိုင်ငံဘာလင်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ ထို့နောက် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် နှစ်ရက်ကြာ ဆွေးနွေးသွားမည်ဖြစ်သည်။

ဆီးရီးယားရှိ ကာ့ဒ်သူပုန်များအပေါ် တူရကီ၏ဖိနှိပ်မှုများအတွက် ဂျာမနီတစ်လွှားမှ ပြည်သူများသည် ကန့်ကွက်ဆန္ဒပြကြမည်ဖြစ်သည်။ အာဒိုဂန်အား မကြိုဆိုပါဟူသော ဆောင်ပုဒ်ဖြင့် လူပေါင်းတစ်သောင်းခန့်သည် ဘာလင်မြို့တွင် ဆန္ဒပြကြမည်ဟု ခန့်မှန်းထားသည်။ အာဒိုဂန်ကိုဖြုတ်ချရန်ကြိုးပမ်းမှုဖြင့် တူရကီတွင် လူထောင်ပေါင်းများစွာအဖမ်းခံရပြီးနောက် တူရကီနှင့် ဂျာမနီတို့၏ဆက်ဆံရေးမှာ ဆိုးရွားသွားခဲ့သည်။ အဖမ်းခံရသူများထဲတွင် ဂျာမနီနိုင်ငံသားများလည်း ပါဝင်ခဲ့သည်။

**အေအက်ဖ်ပီ**

# အီရန်စစ်ရေးပြပွဲ တိုက်ခိုက်ခံရမှုနှင့်ပတ်သက်ပြီး သံသယရှိသူ ၂၂ ဦးကို ဖမ်းဆီး

**တီဟီရန် စက်တင်ဘာ ၂၆**

အီရန်နိုင်ငံတောင်ပိုင်း အာ့ဗက်ဇ်မြို့တွင် စက်တင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့သော စစ်ရေးပြပွဲတစ်ခု တိုက်ခိုက်ခံရမှုနှင့် ပတ်သက်သည့် ၂၂ ဦးကို အီရန်နိုင်ငံ စုံစမ်းထောက်လှမ်းရေးဌာနက ဖမ်းဆီးခဲ့ကြောင်း တီဟီရန်တိုင်းမ်သတင်းတွင် မကြာသေးမီတွင် ဖော်ပြခဲ့သည်။

စစ်ရေးပြအခမ်းအနားတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူများထံမှ လက်နက်များ၊ အထူးပြုလုပ်ထားသော ပစ္စည်းများနှင့် ဆက်သွယ်ရေး စက်ကိရိယာများကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

သက်ဆိုင်ရာ အာဏာပိုင်များက ဖမ်းဆီးမှုနှင့်ပတ်သက်သည့် သံသယရှိသူများ၏ ကိုယ်ရေးအချက်အလက်များကို အသေးစိတ်ထုတ်ပြန်ခြင်း မရှိကြောင်း သိရသည်။

၁၉၈၀-၁၉၈၈ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် အီရန်-အီရတ်စစ်ပွဲ အထိမ်းအမှတ်အဖြစ် အော့ဗက်ဇ်မြို့တွင် စက်တင်ဘာ ၂၂ ရက်နံနက်ပိုင်းက ပြုလုပ်သော စစ်ရေးပြပွဲတွင် အီရန်နိုင်ငံ အစွလာမ့်စစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ဝတ်စုံဝတ်ဆင်ထားသော သေနတ်သမား လေးဦးက တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုကြောင့် ၂၅ ဦး ထက်မနည်း သေဆုံးခဲ့ပြီး အခြား ၆၀ ဒဏ်ရာရရှိခဲ့ကာ သေဆုံးဒဏ်ရာရရှိသူများတွင် စစ်သားများနှင့် အရပ်သားများ ပါဝင်ကြောင်း သိရသည်။

အချို့မီဒီယာများတွင် တိုက်ခိုက်သူအရေအတွက်ကို ငါးဦးအဖြစ် စက်တင်ဘာ ၂၅ ရက်က ဖော်ပြခဲ့ပြီး ၎င်းတို့အနက် နှစ်ဦးမှာ သေဆုံးသွားခဲ့ကြောင်း ဖော်ပြခဲ့သည်။ အီရန်နိုင်ငံသည် အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး အမေရိကန်နိုင်ငံနှင့် ဒေသတွင်းရှိ ၎င်း၏ မဟာမိတ်များအား စွပ်စွဲပြစ်တင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# အမေရိကန်၏ပိတ်ဆို့မှုများသည် စီးပွားရေးအရ အကြမ်းဖက်မှုသာဖြစ်ဟု အီရန်သမ္မတဆို

**တီဟီရန် စက်တင်ဘာ ၂၆**

အမေရိကန်ပြည်ထောင်စု၏ အီရန်နိုင်ငံအပေါ်ပိတ်ဆို့မှုများသည် စီးပွားရေးအရ အကြမ်းဖက်မှုများသာဖြစ်သည်ဟု အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီကပြောသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အီရန်နိုင်ငံအပေါ် ပိုမိုပြင်းထန်သည့် နောက်ထပ်ပိတ်ဆို့မှုများပြုလုပ်မည်ဟု ရည်ရွယ်ထားကြောင်း မိန့်ခွန်းပြောကြားခဲ့ပြီးနောက် အီရန်သမ္မတကလည်း ကုလအထွေထွေညီလာခံ၌ပင် အင်္ဂါနေ့က မိန့်ခွန်းပြောကြားရသည့်အခါ ထိုသို့တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် နျူကလီးယားသဘောတူစာချုပ်မှ မေလအတွင်းတွင် နုတ်ထွက်ခဲ့ပြီးနောက် ပိတ်ဆို့မှုများ ပြုလုပ်ရန် ဖိအားပေးခဲ့သည်။

၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ်သည် အီရန်နိုင်ငံအပါအဝင် အင်အားကြီးခြောက်နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားသော စာချုပ်ဖြစ်သည်။ တစ်ဖက်သတ်ဆန်ပြီး တရားမဝင်သော အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများသည် စီးပွားရေးအရ အကြမ်းဖက်ခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်ကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ပြောသည်။ အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုကြောင့် အီရန်နိုင်ငံမှပြည်သူများသာ ထိခိုက်ခံစားရခြင်းမဟုတ် ကမ္ဘာ့ကုန်သွယ်ရေးကိုပါ ထိခိုက်စေနိုင်ကြောင်းလည်း ၎င်းကဆက်ပြောသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆွေးနွေးပွဲများပြန်လည်စတင်ရန်အတွက်မူ သမ္မတရိုဟာနီက ရှေ့လူများလုပ်ခဲ့သည့် မူဝါဒများကို ချိုးဖောက်ခဲ့သည်။ အစိုးရနှင့်မည်သို့ ဆွေးနွေးပွဲပြုလုပ်ရမည်နည်းဟု အီရန်သမ္မတက မေးမြန်းခဲ့သည်။ အကယ်၍ ဆွေးနွေးပွဲပြန်စလိုလျှင် အမေရိကန်ဘက်မှ ဖိနှိပ်ချုပ်ချယ်ထားသည့် မူဝါဒများကို အဆုံးသတ်ပေးရန် လိုအပ်သည်ဟု ပြောသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### လန်ဒန်မြို့အရှေ့ပိုင်း၌ ကိုကင်းများ ဖမ်းဆီးရမိ

**လန်ဒန် စက်တင်ဘာ ၂၆**

လန်ဒန်မြို့အရှေ့ပိုင်းတွင် ဗြိတိန်ရဲတပ်ဖွဲ့က စီးနင်းရှာဖွေမှုတစ်ခုပြုလုပ်ခဲ့ရာ ရှူးဖိနပ်ဘူးများအတွင်း ထည့်ထားသည့် ကိုကင်း ၇၀ ကီလိုဂရမ်နှင့် စတာလင်ပေါင် ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၁၈၀၄) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၄ ရက်ညပိုင်းတွင် ရွမ်ဖိုဒ်မြို့ရှိ လိပ်စာတစ်ခုကို ရာဇဝတ်နှိမ်နင်းရေး အရာရှိများက ဝင်ရောက်စီးနင်းခဲ့ရာ မောင်ခိုဈေးကွက်တွင် စတာလင်ပေါင် ၃ ဒသမ ၅ သန်းပေါက်ဈေးရှိသည့် မူးယစ်ဆေးဝါးများကို တွေ့ရှိခဲ့ကြောင်း၊ ထို့အပြင် စုံထောက်များက သေနတ်တစ်လက်ကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြောင်းသက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ကိုကင်းများထောက်ပံ့ပေးရာတွင် ပူးပေါင်းပါဝင်ကြံစည်ခြင်း၊ ရာဇဝတ်မှုဆိုင်ရာ ပစ္စည်းများအား လက်ဝယ်ပိုင်ဆိုင်ထားခြင်း၊ လက်နက်ယမ်းများအား ကိုင်ဆောင်ထားခြင်းတို့ဖြင့် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ ၎င်းတို့ငါးဦးကို လန်ဒန်မြို့အရှေ့ပိုင်းရဲစခန်းတွင် စက်တင်ဘာ ၂၅ ရက်က စစ်ဆေးမေးမြန်းခဲ့ကြောင်းလည်း သိရသည်။

**ဆင်ဟွာ**

### အင်စတာဂရမ် ပူးတွဲတည်ထောင်သူနှစ်ဦး ရာထူးမှ နုတ်ထွက်

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၂၆**

အင်စတာဂရမ် ပူးတွဲတည်ထောင်သူနှစ်ဦး အလုပ်မှ နုတ်ထွက်သွားကြောင်းနှင့် ၎င်းတို့သည် မူရင်းဖေ့စ်ဘုတ်ကုမ္ပဏီနှင့် စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒပိုင်းတွင် သဘောထားကွဲလွဲသောကြောင့် ယခုကဲ့သို့ နုတ်ထွက်သွားခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များဖြန့်ချိရာတွင် အဓိကဝန်ဆောင်မှုပေးသော အင်စတာဂရမ်ကို ၂၀၁၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ကြောင်းနှင့် ၎င်းကို ဖေ့စ်ဘုတ်က ၂၀၁၂ခုနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖြင့် ဝယ်ယူခဲ့ကြောင်း၊ ယခုအခါတွင် အင်စတာဂရမ်ကို အသုံးပြုသူ တစ်ဘီလီယံကျော်လွန်လာပြီဖြစ်ကြောင်း သိရသည်။

မည်သည့်ကိစ္စကြောင့် ယခုကဲ့သို့ ရာထူးမှနုတ်ထွက်ခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားမှု မပြုလုပ်ဘဲ အင်စတာဂရမ်၏ အမှုဆောင်အရာရှိချုပ် ကယ်ဗင်စစ်ထရွန်နှင့် နည်းပညာအကြီးအကဲမစ်ကီဂရစ်ဂါတို့သည် ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။

ယခုနုတ်ထွက်သွားသူနှစ်ဦးသည် ဖေ့စ်ဘုတ်အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘာက်နှင့် မူဝါဒကိုကာကွယ်ရင်း အကျိုးအမြတ်ကို မည်သို့လုပ်ဆောင်မည်ဆိုသည့်ကိစ္စတွင် အမြင်ချင်းမတူကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပြည်တွင်းစစ်ကြောင့် သောကပွေနေတဲ့ ယီမင်နိုင်ငံရဲ့ လတ်တလော အခြေအနေ

**ထွန်းသစ်စ**



ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့ဟာ ၂၀၁၅ ခုနှစ်မှစကာ ယီမင်မှာ စစ်ဆင်ရေးဆင်နွှဲလာတာ သုံးနှစ်ကျော် ကာလထဲကို ဝင်ရောက်လာခဲ့ပြီဖြစ်ပါတယ်။ သူတို့ဟာ ယီမင်မြို့တော်နဲ့ ပြည်နယ် အတော်များများကို ထိန်းချုပ်ထားတဲ့ သူပုန်တွေကို ပြန်လည်တိုက်ထုတ်တဲ့ နေရာမှာ အစိုးရကိုကူညီနေတဲ့ အဖွဲ့လည်း ဖြစ်ပါတယ်။

ယီမင်စစ်ပွဲသုံးနှစ်ကျော်ကြာလာခဲ့တာနဲ့အမျှ လူပေါင်း ၁၀၀၀၀နီးပါး သေဆုံးခဲ့ရပါတယ်။ သေဆုံးသူအများစုမှာ အရပ်သားတွေဖြစ်ကြပါတယ်။ ထို့အတူ ဒဏ်ရာရသူပေါင်း ၅၅၀၀၀ မကရှိခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကပြောခဲ့ပါတယ်။

လူပေါင်း ၂၂၀၀ ကျော်ဟာ ကာလဝမ်းရောဂါကြောင့် သေဆုံးခဲ့ပြီး ယီမင်နိုင်ငံရဲ့အချို့ဒေသတွေဟာဆိုရင် ငတ်မွတ်ခြင်းဘေးကြီးတောင် ဆိုက်ကပ်နေပါတယ်။ ယီမင်ပဋိပက္ခဟာ ကုလသမဂ္ဂပြောပြောနေတဲ့ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခတစ်ခု ဖြစ်ပါတယ်။

**ဟူသီတွေကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်**

ယီမင်မြို့တော် ဆာနားနဲ့ ယီမင်ရဲ့ ဒေသအတော်များများ ရှီးယိုက်ဟူသီသူပုန်တွေရဲ့လက်တွင်းသက်ဆင်းပြီး ခြောက်လအကြာမှာ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်အဖွဲ့ဟာ ၂၀၁၅ မတ်လမှစကာ ရှီးယိုက်ဟူသီသူပုန်တွေကို လေကြောင်းတိုက်ခိုက်မှုတွေလုပ်ခဲ့ပါတယ်။

မဟာမိတ်တပ်ဖွဲ့ဟာ ယီမင်သမ္မတ အဘီဒရာဘိုမန်ဆောဟာဒီကို ကာကွယ်ပေးပြီး သူ့ကို နိုင်ငံတကာ အသိအမှတ်ပြု အစိုးရတစ်ရပ်ဖြစ်ပေါ်စေရေးဆောင်ရွက်ပေးချင်တဲ့ ဆန္ဒရှိပါတယ်။

မဟာမိတ်တပ်ဖွဲ့တွေ ယီမင်ကို စတင်အခြေချဝင်ရောက်လာတဲ့အချိန်ကတည်းက ပထမဆုံးအကြိမ် အောင်မြင်မှုအဖြစ် အစိုးရတပ်ဖွဲ့တွေဟာ ယီမင်နိုင်ငံရဲ့ တောင်ပိုင်းပြည်နယ် အေဒင်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင်လမှာ ဟာဒီက ကြေညာခဲ့ပါတယ်။

ယီမင်နိုင်ငံရဲ့ မြို့တော်ဆာနားကို ဆုံးရှုံးနေတဲ့ အခြေအနေမှာရှိသေးတဲ့အတွက် အေဒင်ကိုပဲ ယီမင်နိုင်ငံရဲ့ အုပ်ချုပ်ရေးမြို့တော်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် ဩဂုတ်လအလယ်လောက်မှာ အစိုးရသြဇာခံ တပ်ဖွဲ့တွေဟာ တောင်ပိုင်းပြည်နယ်ငါးခုကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။

အောက်တိုဘာလမှာ အစိုးရတပ်ဖွဲ့တွေဟာ ကမ္ဘာ့အစည်ကားဆုံး သင်္ဘောလမ်းကြောင်းတစ်ခုဖြစ်သလို မဟာဗျူဟာ အကျဆုံးဖြစ်တဲ့ ဘာ့ဘ်အယ်လ်မန်ဒပ် ရေလက်ကြားကို သိမ်းယူနိုင်ခဲ့ပါတယ်။

**သမ္မတဟောင်းကို လုပ်ကြံသတ်ဖြတ်**

၂၀၁၇ ခုနှစ်မှာ သူပုန်အုပ်စုအတွင်း အကွဲအပြဲတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီလို အကွဲအပြဲဖြစ်ပေါ်ခဲ့တဲ့ ရလဒ်က နောက်ဆုံးမှာ ဟာဒီရဲ့နောင်တော် ယခင်ယီမင်သမ္မတ အလီအဗ္ဗဒူလာ ဆာလေကို လုပ်ကြံသတ်ဖြတ်တဲ့အထိ ဖြစ်ပွားခဲ့ပါတယ်။ သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေကို ဒီဇင်ဘာလမှာ ဟူသီသူပုန်တွေက လုပ်ကြံသတ်ဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ သူပုန်တွေဟာ မြို့တော်ကို ပိုမို စိုးမိုးအုပ်ချုပ်လာခဲ့ကြပါတယ်။

**တန်ခိုးထွားလာတဲ့ ဟူသီသူပုန်များ**

မြို့တော်အပါအဝင် နိုင်ငံမြောက်ပိုင်းနေရာအတော်များများကို ထိန်းချုပ်နိုင်ရန် ဟူသီသူပုန်တို့က နှစ်ပေါင်းအတော်ကြာအောင် လုပ်ဆောင်လျက်ရှိပါတယ်။ ဆော်ဒီအာရေဗျ မဟာမိတ်ညွန့်ပေါင်းအဖွဲ့ဟာ ဟူသီတို့ကို နှိမ်နင်းဖို့ကြိုးစားပေမယ့်လည်းအလုံးစုံတော့ မအောင်မြင်သေးပါဘူး။ အခုဆိုရင် ဟူသီသူပုန်တွေဟာ ယီမင်မှာ ပိုမိုတန်ခိုးထွားလာကြပါတယ်။

ဟူသီသူပုန်တွေဟာ ယီမင်နိုင်ငံရဲ့ မြို့တော်ကို အမိအရ ဖမ်းဆုပ်ထားပြီး အင်အားချဲ့ထွင်ဖို့ကြိုးစားလျက် ရှိပါတယ်။ အဲဒီအချိန်မှာပဲ အစိုးရတပ်ဖွဲ့တွေအတွင်းမှာ သဘောထားမတိုက်ဆိုင်မှုတွေ ဖြစ်ပေါ်လာခဲ့ပြီး ၂၀၁၈ခုနှစ် ဇန်နဝါရီလမှာပဲ တောင်ပိုင်းခွဲထွက်ရေးသမားတွေနဲ့ ဟာဒီအစိုးရသစ္စာခံတပ်တွေကြား ပြင်းထန်တဲ့ ပဋိပက္ခတွေပေါ်ပေါက်လာခဲ့ပါတယ်။

**လက်နက်ထောက်ပံ့တယ်ဆိုတဲ့ စွပ်စွဲချက် အီရန်ငြင်းဆို**

၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစပြီး သူပုန်တွေဟာ အိမ်နီးချင်းဆော်ဒီအာရေဗျမှာ ဒုံးကျည်တိုက်ခိုက်မှုတွေကို အရှိန်အဟုန် ပြင်းပြင်းဆောင်ရွက်လျက်ရှိပါတယ်။ ဆော်ဒီအာရေဗျဟာ သူ့ရဲ့ မဟာရန်သူတော်ကြီးဖြစ်တဲ့ အီရန်ဟာ သူပုန်တွေကို လက်နက်တွေ ထောက်ပံ့ပေးနေတယ်ဆိုပြီး စွပ်စွဲခဲ့ပါတယ်။ သို့သော်လည်း အဲဒီစွပ်စွဲချက်ကို အီရန်က ငြင်းဆိုခဲ့ပါတယ်။

၂၀၁၈ခုနှစ် မတ်လတစ်လတည်းမှာပဲ ရီယာ့ဒ်ကို သုံးစင်းအပါအဝင် စုစုပေါင်း ဒုံးကျည်ခုနစ်စင်း တိုက်ခိုက်ခံခဲ့ရပါတယ်။ ဇွန်လ ၉ ရက်မှာဆော်ဒီနိုင်ငံရဲ့တောင်ပိုင်း ဂျီဆန်ဒေသမှာ သူပုန်တွေရဲ့ ဒုံးကျည်ကြောင့် အရပ်သားသုံးဦးသေဆုံးခဲ့ပါတယ်။

အာရပ်စော်ဘွားများပြည်ထောင်စုပါဝင်တဲ့ ညွန့်ပေါင်းမဟာမိတ်အဖွဲ့က သူပုန်တွေဟာ စုစုပေါင်းဒုံးကျည် ၁၆၅ စင်း ပစ်ခတ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

**ဆိပ်ကမ်းမြို့ရန်သူ့လက်တွင်း သက်ဆင်း**

ဟူသီသူပုန်တွေကို တိုက်ခိုက်ရင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ အစိုးရတပ်ဖွဲ့တွေဟာ ရန်သူ့ခံစစ်ကို ထိုးဖောက်ဝင်ရောက်ပြီး ဆိပ်ကမ်းမြို့တော် ဟိုဒေးဒါရ်ကို ပြန်လည်သိမ်းပိုက်အောင်မြင်ခဲ့ပါတယ်။

ဟိုဒေးဒါရ် ဆိပ်ကမ်းမြို့ဟာ အစားအစာနဲ့အကူအညီတွေ အများဆုံးဝင်ရောက်ရာ ဆိပ်ကမ်းမြို့လေး ဖြစ်ပါတယ်။ အဲဒီမြို့လေးဟာ သူပုန်တွေလက်ထဲကို ၂၀၁၄ ခုနှစ်ကတည်းက ကျရောက်ခဲ့တာ ဖြစ်ပါတယ်။ သူပုန်တွေအနေနဲ့ ယီမင်နိုင်ငံရဲ့ မြို့တော်ဆာနာကို သိမ်းပိုက်ပြီး သိပ်မကြာခင်မှာပဲ ဟိုဒေးဒါရ်ဆိပ်ကမ်းမြို့ဟာ အလွယ်တကူနဲ့ ရန်သူ့လက်တွင်းသို့ သက်ဆင်းခဲ့တာ ဖြစ်ပါတယ်။

အစိုးရတပ်ဖွဲ့ဟာ ၎င်းရဲ့ ထိုးစစ်ကို အရှိန်မြှင့်လိုက်ပြီး ဧပြီလမှာပဲ သူပုန်ဘက်က ဒုတိယတိုင်းမှူးအဆင့်ရှိ ကွပ်ကဲရေးမှူးတစ်ဦးဖြစ်သူ ဆာလေအယ်လ်ဆမ်မက်ဟာ ညွန့်ပေါင်းမဟာမိတ်အဖွဲ့ရဲ့ လေကြောင်း ဗုံးကြဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ပါတယ်။

ဇွန် ၁၃ ရက်နေ့ကလည်း ဆော်ဒီတပ်ဖွဲ့တွေနောက်ခံအင်အားပြုထားတဲ့ အစိုးရတပ်ဖွဲ့ဟာ ဟိုဒေးဒါရ် ဆိပ်ကမ်းမြို့ကို ထိုးစစ်ဆင်နွှဲခဲ့ကြပါတယ်။ ဇွန် ၂၀ ရက်ကလည်း အစိုးရတပ်ဖွဲ့ဟာ တောင်ဘက်ဆင်ခြေဖုံးရှိ ဟိုဒေးဒါရ် ဆိပ်ကမ်းမြို့လေဆိပ်ကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောခဲ့ပါတယ်။

**ပြည်သူတွေသေဆုံး**

စစ်ပွဲမှာ သေဆုံးသူ အများစုကတော့ ပြည်သူတွေဖြစ်ပါတယ်။ ပြည်သူတွေထဲမှာတောင်မှ ကလေးငယ်တွေဟာ စစ်ပွဲရဲ့ ဒဏ်ကို ကြီးကြီးမားမား ပေးဆပ်ခံနေရတဲ့သူတွေဖြစ်ပါတယ်။ ၁၃၁ ဦးသေဆုံးခဲ့တဲ့ ၂၀၁၅ခုနှစ် စက်တင်ဘာလမှာ မိုခါမြို့ မင်္ဂလာခန်းမတစ်ခုကို တိုက်ခိုက်ခဲ့တဲ့ ညွန့်ပေါင်းမဟာမိတ်တပ်ဖွဲ့ရဲ့ထိုးစစ်ဆင်နွှဲမှုအပါအဝင် ၎င်းတို့ရဲ့ ထိုးစစ်ဆင်တိုက်ခိုက်မှုတိုင်းမှာ အရပ်သားသေဆုံးမှုတွေ အများကြီး ဖြစ်ခဲ့ပါတယ်။ ညွန့်ပေါင်း မဟာမိတ်တပ်တွေကတော့ သူတို့မှာ တာဝန်မရှိကြောင်း ငြင်းဆိုခဲ့ပါတယ်။

၂၀၁၆ခုနှစ် အောက်တိုဘာလကလည်း ညွန့်ပေါင်းမဟာမိတ်တပ်ဖွဲ့တွေ ဆာနားရှိ ဈာပနတစ်ခုကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူပေါင်း ၁၄၀ ခန့်သေဆုံးခဲ့ပါတယ်။ အမှားအယွင်းပေါင်းများစွာရှိတဲ့ ညွန့်ပေါင်းမဟာမိတ်တပ်ဖွဲ့တွေဟာ တချို့စွပ်စွဲချက်တွေကို တော့ဝန်ခံခဲ့ပြီး သူပုန်တွေဟာအရပ်သားတွေကို လူသားဒိုင်းတွေအဖြစ် အသုံးပြုခဲ့ကြကြောင်း ပြန်လည်ပြောဆို စွပ်စွဲခဲ့ပါတယ်။

ဇူလိုင်လကလည်း လူ့အခွင့်အရေးချိုးဖောက်မှုတွေ အာရပ်စော်ဘွားများပြည်ထောင်စုက ကမကထပြုထားတဲ့ ယီမင်အကျဉ်းထောင်တွေမှာ အတော်များများဖြစ်ပေါ်နေပြီး ယင်းက စစ်ရာဇဝတ်မှုတွေ မြင့်တက်စေနိုင်တဲ့ အကြောင်းရင်းဖြစ်တယ်လို့ ပြောဆိုမှုကို အဘူဒါဘီကတော့ ငြင်းဆိုလိုက်ပါတယ်။ ဩဂုတ်လ ၉ ရက်ကလည်း သူပုန်ထိန်းချုပ်ရာ ယီမင်မြောက်ပိုင်းရှိ ဘတ်စ်ကားတစ်ခုပေါ်မှာ ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုမှာ ကလေးငယ် ၄၀ အပါအဝင် စုစုပေါင်း လူ ၅၁ ဦးသေဆုံးခဲ့တယ်လို့ လခြမ်းနီအဖွဲ့က ပြောခဲ့ပါတယ်။

မကြာသေးမီကလည်း သူပုန်ထိန်းချုပ်ရာ ဟိုဒေးဒါရ် တောင်ပိုင်းအယ်လ်ဒူရာဟီမီပြည်နယ်မှာဖြစ်ပွားနေတဲ့ တိုက်ခိုက်မှုတွေမှ ပြေးရင်းလွှားရင်း ကလေးငယ် အရေအတွက်အနည်းဆုံး ၂၂ ဦးအပြင် အမျိုးသမီးလေးဦးလည်း မဟာမိတ်တွေရဲ့ လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့တယ်လို့ ကုလသမဂ္ဂအဖွဲ့က ပြောခဲ့ပါတယ်။ တစ်နေ့တည်းမှာပဲ တစ်နေရာတည်းမှာပဲ နောက်ထပ် မဟာမိတ်အဖွဲ့ရဲ့ လေကြောင်း တိုက်ခိုက်မှုတစ်ခုကြောင့် ကလေးငယ်လေးဦးထပ်မံသေဆုံးခဲ့ကြောင်း သိရပါတယ်။

နိဂုံးချုပ်ဆိုရမယ်ဆိုရင် ယီမင်ပြည်တွင်းစစ်ဟာ အချိန်ကာလကြာညောင်းလာသော်လည်း ပြီးဆုံးမယ့်သဘောမတွေ့ရသေးဘဲ ဆက်လက်ပြီးတော့ ဖြစ်နေဦးမယ့် သဘောဆောင်လျက်ရှိပါတယ်။ အစိုးရတပ်ဖွဲ့ဟာ နိုင်ငံရဲ့ နေရာအတော်များများကို သိမ်းပိုက်ဖို့ ကျန်နေသေးသလို သူပုန်တပ်ဖွဲ့တွေကလည်း လွယ်လွယ်နဲ့ ဆုတ်ခွာပေးမှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးကို မျှော်မတွေးဘဲ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် တိုက်ခိုက်မှုတွေ ပြုလုပ်နေတဲ့ ဒီအခြေအနေတွေဟာ ပြည်သူတွေကို စစ်ပွဲဒဏ်ခံစားစေရရုံသာမက ယီမင်နိုင်ငံအနေနဲ့လည်း သောကပွေနေရတယ်ဆိုတာ တင်ပြလိုက်ရင်း။ ။

**ကိုးကား- အေအက်ဖ်ပီ**

“ဟူသီသူပုန်တွေဟာ ယီမင်နိုင်ငံရဲ့ မြို့တော်ကိုအမိအရဖမ်းဆုပ်ထားပြီး အင်အားချဲ့ထွင်ဖို့ ကြိုးစားလျက်ရှိပါတယ်။ အဲဒီအချိန်မှာပဲ အစိုးရတပ်ဖွဲ့တွေအတွင်းမှာ သဘောထားမတိုက်ဆိုင်မှုတွေ ဖြစ်ပေါ်လာခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာပဲ တောင်ပိုင်းခွဲထွက်ရေးသမားတွေနဲ့ ဟာဒီအစိုးရ သစ္စာခံတပ်တွေကြား ပြင်းထန်တဲ့ ပဋိပက္ခတွေ ပေါ်ပေါက်လာခဲ့”

# လွှတ်တော်အစည်းအဝေးတွင် ကုမ္ပဏီမှလိုက်နာရမည့် စည်းကမ်းချက်များအား ပြည်သူများသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာ ဖြန့်ဝေပေးနိုင်ခြင်းရှိ မရှိမေးမြန်း

**မကွေး စက်တင်ဘာ ၂၆**

စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပသော မကွေးတိုင်းဒေသကြီးလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမောင်ကိုက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မင်းလှမြို့နယ်ရှိ အေးဝင်းကြည်ဌေးကုမ္ပဏီ နွားစုဆောင်းခြံကိစ္စနှင့်ပတ်သက်၍မည်ကဲ့သို့ကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း၊ ကုမ္ပဏီမှ လိုက်နာရမည့် စည်းကမ်းချက်များအား ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ပြည်သူများပါသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာ ဖြန့်ဝေပေးနိုင်ခြင်း အစီအစဉ်ရှိ မရှိ သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းခဲ့သည်။

မင်းလှမြို့နယ်ရှိ အေးဝင်းကြည်ဌေး ကုမ္ပဏီကိစ္စနှင့် ပတ်သက်၍ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သက်တမ်းသုံးလရှိ ယာယီနွားစုဆောင်းခြံလက်မှတ် ထုတ်ပေးသည်မှာ မှန်ကန်ကြောင်း၊ ၂၂ ဘီးကားဖြင့် တစ်ပတ်လျှင် တစ်ကြိမ်ခန့် နွားများတင်ဆောင်နေသည်ဆိုသည်မှာ ခွင့်ပြုချက် တစ်စုံတစ်ရာ ထုတ်ပေးထားခြင်းမရှိပါကြောင်း၊ နွားများပြည်ပသို့ တင်ပို့မည့် ကုမ္ပဏီများအနေဖြင့် ကျွဲ၊ နွားများ ဝယ်ယူစုဆောင်းခွင့်ကိုသတ်မှတ်ချက်နှင့်အညီ လျှောက်ထားခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ထောက်ခံချက်လက်မှတ်များရယူခြင်း၊ ယာယီစုဆောင်းရပ်သို့ သယ်ဆောင်ခြင်းနှင့် အစစ်ဆေးခံခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်သဘောထားရရှိရန် လျှောက်ထားခြင်း၊ ကျွဲ၊နွားအရှင်များ ပြည်ပသို့ တင်ပို့ခွင့်ဆောင်ရွက်ခြင်း၊ ဝယ်ယူစုဆောင်းခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကနဦး စစ်ဆေးမှတ်တမ်းတင်ရန် ယာယီစုဆောင်းရာနေရာသို့ ရွှေ့ပြောင်းသယ်ယူခြင်းနှင့် အစစ်ဆေးခံခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်ပေါင်းချုပ်ထုတ်ပေးခြင်း၊ ပို့ကုန်လိုင်စင်လျှောက်ထားခြင်းနှင့် ခွင့်ပြုပေးခြင်း၊ ပြည်ပသို့ တင်ပို့မည့်ကျွဲ၊ နွားများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက Micro Chip / Ear –Tag ထည့်သွင်းတပ်ဆင်၍ မှတ်ပုံတင်ခြင်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျွဲ/နွားအရှင်များ ပြည်ပသို့ တင်ပို့မည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်လိုင်စင်ရရှိပြီးသည်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအတွက် ကျွဲ/နွား တစ်ကောင်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပေးသွင်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရုံးချုပ်)မျှော်စာနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ မျှော်စာဖြင့် သယ်ဆောင်ရခြင်းဖြစ်ကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ရှင်းလင်းဖြေကြားခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**




# ဒက္ခိဏသီရိမြို့နယ်တွင် ကျေးရွာသစ်စီမံကိန်းမှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ကျေးရွာသစ်စီမံကိန်း (မြန်မာဆေးမားလ်အူအွန်ဒုံ)မှ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၈-၂၀၁၉ စီမံကိန်းနှစ်အတွက် ရန်အောင်မြင် ကျေးရွာအုပ်စု ရွာမကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ အုတ်စီရေမြောင်း တူးဖော်ဆောင်ရွက်ခြင်း၊ ကျောင်းသား ကျောင်းသူများအား သင်တန်းများဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံကိန်းမှ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအနေဖြင့် ရွာအတွင်း ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်ပေးခဲ့ပြီး အုတ်စီရေမြောင်းနှင့် လေးလက်မပိုက် ရေတွင်းကိုလည်း သြဂုတ်လက ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာ တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများကို သြဂုတ်လပထမပတ်မှ စတင်ကာ အင်္ဂလိပ်စာအခြေခံနှင့် အင်္ဂလိပ်စကားပြောသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသခံများ ဝင်ငွေတိုးတက်ရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သူများအား အတိုးနှုန်းသက်သာစွာဖြင့် ငွေကျပ်သိန်း ပေါင်း ၅၁၀ ခန့် ထုတ်ချေးပေးလျက်ရှိသည့်အတွက် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုလျက်ရှိကြောင်း ရွာမကျေးရွာ မြန်မာဆေးမားလ်အူအွန်ဒုံ စီမံကိန်းဥက္ကဋ္ဌ ဦးနေလင်းက ပြောသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်သိန်း ဦးဆောင်သောအဖွဲ့ဝင် ၁၃ ဦးသည် China Young Entrepreneurs' Association ၏ ဖိတ်ကြားမှုဖြင့် စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ Fangchenggang city, Guangxi Zhuang Autonomous Region တွင် ကျင်းပမည့် 2018 China-ASEAN Economic and Trade Cooperation Activity သို့ တက်ရောက်ရန် စက်တင်ဘာ ၂၄ ရက်က ထွက်ခွာကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည့်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။ ဇော်ဝင်းဇော်




# မြို့နယ်များ၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ငရုတ်ကောင်း**

လူငယ်နှင့် ကိုယ်ကျင့်တရားခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့က ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေရတုခန်းမဆောင်၌ ကျင်းပခဲ့သည်။

ထို့နောက် အခမ်းအနားတွင် မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်လင်း၊ အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံဆရာမကြီး ဒေါ်ခင်မူ၊ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသက်မင်းဦးနှင့် မြို့မိ/မြို့ဖ ဦးသန်းညွန့်တို့က ဆွေးနွေးကြသည်။ ယင်းနောက် စာပေစကားဝိုင်းသို့ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများထဲမှ ကျောင်းသား ကျောင်းသူငါးဦးက လူငယ်များအကျင့်စာရိတ္တကောင်းမွန်လာစေရေးနှင့် ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန်အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

**နေပြည်တော် ဥတ္တရသီရိ**

ကျောင်းသား ကျောင်းသူများအား ဒီမိုကရေစီခေတ်၌ လူထု၏ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်းပါဝင်ဆွေးနွေးတတ်သည့် အလေ့အထကောင်းများလေ့ကျင့်ပေးရန် ရည်ရွယ်၍ လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့က နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ကျောင်းသားများအား အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဖြစ်ဖို့အတွက် ပညာတတ်ဖို့လိုကြောင်း၊ လူငယ်များအနေဖြင့် ဒီစကားဝိုင်းမှာ မိမိတို့ သိချင်သည့် ကိစ္စတွေ၊ ကိုယ့်ရဲ့အခက်အခဲတွေ၊ ပူးပေါင်းဆောင်ရွက်ပေးရန်လိုသည့် ကိစ္စရပ်များ၊ လုပ်ဆောင်ပေးရမည့်အချက်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ မြို့နယ်ဥပဒေအရာရှိ ဦးရဲမိုးလှိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသီတာလှိုင်၊ မြို့နယ်ပညာရေးမှူး ဦးစောသန်းထွန်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့စု (၁၀၁)၊ နေပြည်တော်မှ ဒုရဲအုပ် အောင်ဖြိုးဝေတို့က လူငယ်များ၏ အနာဂတ် ပိုမိုတိုးတက်လာစေရေးအတွက် ဥပဒေပြုရေး၊ ကျန်းမာရေး၊ ပညာရေး၊ မူးယစ်ဆေးဝါး အန္တရာယ်များစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်း ဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၃၅/၁၀၅၅ ကျပ် | ၁၁၀၀/၁၁၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၀/၁၀၆၅ ကျပ် | ၁၁၂၅/၁၁၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၅/၁၀၂၅ ကျပ် | ၁၁၁၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၅/၁၀၇၅ ကျပ် | ၁၁၆၀/၁၁၇၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၅၆ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၅၅ ・ ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၇၉ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၇ ・ ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၄၄ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၉ ・ ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၇၁၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၁ ・ ၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၈၁ ・ ၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၆၈၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**မြစ်ကြီးနား စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(KSCCI)နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တို့အကြား စီးပွားရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်း၍ရေးရှုဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို စက်တင်ဘာ ၂၅ ရက်က မြစ်ကြီးနားမြို့ CARTEL HOTEL ၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ယခုလို မန္တလေးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက မိမိတို့ ကချင်ပြည်နယ်အသင်းနှင့် လာရောက် ပူးပေါင်းပြီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လက်တွဲခေါ်ဆောင်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာစွာ ကျေးဇူးတင်ကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်နယ် မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရှင်များစုဖွဲ့ပါဝင်သည့် ယခုအသင်းများက ဝိုင်းဝန်းပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်၏ လူမှုရေး၊ စီးပွားရေးကဏ္ဍနှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် MoU ရေးထိုးပြီးနောက် လုပ်ငန်းများလျင်မြန်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်ကျော် က တိုင်းဒေသကြီးအသင်း၏လုပ်ငန်းစဉ်များနှင့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ၊ ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးပေါ်ဦးက ပြည်နယ်အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် နှစ်ဖက်အသင်းများအကြား စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးရေးရှုဆောင်ရွက်ရန်နှင့်ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံကျသော ပုဂ္ဂလိကကဏ္ဍကို အထောက်အကူပြုစေရန်၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အတူတကွပူးပေါင်းဆောင်ရွက်ကြရန်စသည့်ရည်ရွယ်ချက်များဖြင့် နားလည်မှုစာချွန်လွှာ (MoU)ကို တိုင်းဒေသကြီးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အသင်းဥက္ကဋ္ဌတို့က လက်မှတ်ရေးထိုးခဲ့ကြပြီး လဲလှယ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးတို့နှင့်အတူ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းဝင်များ၊ ဆက်စပ်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လှိုင်ကော်မှ အင်းလေးသို့ ရေလမ်းကြောင်းခရီးစဉ်ဖော်ဆောင်နိုင်ရေး ဆွေးနွေး

**လှိုင်ကော် စက်တင်ဘာ ၂၆**

ကယားပြည်နယ် အစိုးရအဖွဲ့သည် ပြည်နယ်အတွင်း ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ခရီးစဉ်သစ်များ ဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံ၏ အထင်ကရ အင်းလေးကန်ဒေသနှင့် ကယားပြည်နယ် လှိုင်ကော်မြို့တို့ကြား ရေလမ်းကြောင်း ခရီးစဉ်သစ်တစ်ခုဖြစ်ပေါ်လာအောင် စီမံဆောင်ရွက်လျက်ရှိပြီး လှိုင်ကော်-မိုးဗြဲရေတံခါး - ဖယ်ခုံ-အင်းလေး ရေလမ်းကြောင်းခရီးစဉ်ကို အောင်မြင်စွာ ဖော်ထုတ်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက အင်းဒေဝီကန်လှေလုပ်ငန်းမှ တာဝန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ ဇူလိုင် ၂၄ ရက်က လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် အင်းဒေဝီ ကန်လှေလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းကျော်သောင်းက အင်းဒေဝီကန်လှေလုပ်ငန်းကို ၂၀၁၅ ခုနှစ်မှ စတင်၍ သဘာဝနှင့် ပတ်ဝန်းကျင်၏ ဆူညံမှုနှင့် လေထုညစ်ညမ်းမှု ထိန်းသိမ်းရန်၊ အင်းလေးကန်အတွင်းသို့ လာရောက်ကြည့်ရှုသည့်ဧည့်သည်များ အဆင်ပြေစေရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရန်၊ နည်းပညာနှင့် အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တည်ထောင်ခဲ့ကြောင်း၊ အင်းဒေဝီစက်လှေများသည် စက်သံဆူညံမှုကို လျှော့နည်းစေပြီး စက်သံငြိမ်မှုကို အဓိကထား၍ ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီ ရေကြောင်းသွားလာမှု ဥပဒေများနှင့်ညီသည့် နည်းစနစ်များ၊ စက်ပစ္စည်းများကို တပ်ဆင်တည်ဆောက်ထားကြောင်း၊ စီးနင်းသည့်ခရီးသည်များအတွက် လုံခြုံစိတ်ချရသည့် စက်လှေဖြစ်ကြောင်း၊ အင်းဒေဝီကန်လှေလုပ်ငန်းသည် အင်းလေးကန်မှ ဘီလူးချောင်းသို့ ရေလမ်းဖြင့်သွားမည့်ခရီးစဉ်များကို လေ့လာပြီး ကယားပြည်နယ်၏ ခရီးသွားလာရေးဖွံ့ဖြိုးမှု လုပ်ငန်းများတွင် တစ်စိတ်တစ်ပိုင်းမှ ပါဝင်ဆောင်ရွက်လိုကြောင်း၊ ခရီးစဉ်ဖော်ထုတ်နိုင်ရန် ကယားပြည်နယ် ဘီလူးချောင်းတစ်လျှောက်မှ လည်ပတ်ကြည့်ရှုနိုင်မည့် အလှအပနေရာများကိုလည်း သိရှိလိုကြောင်း၊ အင်းလေးကန်သည် လှေဖြင့်သာ လည်ပတ်၍ရနိုင်သည့် ဒေသဖြစ်ပြီး ကယားပြည်နယ် လှိုင်ကော်သို့ ရောက်ရှိပါကလည်း စိတ်ဝင်စားဖွယ်ရာ လည်ပတ်နိုင်မည့်နေရာများနှင့် ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို သိရှိလိုကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ကယားပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးရာတွင် မိုးဗြဲရေလှောင်တမံ လှေသွားလမ်း (Navigation Lock)ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပြီးဖြစ်၍ ပုံမှန်ဖြတ်သန်းသွားလာခြင်းများအတွက် တစ်ရက်လျှင် နှစ်ကြိမ်ခွင့်ပြုထားရှိပြီး ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။



လှိုင်ကော် - အင်းလေး ရေလမ်းကြောင်းခရီးစဉ် သွားရောက်ရာတွင် လှိုင်ကော်မြို့မှ မိုးဗြဲရေတံခါးသို့ ရေဆန်ခရီး တစ်နာရီခွဲခန့် သွားရောက်ရမည်ဖြစ်ကြောင်း၊ မိုးဗြဲရေတံခါးသည် လှေသွားလမ်းကြောင်းပါသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောဆည်ဖြစ်ပြီး ရေတံခါးအဖွင့်၊ အပိတ် ကြာချိန်မှာ မိနစ် ၃၀ ခန့်ဖြစ်ကြောင်း၊ ဖယ်ခုံလှေဆိပ်မှ အင်းလေးဒေသသို့ စက်လှေဖြင့် လေးနာရီခန့် သွားရောက်ရမည်ဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း လှိုင်ကော်မှ မိုးဗြဲရေတံခါးသို့ ဘီလူးချောင်းတစ်လျှောက် သွားရောက်ရာတွင် ဘုရားနီ၊ ဖောင်းတော၊ ဘုရားဖြူကျေးရွာများသို့ ဖြတ်သန်းသွားလာရမည်ဖြစ်၍ အဆိုပါကျေးရွာများတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဖော်ဆောင်သွားမည် ဖြစ်ကြောင်းကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ်က ယခုခရီးစဉ်သည် ကောင်းမွန်သော ရေလမ်းကြောင်းခရီးစဉ်တစ်ခုဖြစ်ပြီး ခရီးစဉ်ကို အခြားတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပူးပေါင်းကာ ကယားပြည်နယ်အစိုးရကလည်း ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း၊ ခရီးစဉ် မစတင်မီ ကွင်းဆင်း၍ ဆာဗေးဆောင်ရွက်သင့်ကြောင်း၊ ရေထိန်းတံခါးကို ဖြတ်ကူးမည်ဆိုပါက အနိမ့်အမြင့်များကြောင့် လှေစီးသူများအတွက် မတူညီသည့်ခံစားချက် တစ်မျိုးကိုပေးနိုင်ကြောင်း၊ ရေထိန်းတံခါးမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအကောင်အထည်ဖော်မည့် ခရီးစဉ်အတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဟုတ်၊ မဟုတ် ဆန်းစစ်စေလိုကြောင်း၊ ရေတံခါး၏ ခိုင်မာမှုအခြေအနေကိုလည်း သုံးသပ်သင့်ကြောင်း၊ ကယားပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တွင် ဟိုတယ်များ ဆောက်လုပ်ခြင်းမပြုဘဲ တိုင်းရင်းသားရိုးရာပုံစံ Home Stay များသာ ဆောက်လုပ်မည့် အစီအစဉ်များကိုလည်း ဆောင်ရွက်သွားသင့်ကြောင်း၊ ကယားပြည်နယ်အတွင်း လမ်းခရီးအခြေအနေများမှာ ကောင်းမွန်လျက်ရှိပြီး တိုင်းရင်းသားရိုးရာပုံစံ Home Stay များဆောက်လုပ်ရန် မြေနေရာများလည်း များစွာရှိကြောင်း၊ အဆိုပါ အစီအစဉ်များ လာရောက်လုပ်ဆောင်ရန်လည်း ဖိတ်ခေါ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကိုလည်း မူဝါဒနှင့်အညီ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒရှင်းလင်းပွဲ ဘားအံမြို့တွင် ပြုလုပ်

**ဘားအံ စက်တင်ဘာ ၂၆**

အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒနှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးသုံးစွဲသူများအတွက် ဆေးစွဲရောဂါ၏ နောက်ဆက်တွဲရောဂါများလျှော့ချနိုင်ရေးနှင့် လူမှုဘဝမြှင့်တင်ရေး စသည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်သွားနိုင်ရန် ကရင်ပြည်နယ်အဆင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ ရှင်းလင်းပွဲကို စက်တင်ဘာ ၂၄ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။



ရှင်းလင်းပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ်အဖြစ် မူဝါဒရေးဆွဲထုတ်ပြန်ပြီးနောက် မူးယစ်ဆေးဗဟိုအဖွဲ့အနေဖြင့် မဟာဗျူဟာစီမံချက်ရေးဆွဲရေးကိုလည်း ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုမဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းစီမံချက်ကာလနှစ်နှစ်သတ်မှတ်ရေးဆွဲပြီး ၂၀၁၉ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒနှင့်ပတ်သက်၍ အသေးစိတ်အချက်များကို မူးယစ်ဗဟိုမှ ရဲမှူးကြီးဇော်လင်းထွန်း၊ မယ့်ဖာလုံဖောင်ဒေးရှင်းမှ ဦးခမ်းအောင်၊ UNODC မှ ဒေါက်တာယုယုအောင်၊ ဒေါက်တာဝင်းမာနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဒေါက်တာ မောင်မောင်လွင်တို့က ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**




**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

# ရွှေသားရွှေစင် ပျိုမျစ်လွင်ဆဲ

သိပ္ပံစာရေးဆရာကိုကိုအောင်



### ငွေကြေးနှင့် ရွှေ

ကမ္ဘာပေါ်တွင် လူတန်းစားမရွေး လူမျိုးဘာသာမရွေး အလွန်နှစ်သက်တန်ဖိုးထားသော တွင်းထွက်သတ္တုတစ်မျိုးကို ပြပါဟုဆိုလျှင် ရွှေ(Gold)ကိုသာ ညွှန်းဆိုရပေလိမ့်မည်။ ထူးခြားသော အရောင်အသွေးရှိပြီး ပျော့ပျောင်းသည့်အတွက် ပုံသွင်းရလွယ်ကူသောရွှေကို ရှေးအစဉ်အဆက်ကတည်းကပင် ကုန်ပစ္စည်းများဝယ်ယူရာတွင်လည်းကောင်း၊ ကုန်ပစ္စည်းချင်းဖလှယ်ရာတွင်လည်းကောင်း ကျသင့်တန်ဖိုးနှင့် အလိုက်ပေးတန်ဖိုးတို့၏ အာမခံပစ္စည်းတစ်ခုအဖြစ် သုံးစွဲခဲ့ကြသည်။

ယနေ့ခေတ်၌လည်း ငွေပိုငွေလျှံရှိလာခဲ့လျှင် အာမခံချက်ခိုင်လုံသော ရွှေတိုရွှေစများကို ဝယ်ယူစုဆောင်းလျက်ရှိနေဆဲဖြစ်သည်။ အကြောင်းတစ်ခုခုကြောင့် အရေးပေါ်ငွေကြေးလိုအပ်မှုရှိလာခဲ့လျှင် မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း ငွေကြေးဖြင့် ချက်ချင်းဖလှယ်ယူနိုင်သော ရွှေသည် ကမ္ဘာ့လူသားအားလုံးတို့၏ သည်းခြေကြိုက်ပစ္စည်းတစ်ခုအဖြစ် မျက်နှာပန်းပွင့်လျက် ရှိနေသည်။

ကမ္ဘာ့ ငွေကြေးလောကတွင် ရွှေတုံးများကို အာမခံ စပေါ်ပစ္စည်းအဖြစ် သုံးစွဲလာခဲ့ကြသည်မှာလည်း နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် မိမိတို့နိုင်ငံတွင်ထုတ်ဝေသုံးစွဲမည့် ငွေကြေး(Currency Notes)များအတွက် ရွှေစင်ရွှေသားများကို ကမ္ဘာ့ဘဏ်၌ အာမခံအဖြစ် တင်သွင်းထားကြရသည်။

### ရွှေတူးဖော်ထုတ်လုပ်ခြင်း

ဤမျှအသုံးဝင်လှသော ရွှေများကို တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ကျော်ကတည်းကပင် စတင်ခဲ့သည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သော်လည်း ၁၅၀၂ ခုနှစ်တွင် ခရစ်စတိုဖာကိုလံဘတ်စ်က အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက်ပိုင်းမှသာ ရွှေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများက သိသာထင်ရှားလာခဲ့သည်။ မက္ကဆီကို၊ ပီရူး၊ ချီလီ၊ ဘိုလီးဗီးယား၊ တောင်အာဖရိက နိုင်ငံများနှင့် တောင်အမေရိကဒေသများသည် ကမ္ဘာပေါ်တွင် ရွှေအများဆုံးထွက်ရှိရာဒေသများ ဖြစ်ကြသည်။

မီးသင့်ကျောက်များမှတစ်ဆင့် ဖွဲ့စည်းဖြစ်ပေါ်လာသော ရွှေသတ္တုများထဲတွင် ငွေ(Silver) အနည်းငယ် ပါဝင်ရောနှောနေလေ့ရှိသလို ကြေးသတ္တုများနှင့် ရောနှောလျက်ရှိသော ရွှေသတ္တုများကိုလည်း အချို့ဒေသများ၌ တူးဖော်တွေ့ရှိနိုင်သည်။ ကမ္ဘာအရပ်ရပ်ရှိ ရွှေသတ္တုမိုင်းများ၌ ရွှေနှင့်အတူရောနှောလျက် တူးဖော်တွေ့ရှိနိုင်သော တွင်းထွက်များမှာ သလင်း၊ ကာဗွန်နိတ်၊ Tourmaline နှင့် သတ္တုမဟုတ်သည့် Pyrite ကဲ့သို့သော တွင်းထွက်အချို့ဖြစ်ကြသည်။

ရွှေကိုတူးဖော်ထုတ်လုပ်ကြရာတွင် ဒေသအလိုက် သတ္တုတွင်းများအပေါ် မူတည်ပြီး သတ္တုရိုင်းများထဲ၌ ရွှေပါဝင်မှုနှုန်းများလည်း အမျိုးမျိုးကွဲပြားခြားနားလျက်ရှိသည်။ သို့ရာတွင် အနိမ့်ဆုံးအားဖြင့် သတ္တုရိုင်းတစ်တန်တွင် ရွှေ ၀ ဒသမ ၀၄ အောင်စနှုန်းဖြင့် ပါဝင်လျက်ရှိနေသည်။ ရွှေတူးဖော်ထုတ်လုပ်သည့် သတ္တုမိုင်းများတွင် ရွှေနှင့်ငွေ အရောအနှော၌ ငွေ ၂၀ ရာခိုင်နှုန်း ပါဝင်နေသော Electrum ကိုလည်းကောင်း၊ ရွှေ၊ ငွေနှင့် ပြဒါးအရောတွင် ရွှေ ၄၀ ရာခိုင်နှုန်း ပါဝင်နေသော Amalgam ကို လည်းကောင်း တူးဖော်ရရှိနိုင်သလို ရွှေစင်သန့်သန့်ကိုလည်း ကံအားလျော်စွာ တူးဖော်ရရှိနိုင်ကြသည်။

အကယ်၍ ရွှေစင်သန့်သန့်ကို တူးဖော်တွေ့ရှိလျှင် ပြဒါးဖြင့်ဖမ်းခြင်း၊ Cyanide ဖြင့် ဓာတ်ပြုစေခြင်းတို့ဖြင့် ထုတ်ယူနိုင်သည်။ Pyrite နှင့် ရောနှောနေလျှင် အမှုန့်ကြိတ်ပြီး မီးပြင်းပြင်းတိုက်၍ ထုတ်ယူနိုင်သလို ကြေးနှင့် ရောနှောနေလျှင်လည်း အပူပေးခြင်းနည်းလမ်းဖြင့် ရွှေကို ထုတ်ယူရရှိနိုင်သည်။

သာမန်အားဖြင့် ရွှေတူးဖော်ရေးသမားတို့သည် ရွှေပါဝင်နှုန်းများပြားသော သတ္တုတွင်းများ၌သာ တူးဖော်ထုတ်လုပ်လေ့ရှိကြသော်လည်း အကြောင်းတစ်စုံတစ်ရာကြောင့် ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာခဲ့လျှင်မူ ရွှေပါဝင်နှုန်းအလွန်နည်းသော သတ္တုတွင်းများ၌ပါ တူးဖော်ထုတ်လုပ်မှုကို ပြုလုပ်လေ့ရှိကြသည်။ ရွှေပါဝင်နှုန်းနည်းသော သတ္တုရိုင်းများမှတစ်ဆင့် ရွှေကို ရယူထုတ်လုပ်သည့် လုပ်ငန်းစဉ်သည် ကုန်ကျစရိတ် အလွန်ကြီးမားသောကြောင့် ကမ္ဘာ့ရွှေဈေးနှုန်း တည်ငြိမ်မှုရှိနေသရွေ့ကာလပတ်လုံး ရွှေတူးဖော်ရေးသမားများက ကုန်ကျစရိတ်ကြီးသည့် အဆိုပါနည်းလမ်းကို စိတ်ကူးထဲ၌ပင် မထည့်ကြပေ။

### ရွှေပါဝင်သော အသုံးအဆောင်များ

ရွှေသည် ကမ္ဘာ့လူသားအားလုံး၏ သည်းခြေကြိုက်ပစ္စည်းဖြစ်သော်လည်း စက်မှုကုန်ထုတ်လုပ်ငန်းများ၌မူ ရွှေကို ထည့်သွင်းသုံးစွဲမှုမှာ အလွန်နည်းပါးလှသည်။ ဖန်ထည်နှင့် ကြွေထည်ပစ္စည်းများပြုလုပ်ရာတွင် ရွှေကို ထည့်သွင်းတွဲစပ်၍ အလှဆင်ပစ္စည်းအဖြစ် ထုတ်လုပ်ခြင်း၊ လက်ပတ်နာရီ၊ ရင်ထိုး၊ ကလစ်၊ ဘောပင်၊ ဖောင်တိန်၊ မျက်မှန်၊ လက်ကိုင်အိတ်များ ပြုလုပ်ရာ၌ ထည့်သွင်းသုံးစွဲခြင်း၊ ခေတ်ပေါ် ဖန်စီပစ္စည်းအချို့တွင် ထည့်သွင်းပြုလုပ်ခြင်း၊ သွားဘက်ဆိုင်ရာလုပ်ငန်းအချို့နှင့် ဓာတုဗေဒလုပ်ငန်းအချို့၌ ထည့်သွင်းသုံးစွဲခြင်း စသည်ဖြင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများတွင်မူ ရွှေကို အသုံးပြုလျက်ရှိနေကြသည်။

ကမ္ဘာကျော်အမှတ်တံဆိပ်ဖြစ်သည့် Parker ဖောင်တိန်များသည် ရွှေသားအစစ်ကို ထည့်သွင်းပြုလုပ်ထားသည့်အတွက် နာမည်ကျော်ကြားခြင်းဖြစ်သည်။ ရွှေထည့်သွင်းပြုလုပ်ထားသည့် အရောထည်ပစ္စည်းထု၏ ၂၄ ပုံတွင် ရွှေစင်ရွှေသား တစ်ပုံပါဝင်နေပါက တစ်ကာရက် (One Carat)ဟု သတ်မှတ်သည်။

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့(NASA)က ၁၉၇၇ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် ဗွိုင်ယေဂျာ-၁ နှင့် ဗွိုင်ယေဂျာ-၂ ဟု အမည်ပေးထားသော စကြဝဠာအနှံ့ ခြေဆန့်မည့် အာကာသယာဉ်များပေါ်တွင် ရွှေရည်သုတ်လိမ်းထားသော ကြေးနီဓာတ်ပြားချပ်များကို တင်ဆောင်ပေးလိုက်ကြသည်။ ကမ္ဘာ့လူသားတို့၏ ပုံပန်းသဏ္ဌာန်၊ ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ တေးဂီတ၊ အသုံးအဆောင်၊ နေထိုင်သွားလာပုံ စသည်တို့ကို ပြည့်ပြည့်စုံစုံ ထည့်သွင်းထားသော ကြေးနီဓာတ်ပြားချပ်များ မပျက်စီးဘဲ ဆယ်စုနှစ်ပေါင်းများစွာ တာရှည်ခံစေရန်အတွက် ရွှေသားအစစ် ရွှေရည်များကို စိမ်သုတ်လိမ်းပေးလိုက်ကြခြင်းဖြစ်သည်။

ယခုအခါ ဤနေစကြဝဠာ၏ နယ်နိမိတ်ကို ကျော်လွန်ဖောက်ထွက်ပြီး ဗဟုစကြဝဠာကြီးထဲသို့ ရောက်ရှိနေပြီဖြစ်သော ဗွိုင်ယေဂျာ-၁ အာကာသယာဉ်နှင့် နေစကြဝဠာအဖွဲ့အစည်း၏ နယ်နိမိတ်အဝန်းအဝိုင်းအတွင်းမှာပင် ရှိနေသေးသော ဗွိုင်ယေဂျာ-၂ အာကာသယာဉ် နှစ်စီးလုံးပေါ်ရှိ ရွှေရည်သုတ်လိမ်းထားသော ကြေးနီဓာတ်ပြားချပ်များသည် မပျက်စီးသေးဘဲ မူလအတိုင်းရှိနေဆဲဖြစ်သည်ကို ထောက်ရှုခြင်းအားဖြင့် ရွှေ၏ဂုဏ်သတ္တိကို သိရှိနိုင်သလို နောင်အနာဂတ်ကာလ၌လည်း အာကာသစီမံကိန်းများအတွက် ရွှေသည် ပလက်တီနမ်နှင့် တိုက်တေနီယမ်တို့ကဲ့သို့ပင် အရေးပါသော တွင်းထွက်သတ္တုတစ်မျိုးဖြစ်လာလိမ့်မည်ဟု ခန့်မှန်းနိုင်သည်။

ရွှေသည် နှစ်လိုဖွယ်အရောင်အဆင်းရှိပြီး ပုံသွင်းရလွယ်ကူသည့်အတွက် လက်ဝတ်တန်ဆာအဖြစ် ပြုလုပ်ဆင်မြန်းလျက်ရှိကြသည်။ ရွှေစင်ရွှေသားကို ကြေး၊ နီကယ်၊ ငွေ၊ Palladium စသည်တို့နှင့် ရောစပ်ပြုလုပ်ထားသော လက်ဝတ်အဆင်တန်ဆာမျိုးစုံတို့ကို အမျိုးသမီးများက လွန်စွာ နှစ်ခြိုက်မက်မောကြသည်။ လက်ဝတ်တန်ဆာပြုလုပ်ရာတွင် ရွှေနှင့်ကြေးကို အများဆုံး ရောစပ်အသုံးပြုကြပြီး ရွှေတစ်ကျပ်သား၌ ကြေးတစ်ပဲ ရောစပ်ထားလျှင် ၁၅ ပဲရည်ဟူ၍လည်းကောင်း၊ ကြေးနှစ်ပဲ ရောစပ်ထားလျှင် ၁၄ ပဲရည်ဟူ၍လည်းကောင်း သတ်မှတ်ခေါ်ဝေါ်သုံးစွဲလျက်ရှိသည်။

ရွှေ၏ ထူးခြားသောဂုဏ်သတ္တိကြောင့် ရွှေကို တစ်မီတာ၏ အပုံတစ်သန်း၏ တစ်ပုံထက်ပင် ပါးလွှာအောင် စီမံပြုလုပ်နိုင်သည်။ ထို့ကြောင့်ပင် ခေတ်မီစက်ကိရိယာများကို အသုံးပြုပြီး ရွှေတစ်အောင်စကို တစ်ဆယ်စတုရန်းမီတာခန့် အထိရှိသော ရွှေပြားလွှာအဖြစ် ပြုလုပ်နိုင်သည်။

### ရွှေဈေးနှင့် ရွှေထုတ်လုပ်မှု

ရွှေ၏ သဘောသဘာဝသည် ဈေးနှုန်းအကျဘက်နည်းပြီး အတက်ဘက်၌သာ အလေးသာလျက်ရှိသည်။ တစ်နည်းအားဖြင့် ရွှေဈေးကျခြင်းမျိုးမှာ ဖြစ်ခဲလှသောအခြေအနေတစ်ရပ်ဟု သုံးသပ်နိုင်သည်။ ၁၉၃၀ ပြည့်နှစ်ကာလသည် ကမ္ဘာ့ရွှေထုတ်လုပ်မှုအမြင့်ဆုံးသော ကာလဖြစ်သည်။ ထိုကာလတွင် တောင်အာဖရိကနိုင်ငံက ရွှေအများဆုံးထုတ်လုပ်သည့် စံချိန်ကို တင်နိုင်ခဲ့သည်။

၁၉၃၃ ခုနှစ်အရောက်တွင် ရွှေထုတ်လုပ်မှု သိသာစွာကျဆင်းသွားကာ ဈေးနှုန်းလည်း မြင့်တက်လာခဲ့သည်။ ၁၉၅၀ ပြည့်နှစ်အရောက်တွင်မူ ထုတ်လုပ်မှုနှင့် ဝယ်လိုအား မျှတလာခြင်းကြောင့် ရွှေဈေးတည်ငြိမ်လာခဲ့သည်။ တစ်ဖန် ၁၉၆၀ ပြည့်လွန်ကာလများ၌ ရွှေထုတ်လုပ်မှုကျဆင်းသွားပြီး ဝယ်လိုအားများခြင်းကြောင့် ရွှေဈေးနှုန်းများ သိသာစွာ မြင့်တက်လာခဲ့သည်။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလအတွင်း ကမ္ဘာ့ရွှေဈေးသည် အဆနှစ်ဆယ်ခန့် မြင့်တက်ခဲ့သည်။ မျက်မှောက်ကာလ၌မူ ရွှေဈေး အလွန်မြင့်မားနေသည့်အတွက် ရွှေသတ္တုရှာသောလုပ်ငန်းများသည် ကမ္ဘာအနှံ့တွင် တစ်စခန်းပြန်ထလာလျက်ရှိနေသည်။

ငွေကြေးဖောင်းပွခြင်း၊ သုံးစွဲနေသောငွေစက္ကူများကို ဖျက်သိမ်းလိုက်ခြင်းတို့သည် ရွှေဈေးကို လှုပ်ခတ်မြင့်တက်သွားစေသော အကြောင်းရင်းအချို့ဖြစ်ကြသည်။ အလားတူပင် ရေနံရောင်းရငွေများကို ရွှေနှင့်လဲလှယ်ခြင်း၊ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွင် ရွှေကို ကြားခံအဖြစ် သုံးစွဲခြင်းတို့သည်လည်း ရွှေဈေးကိုလှုပ်ခတ်စေသည့် အကြောင်းတရားများ ဖြစ်ကြသည်။ ထို့အတူပင် ဒေသတွင်းပဋိပက္ခများဖြစ်ပွားရာမှ တစ်စတစ်စ ပို၍တင်းမာလာခြင်းနှင့် ဒေသတွင်းစစ်ပွဲများ ဖြစ်ပွားခြင်းတို့သည်လည်း ရွှေဈေးကိုမြင့်တက်စေသော အကြောင်းရင်းခံများဖြစ်ကြသည်။

### ရွှေကို တန်ဖိုးထားဝတ်ဆင်ခြင်း

ကမ္ဘာ့သတ္တုလောကတွင် စက်မှုကုန်ထုတ်လုပ်ငန်းများ၌ အသုံးချမှု အလွန်နည်းသော်လည်း အာမခံချက်ခိုင်လုံသော၊ ဝယ်ယူစုဆောင်းမှု အလွန်များပြားသော၊ တန်ဖိုးထား ဝတ်ဆင်မှုအလွန်ကျယ်ပြန့်သော ရွှေသည် အမျိုးသမီးထုတစ်ရပ်လုံး၏ သည်းခြေကြိုက် ပစ္စည်းတစ်မျိုးဖြစ်သည်။ အမျိုးသားများကမူ ရွှေကို အဆောင်အယောင်တစ်ခုအဖြစ် တန်ဖိုးထားဝတ်ဆင်မှုနည်းပြီး စုဆောင်းမှုပစ္စည်းတစ်မျိုးအနေဖြင့်သာ သဘောထားလေ့ရှိကြသည်။

ကမ္ဘာပေါ်၌ လူမျိုးအသီးသီးရှိကြရာတွင် အချို့သောလူမျိုးတို့က ရွှေကို အမျိုးသမီးတို့၏ အဆင်တန်ဆာအဖြစ် ဆင်မြန်းကြသော်လည်း အမျိုးသားများကမူ အဆောင်အယောင်တစ်ခုအဖြစ် ဝတ်ဆင်လေ့မရှိကြပေ။ သာဓကအားဖြင့် ဂျပန်လူမျိုးတို့၏ထုံးစံအရ အမျိုးသားများအနေဖြင့် လက်စွပ်၊ ဆွဲကြိုးစသော ရွှေထည်ပစ္စည်းများကို လုံးဝ ဝတ်ဆင်ခြင်းမပြုကြသည်ကို တွေ့ရှိနိုင်သည်။

ရှေးမြန်မာဘုရင်များနှင့် မင်းညီမင်းသားများကမူ ရွှေလက်စွပ်များ၊ ရွှေနားတောင်းများကို တန်ဖိုးထားဝတ်ဆင်ခဲ့ကြရုံမျှမက အထူးအရေးကြီးသော ကိစ္စရပ်များအတွက် ရွှေပေလွှာများကိုပင် အသုံးပြုခဲ့ကြသည်။ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသော ဥရောပနိုင်ငံသားများကမူ အမျိုးသားနှင့် အမျိုးသမီးတို့ ဘဝတစ်သက်တာ ပေါင်းဖော်ကြရန် ကတိသစ္စာပြုကြသည့် စေ့စပ်ပွဲများတွင် ပုံစံထပ်တူဖြစ်သော ရွှေလက်စွပ်များကို အပြန်အလှန်ဆင်မြန်းပေးလေ့ ရှိကြသည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရွှေဒင်္ဂါးပြားများနှင့် ရွှေစင်ရွှေပြားများကို ထုတ်လုပ်ပြီး အများပြည်သူတို့ လွတ်လပ်စွာ ဝယ်ယူနိုင်ရန် ရောင်းချပေးလျက်ရှိသည်။ ရွှေဒင်္ဂါးပြားများသည် နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုနှင့် ဂုဏ်သရေရှိမှုတို့ကို ကိုယ်စားပြုထားကြသလို ရွှေစင်ရွှေပြားများသည်လည်း ရာနှုန်းပြည့်အာမခံချက်ရှိသော စုဆောင်းမှုပစ္စည်းတစ်ခုအဖြစ် ရပ်တည်ပေးလျက် ရှိနေကြသည်။

နိုင်ငံတကာ သတင်းမျက်နှာစာတွင်လည်း နေ့စဉ်ထုတ်ပြန်ကြေညာပေးနေရသော သတင်းများထဲတွင် ကမ္ဘာ့ရွှေဈေးနှုန်းသတင်းသည် ထိပ်ဆုံးမှရပ်တည်လျက်ရှိနေသည်။ အချုပ်ဆိုရသော် ရွှေနှင့် လူမှုအဖွဲ့အစည်းသည် အနာဂတ်ကာလများတွင်လည်း ခွဲခြား၍ရမည်မဟုတ်ဘဲ ရွှေသည် ကမ္ဘာ့ပြည်သူတို့၏ သည်းခြေကြိုက်ပစ္စည်းတစ်မျိုးအဖြစ် ထာဝရ ပန်းပန်လျက်ပင် ရှိနေလိမ့်ဦးမည် ဖြစ်ပေသည်။ ။

"ကမ္ဘာပေါ်၌ လူမျိုးအသီးသီးရှိကြရာတွင် အချို့သောလူမျိုးတို့က ရွှေကို အမျိုးသမီးတို့၏အဆင်တန်ဆာအဖြစ် ဆင်မြန်းကြသော်လည်း အမျိုးသားများကမူ အဆောင်အယောင်တစ်ခုအဖြစ် ဝတ်ဆင်လေ့မရှိကြပေ။ သာဓကအားဖြင့် ဂျပန်လူမျိုးတို့၏ထုံးစံအရ အမျိုးသားများအနေဖြင့် လက်စွပ်၊ ဆွဲကြိုးစသော ရွှေထည်ပစ္စည်းများကို လုံးဝ ဝတ်ဆင်ခြင်းမပြုကြသည်ကို တွေ့ရှိနိုင်သည်။ ရှေးမြန်မာဘုရင်များနှင့် မင်းညီမင်းသားများကမူ ရွှေလက်စွပ်များ၊ ရွှေနားတောင်းများကို တန်ဖိုးထားဝတ်ဆင်ခဲ့ကြရုံမျှမက အထူးအရေးကြီးသော ကိစ္စရပ်များအတွက် ရွှေပေလွှာများကိုပင် အသုံးပြုခဲ့ကြသည်"

# ရွှေရည်ထွန်းအမှတ်(၂) သဘာဝဓာတ်ငွေ့တူးဖော်မှုတွင် မျှော်မှန်းသည်ထက်ပိုသည့် ဓာတ်ငွေ့ခိုအောင်းနေသော သဲကြောများရှိနေ

မြန်မာနိုင်ငံ အနောက်ဘက်ကမ်းလွန်ရှိ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်(PSC) ချုပ်ဆိုကာ ရေနံနှင့်သဘာဝဓာတ်ငွေ့စမ်းသပ်ရှာဖွေတူးဖော်မှုများ အကျိုးတူ ဆောင်ရွက်နေသည့် MPRL E&P ကုမ္ပဏီနှင့် အခြား အစုရှယ်ယာရှင်များဖြစ်သော Woodside Energy (Myanmar)ကုမ္ပဏီ၊ ပြင်သစ်နိုင်ငံ TOTAL E&P Myanmar ကုမ္ပဏီတို့သည် အကဲဖြတ်တွင်း/ရှာဖွေရေးတွင်းဖြစ်သည့် ရွှေရည်ထွန်း(၂)ကို ယခုနှစ် ဇူလိုင် ၂၀ ရက်မှစတင်၍ ရည်မှန်းအနက် ၄၈၅၀ မီတာအထိ တူးဖော်ခဲ့ရာ မူလမျှော်မှန်းသည်ထက် ပိုမို ထုထည်ကြီးမားသည့် သဘာဝဓာတ်ငွေ့ခိုအောင်းနေသော သဲကြောများ တည်ရှိနေကြောင်းကို အောင်မြင်စွာ ရှာဖွေတွေ့ရှိခဲ့သည့်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇)၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့ရာ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူများ၏ ပြောကြားချက်များကို စုစည်းဖော်ပြလိုက်ပါသည်။



**ဦးဝင်းခိုင်**
**ပြည်ထောင်စုဝန်ကြီး**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

ကျွန်တော်တို့နိုင်ငံအတွက် သတင်းကောင်းတစ်ခုကို ပြည်သူတွေသိရှိအောင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး တင်ပြခြင်းဖြစ်ပါတယ်။ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဟာ ရင်းနှီးမြှုပ်နှံမှုများပါတယ်။ အောင်မြင်မှုကတော့ Range များပါတယ်။ တွင်းတူးတိုင်းထွက်ဖို့ဆိုတာ တော်တော်လေးခက်ခဲပါတယ်။ ကျွန်တော်တို့ပေးထားတဲ့ PSC ကနေ အောင်မြင်တယ်ဆိုတဲ့ရလဒ်တစ်ခုရဖို့ဆိုတာ ခက်ပါတယ်။ အခုလို ကုမ္ပဏီကြီးသုံးခုတူးဖော်တဲ့ ရွှေရည်ထွန်း အမှတ်(၂) အောင်မြင်တယ်။ စီးပွားဖြစ်ထုတ်လုပ်ဖို့ တွေ့ရှိတယ်လို့ ကြေညာတဲ့အခမ်းအနားဟာ အင်မတန်မှ မင်္ဂလာရှိပါတယ်။ နိုင်ငံမှာလိုအပ်တဲ့ စွမ်းအင်လိုအပ်ချက်တစ်ခုကိုလည်း တော်တော်လေး အဓိကကျကျ အရေးပါပါ ဖြည့်ဆည်းပေးနိုင်မယ့် အနေအထားတစ်ခုဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေကိုလည်း ကျေးဇူးတင် ပါတယ်။ ဒီလိုအောင်မြင်မှုဟာ ကုသိုလ်ကံနဲ့လည်း ဆိုင်ပါတယ်။ နည်းပညာပိုင်း အားသာမှုတွေကိုလည်း ဒီမှာ အများကြီး တွေ့ရပါတယ်။ အတွေ့အကြုံတွေများတဲ့ ကုမ္ပဏီတွေက ပူးပေါင်းဆောင်ရွက်တဲ့အတွက်လည်း အခုလို အောင်မြင်မှုတွေ ဆက်တိုက်ရရှိနေခြင်း ဖြစ်ပါတယ်။

**ဦးစည်သူမိုးမြင့်**
**Country Manger**
**MPRL E&P ကုမ္ပဏီ**

MPRL E&P ကုမ္ပဏီဟာ ၁၉၉၆ ခုနှစ်မှာ စတင်တည်ထောင်ပြီးတော့ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးနဲ့ ရှာဖွေရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီဟာ တိုင်းပြည်မှာလိုလားနေတဲ့ စွမ်းအင်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရင်းနဲ့ တိုင်းပြည်ရဲ့စွမ်းအင်ကဏ္ဍကို ဖြည့်ဆည်းပေးနေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ MPRL E&P ဟာ မြန်မာအမျိုးသားတွေ အဓိကဦးစီးဆောင်ရွက်နေတဲ့ ကုမ္ပဏီဖြစ်ပြီး ဝန်ထမ်း ၉၉ ရာခိုင်နှုန်းနဲ့ နည်းပညာရှင်အားလုံးလိုလိုဟာ မြန်မာအမျိုးသား အမျိုးသမီး ဝန်ထမ်းတွေဖြစ်ပါတယ်။

ကုမ္ပဏီစတင်တည်ထောင်ပြီးတော့ အနှစ် ၂၀ ကျော် ကာလအတွင်းမှာလည်း MPRL E&P ဟာ မြန်မာပြည်တွင်း ကုန်းတွင်းပိုင်းလုပ်ကွက် သုံးကွက်နဲ့ ကမ်းလွန်ပိုင်းမှာ A-6 အပါအဝင် လုပ်ငန်းသုံးကွက် စုစုပေါင်း လုပ်ကွက်ခြောက်ကွက်မှာ အကျိုးတူပူးပေါင်း ဆောင်ရွက်တဲ့ ပါတနာတွေနဲ့ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ MPRL E&P ကုမ္ပဏီဟာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့အတူ ၂၀၀၇ ခုနှစ်မှာ ကမ်းလွန်လုပ်ကွက် A-6 ရဲ့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်(PSC)ကို ချုပ်ဆိုပြီးတော့ လုပ်ငန်းစတင်အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီအချိန်တုန်းက MOGE အနေနဲ့ သတ်မှတ်ထားတဲ့ ကမ်းလွန်လုပ်ကွက်တွေထဲမှာ ကမ်းလွန်လုပ်ကွက် A-5 နဲ့ A-7 ဟာ ရေနံနဲ့သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်တဲ့အလားအလာ အလွန်ကောင်းတယ်လို့ အများစုကယူဆပြီး အများကလည်း မျက်စိကျခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကမ်းလွန်လုပ်ကွက် A-6 ကတော့ ရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာနည်းတဲ့ လုပ်ကွက်တစ်ခုလို့ ဘူမိဗေဒပညာရှင်အများစုက သတ်မှတ်ယူဆခဲ့ကြပါတယ်။

ဒါပေမယ့် MPRL E&P ဟာ ရင်းနှီးမြှုပ်နှံစွန့်စားပြီးတော့ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးနဲ့ ထုတ်လုပ်ရေးလုပ်ငန်းတွေကို ကမ်းလွန်လုပ်ကွက် A-6 မှာ တစ်ဦးတည်းနဲ့ ကနဦး စတင်ဆောင်ရွက်ခဲ့တာကို ပြောကြားလိုပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ်မှာ MPRL E&P ဟာ တစ်ဦးတည်း သီးခြားရှာဖွေရေးတွင်းကို တူးဖော်ခဲ့ပြီး လုပ်ကွက်ရဲ့ ပထမအကြိမ် သဘာဝဓာတ်ငွေ့အားလုံးကို အောင်မြင်စွာတွေ့ရှိခဲ့ခြင်းကို အသိပေးလိုပါတယ်။ အဲဒီနောက်ပိုင်းမှာ ဩစတြေးလျနိုင်ငံ Woodside Energy(Myanmar)ကုမ္ပဏီနဲ့ ပြင်သစ်နိုင်ငံ TOTAL E&P Myanmar ကုမ္ပဏီတို့ဟာ လုပ်ကွက် A-6 မှာ MPRL E&P နဲ့အတူ Joint Venture ပါတနာအနေနဲ့ ပါဝင်လာပါတယ်။ ၂၀၁၆ ခုနှစ်မှာ ရွှေရည်ထွန်း အမှတ်(၁)ရှာဖွေရေးတွင်းနှင့် ၂၀၁၇ ခုနှစ် ပြည်သစ်နှင့် ပြည်သာယာ ရှာဖွေရေးတွင်းများကိုလည်း တူးဖော်ခဲ့ပြီး ဒီတွင်းတွေမှာလည်း အောင်မြင်စွာ သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိခဲ့ပါတယ်။

အခုနှစ်ဩဂုတ်လမှာ လုပ်ကွက် A-6 ရဲ့ရေနက်ပိုင်း မီတာ ၂၀၀၀ နဲ့ ၂၅၀၀ ခန့်ကြားရှိတဲ့ Deep water region မှာလည်းပဲ ရွှေရည်ထွန်း အမှတ်(၂) အကဲဖြတ်တွင်းကိုတူးဖော်ခဲ့ပြီး ဆက်ပြီး သဘာဝဓာတ်ငွေ့ အောင်မြင်စွာတွေ့ရှိပါတယ်။ ရွှေရည်ထွန်း အမှတ်(၂) အကဲဖြတ်တွင်းမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်ရန် လေ့လာစမ်းသပ် စစ်ဆေးတွေ့ရှိမှုဟာ လုပ်ကွက် A-6 ရဲ့ သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ်ထုတ်လုပ်နိုင်ဖို့ရန် အလားအလာအလွန်ကောင်းပါတယ်။ နောက်ပြီးတော့လည်း စီးပွားဖြစ်ထုတ်လုပ်နိုင်ဖို့ အမြန်ဆုံးနဲ့ အတတ်နိုင်ဆုံး ဆက်လက်ကြိုးစားဆောင်ရွက်သွားပြီးတော့ တိုင်းပြည်ရဲ့စွမ်းအင်လိုလားချက်ကို ဆက်လက်ဖြည့်ဆည်းသွားဖို့ဆန္ဒနဲ့ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးကျော်ဉာဏ်ထွန်း**
**ညွှန်ကြားရေးမှူး**
**ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

မြန်မာ့ကုန်းတွင်းနဲ့ ကမ်းလွန်မှာ ရေနံရှာဖွေရေးအတွက် လုပ်ကွက်တွေကို ၁၉၉၀ ပြည့်နှစ်ကစပြီးတော့ သတ်မှတ်ခဲ့ပြီး ရှာဖွေလုပ်ကိုင်ခဲ့ပါတယ်။ အဲဒီလိုလုပ်ကိုင်ရာမှာ ကုန်းတွင်းပိုင်းမှာ လုပ်ကွက်ပေါင်း ၅၃ ကွက်နဲ့ ကမ်းလွန်မှာ ၅၁ ကွက် သတ်မှတ်ခဲ့ပြီးတော့ နိုင်ငံတကာတင်ဒါတွေ ခေါ်ပြီးတော့ လုပ်ကိုင်ခဲ့ပါတယ်။ လောလောဆယ် ကမ်းလွန်လုပ်ကွက် ၅၁ ကွက်ထဲက ၃၆ ကွက်မှာ အပြည်ပြည်ဆိုင်ရာ ရေနံကုမ္ပဏီတွေက MOGE နဲ့ PSC စာချုပ်ချုပ်ဆိုပြီးတော့ လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီထဲက လုပ်ကွက် A-6 ဟာ ဧရာဝတီတိုင်းဒေသကြီး ကမ်းရိုးတန်းကနေပြီး ကပ်လျက်မှာ တည်ရှိတာဖြစ်ပါတယ်။ လုပ်ကွက် A-6 ကို ၂၀၀၇ ခုနှစ်တုန်းက တိုင်းရင်းသားကုမ္ပဏီတစ်ခုဖြစ်တဲ့ MPRL E&P ကုမ္ပဏီနဲ့ MOGE တို့ PSC စာချုပ်ချုပ်ဆိုပြီးတော့ စတင်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## ဘူးသီးတောင်မြို့နယ်၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်ပေးအပ်

**ဘူးသီးတောင် စက်တင်ဘာ ၂၆**

ဘူးသီးတောင်မြို့နယ်မှ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်သူများထံသို့ မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောတည်ထောင်ခွင့်လက်မှတ် ပေးအပ်ပွဲကို စက်တင်ဘာ ၂၅ ရက်က ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်မှတ်ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက အစုအဖွဲ့များအနေဖြင့် လုပ်ငန်းအောင်မြင်အောင် တာဝန်များ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ တားမြစ်ချက်များ၊ ရရှိမည့်အခွင့်အလမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့်လည်း ဒေသခံပြည်သူများအကျိုးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး မောင်တောခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းမြင့်က ဒေသခံပြည်သူများအတွက် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း အစရှိသည့် သစ်တောနှင့်သစ်ပင်ဆိုင်ရာ အခြေခံအချက်များကို ဖြည့်ဆည်းပေးရန် စိုက်ခင်းများတည်ထောင်ခွင့်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ထွန်းက ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သော သစ်တောဥပဒေအသစ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက စိုက်ခင်းတည်ထောင်သူငါးဦးအား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်များကို တစ်ဦးချင်း ပေးအပ်ခဲ့သည်။

ဘူးသီးတောင်မြို့နယ်၌ ၂၀၁၇ ခုနှစ်အထိ အစုအဖွဲ့ပေါင်း ၉၁ ဖွဲ့က သစ်တော ၃၅၉၁ ဒသမ ၉၆ ဧက တည်ထောင်ထားရှိပြီး ၂၀၁၈ ခုနှစ်တွင် အစုအဖွဲ့ ငါးဖွဲ့အား ၁၂၂ ဧကအတွက် လုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်များ ထပ်မံပေးအပ်ခြင်းဖြစ်ရာ ယခုအခါ ဘူးသီးတောင်မြို့နယ်အတွင်း အစုအဖွဲ့ ၉၆ ဖွဲ့အား သစ်တော ၃၇၁၃ ဒသမ ၉၆ ဧက တည်ထောင်ခွင့်ပြုပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## အခမ်းအနားမှူးကောင်းတစ်ယောက်





ဒေါ်သန်းသန်းဝင်း(မြန်မာ့ရုပ်သံ-ငြိမ်း)၏ 'အခမ်းအနားမှူးကောင်းတစ်ယောက်' စာအုပ်ကို ထုတ်ဝေဖြန့်ချိထားပြီး အဆိုပါစာအုပ်သည် စာရေးသူ၏ နှစ်ငါးဆယ်အတွေ့အကြုံများ၊ သင်တန်းပို့ချချက်များကိုစုစည်း၍ နမူနာပြပုံစံများဖြင့် ရေးသားပြုစုထားသည့်စာအုပ်၊ အခမ်းအနားမှူးကောင်းဖြစ်လိုသူများ လက်ကိုင်ထားသင့်သည့်စာအုပ် ဖြစ်သည်။ အခမ်းအနားမှူး (MC), Presenter, Announcer, Narrator များအတွက် အထူးအရေးကြီးသည့် အသံထွက်၊ အဖြတ်အတောက်၊ အပြောအဆို၊ အသုံးအနှုန်း မှန်ကန်စေရေးအပြင် အခမ်းအနားများ၊ အစည်းအဝေးများကို ပီပြင်အောင်မြင် ချောမောစွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် လက်ကိုင်ထားရမည့် စာအုပ်ကောင်းတစ်အုပ်လည်း ဖြစ်သည်။ စာအုပ်ကို တန်ဖိုး ငွေကျပ် ၃၀၀၀ ဖြင့် စာပေဗိမာန်စာအုပ်ဆိုင်များ၊ TAB စာအုပ်ဆိုင်များ၊ အင်းဝ၊ ရာပြည့်၊ စာပေလောက စာအုပ်ဆိုင်များနှင့် ဖုန်း ၀၉၅၄၀၃၃၈၂၊ ၀၉၅၁၈၃၅၃၆၊ ၀၉၄၄၁၇၂၂၅၀၁ တို့တွင် ဝယ်ယူနိုင်သည်။

## ဗုဒ္ဓအဆုံးအမဖြင့်အောင်မြင်ခြင်း





စာရေးဆရာကျော်ကျော်လှိုင် ရေးသားသော 'ဗုဒ္ဓအဆုံးအမဖြင့်အောင်မြင်ခြင်း' စာအုပ် ထွက်ရှိလာသည်။ လူသားများကို ကောင်းကျိုးပြုနိုင်ရန် ရည်ရွယ်၍ ၃၈ ဖြာ မင်္ဂလာတရားတော်များကို အခြေခံကာ မင်္ဂလာတရားတော် ၁ မှ ၃၁ အထိကို ကိုးကားရေးသားထားသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သောတရားတော်များကို အခြေပြု၍ ယနေ့ခေတ်လူငယ်များအကျိုးရှိစေမည့် အကြောင်းအရာများကို ရေးသားဖော်ပြထားသည်။ လူငယ်များဘဝတွင် ကောင်းမွန်စွာရှင်သန်နေထိုင်ရေး၊ လူတော်လူကောင်းများဖြစ်လာရေးကို ခေတ်နှင့်လျော်ညီသောအတွေးအမြင်များ၊ ခေတ်လူငယ်တို့နားလည်လွယ်သည့် အသုံးအနှုန်းများဖြင့် ဖော်ပြထားသည့်အတွက် လူငယ်များဖတ်ရှုရန် အထူးသင့်တော်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာအုပ်တန်ဖိုး ငွေကျပ် ၄၀၀၀ ဖြစ်ပြီး အုပ်ရေ ၂၀၀၀ ရိုက်နှိပ်ထားကာ SMART စာပေမှဖြန့်ချိသည်။

## နိုင်ငံသားတိုင်း စဉ်းစားစွမ်းရည်ဖွံ့ဖြိုးရေး





ဆရာဦးသန်းဖေ(ညှော့လမ်းညွှန်) ရေးသားသော 'နိုင်ငံသားတိုင်း စဉ်းစားစွမ်းရည်ဖွံ့ဖြိုးရေး'စာအုပ် ထွက်ရှိလာသည်။ ကလေးငယ်များအတွက် ဘာသာစကားသင်ကြားမှုဆိုင်ရာစွမ်းရည်၊ အင်္ဂလိပ်စာသင်ကြား၊ သင်ယူမှုစွမ်းရည်နှင့် ကလေးတို့အတွက် စဉ်းစားတွေးခေါ်နိုင်မှုစွမ်းရည်စသည်တို့အပါအဝင် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြမည့် မျိုးဆက်သစ်တို့အတွက် အရေးပါသည့် အကြောင်းအရာများကို ထည့်သွင်းရေးသားထားသည်။ ကလေးများအား လူမှုနေထိုင်မှု၊ အကျင့်စရိုက်ကောင်းများ သင်ကြားပြသပေးနိုင်မည့် သင်ကြားမှုပုံစံကောင်းများလည်း ပါဝင်သည့်အတွက် သားသမီးကောင်း၊ တပည့်ကောင်းများ မွေးထုတ်ပေးလိုသည့် မိဘများနှင့် ဆရာများ မရှိမဖြစ် ဝယ်ယူဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ တန်ဖိုး ငွေကျပ် ၃၀၀၀ ဖြစ်ပြီး ဆုစာအုပ်တိုက်မှ ဖြန့်ချိသည်။

## အသုံးအများဆုံး စကားပြောပုံစံများ

ဆရာဦးသန်းဖေ(ညှော့လမ်းညွှန်)ရေးသားသော 'အသုံးအများဆုံးစကားပြောပုံစံများ' စာအုပ် ထွက်ရှိထားသည်။ အသုံးများသည့် နေ့စဉ်စကားပြောများ၊ ခရီးသွားရာတွင် အသုံးဝင်သည့် စကားပြောပုံစံများ၊ နေ့စဉ်လှုပ်ရှားကျင်လည်မှုများတွင် အသုံးများသည့် စကားပြောများကို စုစည်းရေးသားထားသော စာအုပ်ကောင်းဖြစ်သည်။ စာအုပ်တွင် လူမှုဆက်ဆံရေးနယ်ပယ်စုံမှ အကြောင်းအရာ ၅၈ မျိုး ပါဝင်သည်။ နယ်ပယ်စုံမှ ဝေါဟာရများကို ဖတ်ချင်စဖွယ် စုစည်းတင်ပြထားသည့်အတွက် အင်္ဂလိပ်စာကို လေ့လာလိုသူများ ဝယ်ယူဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာအုပ်တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြစ်ပြီး အောင်ပိုင်မင်းစာပေမှ ဖြန့်ချိသည်။

# အသက်(၆၀)နှစ်ပြည့် မွေးနေ့ဆုမွန်လွှာ

## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

## ဦးရှိန်ဝင်း

ဥက္ကဋ္ဌ ၊ တက်လမ်းကုမ္ပဏီများအုပ်စု

ဥက္ကဋ္ဌ ၊ ရွှေပါရမီ ကျန်းမာရေးနှင့် ပညာရေးဖောင်ဒေးရှင်း

ဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်

**(Federation of MCEA)** ၏ စက်တင်ဘာလ(၂၇)ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင် နှစ်(၁၂၀)တိုင်အောင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုး၊ အသင်းအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

FEDERATION OF MYANMAR
MCEA
CONSTRUCTION ENTREPRENEURS ASSOCIATION

ဗဟိုအလုပ်အမှုဆောင် ၊ ဗဟိုကော်မတီဝင်အဖွဲ့
မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်



# MTSH

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

**Myanmar Thilawa SEZ Holdings Public Limited**

## ဖိတ်ကြားလွှာ

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက် (MTSH) ၏

အထူးအထွေထွေအစည်းအဝေး

နှင့်

ပဥ္စမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား

အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ

ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | – | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် (စနေနေ့) |
| စတင်မှတ်ပုံတင်ရမည့်အချိန် | – | နံနက် (၇း၃၀)နာရီတိတိ (အစုရှယ်ယာရှင်များ အမည်စာရင်းမှတ်တမ်းတင်ရန်) |
| အစည်းအဝေးစတင်မည့်အချိန် | – | နံနက် (၁၀း၀၀)နာရီတိတိ |
| အစည်းအဝေးကျင်းပမည့်နေရာ | – | Myanmar Event Park (မင်းဓမ္မ) |

## အစုရှယ်ယာရှင်များသို့ အသိပေး အကြောင်းကြားခြင်း

"မှတ်ပုံတင်စာရင်းသွင်းရန်အချိန် - နံနက် (၇း၃၀ မှ ၁၀း၀၀)နာရီအထိ"
(အစုရှယ်ယာရှင်များ အမည်စာရင်းမှတ်ပုံတင်ရန်)
QR Code ပါ အဝါရောင်စာရွက်အား မိမိတို့နှင့်အတူ တစ်ပါတည်း ယူဆောင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

- MTSH ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များနှင့် နောက်ဆုံးရသတင်းများကို www.mtshmyanmar.com website တွင်လည်းကောင်း၊ https://www.facebook.com/mtshofficial/ တွင်လည်းကောင်း အချိန်နှင့်တပြေးညီ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း တင်ပြအပ်ပါသည်။
- ကုမ္ပဏီနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်အလက်များကို info@mtshmyanmar.com သို့လည်းကောင်း၊ အစုရှယ်ယာကိစ္စနှင့်ပတ်သက်၍ သိရှိလိုပါက ir@mtshmyanmar.com သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၂၃၀၁၇၇၂၊ ၂၃၀၁၇၇၃၊ ၂၃၀၁၈၅၃ သို့ ဆက်သွယ်နိုင်ပြီး E-mail ဖြင့်လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။
- ကုမ္ပဏီမှ အစုရှယ်ယာရှင်များထံသို့ ဖိတ်ကြားစာများ ပေးပို့ပြီးဖြစ်သော်လည်း အချိန်မီ မရောက်ရှိပါက မိမိတို့နေထိုင်ရာ မြို့နယ်အလိုက် သက်ဆိုင်ရာ စာတိုက်များသို့ မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

မှတ်ချက် ☞ အခမ်းအနားသို့ တက်ရောက်လာကြသည့် အစုရှယ်ယာရှင်များ၏ မော်တော်ယာဉ်များရပ်နားနိုင်ရန်အတွက် Myanmar Convention Center (MCC-မင်းဓမ္မ) တွင် ယာဉ်ရပ်နားနိုင်ရန် နေရာစီစဉ်ထားရှိပါသည်။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၊ လမ်းဦးစီးဌာန ကတ္တရာအိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ လမ်းဦးစီးဌာန၏ ခရိုင်/အထူးအဖွဲ့များမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၁၀-၂၀၁၈ ရက်မှ ၂၆-၁၀-၂၀၁၈ ရက်အထိ နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၉-၁၀-၂၀၁၈ ရက် မွန်းတည့် ၁၂:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၃၀-၁၀-၂၀၁၈ ရက် မွန်းလွဲ ၁:၃၀ နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ စုစည်းခန်းမ၊ တောင်ကြီးမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၀၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်/အထူးအဖွဲ့များမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်**

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၁၀-၂၀၁၈ ရက်မှ ၅-၁၁-၂၀၁၈ ရက်အထိ နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးမြို့

(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်ရမည့်ရက်/အချိန်** - ၆-၁၁-၂၀၁၈ ရက် မွန်းတည့် ၁၂:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ၇-၁၁-၂၀၁၈ ရက် နံနက် ၁၀:၀၀ နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၁၄၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်/အထူးအဖွဲ့များမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်**

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၁၈ ရက်မှ ၃၀-၁၀-၂၀၁၈ ရက်အထိ နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်မြို့

(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်ရမည့်ရက်/အချိန်** - ၃၁-၁၀-၂၀၁၈ ရက် မွန်းတည့် ၁၂:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁-၁၁-၂၀၁၈ ရက် နံနက် ၁၀:၀၀ နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်ခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လွိုင်လင်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၃၁၀၀၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်/အထူးအဖွဲ့များမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်**

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၁၈ ရက်မှ ၃၁-၁၀-၂၀၁၈ ရက်အထိ နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးမြို့

(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်ရမည့်ရက်/အချိန်** - ၁-၁၁-၂၀၁၈ ရက် မွန်းတည့် ၁၂:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂-၁၁-၂၀၁၈ ရက် နံနက် ၁၀:၀၀နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လင်းခေးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၈၇၀၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### တင်ဒါအမှတ်စဉ် (၁/၂၀၁၈-၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး (၂)၊ လမ်းအထူးအဖွဲ့(၁၂)၊ မတူပီမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း လမ်း/တံတားလုပ်ငန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား (လုပ်ငန်းခွင်အရောက်)(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံ(တင်ဒါစည်းကမ်းချက်များနှင့်အတူ) စတင်ဝယ်ယူနိုင်မည့်ရက်** - ၂၇-၉-၂၀၁၈ ရက် နံနက် ၉:၀၀ နာရီ ၁၆:၀၀ နာရီ

**တင်ဒါလျှောက်လွှာပိတ်မည့်ရက် /အချိန်** - ၂၆-၁၀-၂၀၁၈ရက်၊ ၁၆:၀၀နာရီ

**တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန်** - ၃၀-၁၀-၂၀၁၈ ရက်၊ နံနက် ၉:၃၀ နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၂)၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မတူပီ ဖုန်း-၀၉-၄၅၆၇၇၃၇၅၈၊ ၀၉-၇၇၉၈၃၅၅၇၇၃ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လုပ်ငန်းတင်ဒါခေါ်ယူခြင်း(ပထမအကြိမ်)

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါ ခေါ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၉-၂၀၁၈/နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀နာရီထိ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၀-၂၀၁၈/ညနေ ၄:၀၀နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁-၁၁-၂၀၁၈/နံနက် ၉:၀၀နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဖုန်း-၀၉-၄၂၂၁၉၀၀၃၆၊ ၀၉-၇၉၂၃၂၀၀၉၅တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### ကျောက်ဆည်ခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၉

ဒေါ်ခင်မာအေး **တရားလို** နှင့် ဦးသောင်းကြည် **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ဇရပ်ဖြူကျေးရွာအုပ်စု၊ ဇရပ်ဖြူကျေးရွာနေ တရားပြိုင် ဦးသောင်းကြည် (ဘ)ဦးလွန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ခင်မာအေးက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ၍ ပစ္စည်းခွဲဝေပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၅ ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်စောရွှေ)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

### အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဆေးရိုးခင်၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(A)မှ (ဘ)ဦးရမ်းစမု ၇/ကတခ(နိုင်)၀၉၁၅၈၅ ၏သမီး မဆူနီသာ၏ အမည်မှန်မှာ မနီ ဖြစ်ပါသည်။ **မနီ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သနပ်ကုန်း အထက(ခွဲ) အဌမတန်းမှ မစောပြည့်ပိုနှင့် ငွေသောင် အမက စတုတ္ထတန်းမှ မချိုချိုလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းအောင် ၈/စလန(နိုင်) ၁၀၇၉၄၀ ဖြစ်ပါကြောင်း။ **ဦးဆန်းအောင်**

### ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဲတော-ဝမ်းတွင်း အထက တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်ဝေယံအောင်၏ ဖခင်အမည်မှန်မှာ ဦးညိုလေး ၉/ဝတန(နိုင်) ၀၁၀၅၀၁ ဖြစ်ပါသည်။ **ဦးညိုလေး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သနပ်ကုန်း အထက(ခွဲ) နဝမတန်းမှ မသူသူထိုက်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းထိုက် ၈/စလန(နိုင်)၁၂၈၂၇၄ ဖြစ်ပါကြောင်း။ **ဦးကျော်မင်းထိုက်**

### အမွေပြတ်စွန့်
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၁×၅၂ ကြား၊ အောင်ပြည့်စုံလမ်း၊ အကွက်အမှတ် ၈၈ ၂၇/၇၅ နေ ဦးနေလင်း ၈/မကန(နိုင်) ၀၆၄၁၇၃ နှင့် ဒေါ်ခင်မျိုးတင့် ၈/မကန(နိုင်)၀၆၄၁၇၄ တို့၏သမီး မအေးအေး ၈/မကန(နိုင်)၁၆၇၅၉၁ သည် မိဘဆွေမျိုးများ၏ သွန်သင်ဆုံးမကွပ်ကဲမှုကို အမြဲဆန့်ကျင်စေခဲ့ပြီး ၂၂-၉-၂၀၁၈ ရက် (စနေနေ့)တွင် မိမိသဘောအလျောက် နေအိမ်မှထွက်ခွာသွားသဖြင့် မိဘများ၏ပိုင်ဆိုင်မှုအရပ်ရပ်ကို ၄င်းအား ခံစားပိုင်ခွင့်ပြုမည်မဟုတ်သည့်အပြင် ၄င်း၏ကိစ္စအရပ်ရပ်သည်လည်း မိဘဆွေမျိုးများနှင့် ပတ်သက်မှုမရှိ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးနေလင်း-ဒေါ်ခင်မျိုးတင့်**

## အိတ်ဖွင့်(ပစ္စည်း)တင်ဒါခေါ်ယူခြင်း(ပထမအကြိမ်)

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာကျောက်ရှယ်စုံ၊ သဲ၊ ဘိလပ်မြေ၊ သံချောင်း၊ ဒီဇယ်ဆီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**မှတ်ချက်**။ လုပ်ငန်းသုံးပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီကြောင်း လမ်းဦးစီးဌာန၊ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၏ စမ်းသပ်စစ်ဆေးချက်ပါရှိမှသာ တင်ဒါယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** -၂၆-၉-၂၀၁၈/နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀နာရီထိ

**တင်ဒါပိတ်မည့်ရက်/အချိန်** -၂၆-၁၀-၂၀၁၈/ညနေ ၄:၀၀နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** -၃၁-၁၀-၂၀၁၈/နံနက် ၉:၀၀နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** -ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၉-၄၂၂၁၉၀၀၃၆၊ ၀၉-၇၉၂၃၂၀၀၉၅ တွင် ရုံးချိန်အတွင်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

### အမည်ပြောင်း
ဦးဝင်းထွဋ်အောင်၏သား မုဒုံမြို့နယ်၊ အလက ကမာဝက်၊ ဒုတိယတန်းမှ မောင်အောင်ညီညီထွဋ်အား မောင်ဖုန်းမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဖုန်းမြင့်**

### အမည်ပြောင်း
ဦးဝင်းထွဋ်အောင်၏သား မုဒုံမြို့နယ်၊ အလက ကမာဝက်၊ စတုတ္ထတန်းမှ မောင်အောင်ကြည်လင်းထွဋ်အား မောင်အောင်ကြည်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ကြည်လင်း**

### ဖခင်အမည်မှန်
မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ အထက (ညောင်ပင်စောက်)၊ နဝမတန်းမှ မစုမွန်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကံကောင်း ၁၃/မမတ(နိုင်)၀၁၄၅၈၇ ဖြစ်ပါကြောင်း။ **ဦးကံကောင်း**

### ဖခင်အမည်မှန်
မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ အလက (မြစ်ဆုံ) ပဉ္စမတန်းမှ မညိမ်းညိမ်းထွေး၏ ဖခင်အမည်မှန်မှာ ဦးလာဆာဂူး ၁၃/မမတ(နိုင်)၀၃၂၈၂၈ ဖြစ်ပါကြောင်း။ **ဦးလာဆာဂူး**

### ဖခင်အမည်မှန်
ပင်းတယမြို့နယ်၊ မိုင်းအင်(အထက)၊ တက္ကသိုလ်ဝင်တန်းမှ မယမင်းချိုနှင့် နဝမတန်းမှ မဟန်နီချိုတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ချို (ခ) ဦးမောင်ချို ၁၃/ရစန(နိုင်)၀၆၁၇၂၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ကျောက်တလုံးကြီးမြို့နယ်၊ အထက လုံကား၊ တက္ကသိုလ်ဝင်တန်းမှ နန်းနှင်းနှင်းခိုင်၏ ဖခင်အမည်မှန်မှာ ခွန်ကျော်ဆွေ ၁၃/တကန(နိုင်)၂၃၀၈၆၃ ဖြစ်ပါကြောင်း။ **ခွန်ကျော်ဆွေ**

### အမည်မှန်နှင့် မိခင်အမည်မှန်
ပင်းတယမြို့၊ အထက (မိုင်းအင်) တက္ကသိုလ်ဝင်တန်းမှ မနေ၏ အမည်မှန်မှာ မဆန်းဆန်းနေဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်တင့် ၁၃/ပတယ(နိုင်)၀၄၂၁၈၂ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း
အောင်ပန်းမြို့၊ အမှတ်(၁) ရပ်ကွက်နေ မမေဆုပြည့်မွန်နှင့် အထက(၅)၊ အဌမတန်း(ခ)မှ မောင်ဖုန်းမြတ်သီဟတို့၏ဖခင် ဦးညီတင့်နှင့် ဦးစိုင်းညီညီထွန်း ၉/မကန (နိုင်)၀၃၇၁၄၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးညီတင့် (ခ) ဦးစိုင်းညီညီထွန်း**

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက (၂) နဝမတန်းမှ မဆွေဆွေမာ၏ ဖခင်အမည်မှန်မှာ ဦးဖိုးပြောင်း ၅/ကလထ (နိုင်)၂၆၈၁၂၇ ဖြစ်ပါကြောင်း။ **ဦးဖိုးပြောင်း**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄၁ယ/၉၁၇၀၉ Ray 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်အေး ၅/ကလထ(နိုင်)၁၃၄၁၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### အမည်မှန်
ဦးမင်းထိုက် ၈/နမန(နိုင်)၁၁၄၄၂၁ ၏သား မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ အထက(တက်ဝန်)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံထက်၏ အမည်မှန်မှာ မောင်ဝေယံထက် ဖြစ်ပါကြောင်း။ **မောင်ဝေယံထက်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ အထက (တက်ဝန်) တက္ကသိုလ်ဝင်တန်းမှ မအိဖြူမိုး၏ဖခင်အမည်မှန်မှာ ဦးသောင်းလွင်ဦး ၈/နမန(နိုင်)၁၁၁၅၈၀ ဖြစ်ပါကြောင်း။ **ဦးသောင်းလွင်ဦး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ အထက (တက်ဝန်) တက္ကသိုလ်ဝင်တန်းမှ မနှင်းအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်လတ် ၈/နမန(နိုင်)၂၁၈၇၈၆ ဖြစ်ပါကြောင်း။ **ဦးမြင့်ဇော်လတ်**

### မွေးသက္ကရာဇ်အမှန်
ဦးစိုးခိုင် ၈/ပဖန(နိုင်)၀၇၅၅၂၀ ၏သား မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့ အထက(ကုန်းကြီး) တပ်တွင်းကျောင်း နဝမတန်းမှ မောင်ရှင်းသန့်ခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၁၂-၂၀၀၃ ဖြစ်ပါကြောင်း။ **မောင်ရှင်းသန့်ခိုင်**

### ဖခင်အမည်မှန်
ဒီပဲယင်းမြို့၊ စိုင်ပြင် အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်ထက်စိုးဦး၊ အထက(ခွဲ) ဆုံကုန်း အဌမတန်းမှ မောင်သိန်းဇော်ထွန်း၊ ဆဌမတန်းမှ မောင်သိန်းသန်းထွန်း၊ တတိယတန်းမှ မဇင်မာလင်းနှင့် ပထမတန်းမှ မဇင်မာခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၅/ဒပယ(နိုင်) ၁၄၄၀၉၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဒီပဲယင်းမြို့၊ စိုင်ပြင် အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ကျော်ဇောဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်သင်း ၅/ဒပယ(နိုင်)၀၄၅၇၇၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဒီပဲယင်းမြို့၊ စိုင်ပြင် အထက တက္ကသိုလ်ဝင်တန်း (A)မှ မချောစုခိုင်၏ ဖခင်အမည်မှန်မှာ ဦးတုပ်ပေါ ၅/ဒပယ(နိုင်)၀၉၆၅၈၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဒီပဲယင်းမြို့၊ စိုင်ပြင် အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်မြင့်သူ၏ ဖခင်အမည်မှန်မှာ ဦးဘိုကြီး ၅/ဒပယ(နိုင်)၀၉၆၂၃၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဒီပဲယင်းမြို့၊ စိုင်ပြင် အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ငြိမ်းချမ်းစိုး၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်အေး ၅/ဘတလ(နိုင်)၀၈၅၄၇၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဒီပဲယင်းမြို့၊ စိုင်ပြင် အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်သော်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်း ၅/ဒပယ(နိုင်)၀၄၁၃၀၇ ဖြစ်ပါကြောင်း။

### အမည်ပြောင်း
ဦးသန်းဦး၏သမီး ဓနုဖြူမြို့၊ ကြာစုရှေ့ကျေးရွာနေ မစိမ်းလဲ့လဲ့ကြည် ၁၄/ဓနဖ(နိုင်)၁၃၆၅၆၃ အား မစိမ်းလဲ့ရတီဟု ပြောင်းလဲခေါ်ပါရန်။ **မစိမ်းလဲ့ရတီ**

### မိဘအမည်မှန်
ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီးကျေးရွာ အလက ပဉ္စမတန်းမှ မောင်နန္ဒကျော်၏ မိဘအမည်မှန်မှာ ဦးဖိုးကျော် ၅/ကဘလ(နိုင်)၁၇၇၅၈၉ နှင့် ဒေါ်ဝေလင်း ၅/ဝလန(နိုင်)၁၉၇၅၁၁ တို့ ဖြစ်ပါကြောင်း။ **ဦးဖိုးကျော်-ဒေါ်ဝေလင်း**

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ် တအုံကျေးရွာ၊ အထကခွဲ သတ္တမတန်းမှ မသက်မွန်ဆန်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းယုမောင် ၅/ရဘန(နိုင်)၁၅၈၅၅၀ ဖြစ်ပါကြောင်း။ **ဦးဆန်းယုမောင်**

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ တအုံကျေးရွာ အထက(ခွဲ) ဆဌမတန်းမှ မနော်နော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၅/ရဘန(နိုင်)၁၆၈၀၀၆ ဖြစ်ပါကြောင်း။ **ဦးနိုင်ဦး**

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ ဘုန်းဘွဲ့ကျေးရွာ အထက(ခွဲ) အဌမတန်းမှ မနှင်းအိအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်မင်း ၅/ဝလန(နိုင်)၁၁၄၅၅၁ ဖြစ်ပါကြောင်း။ **ဦးတင်မင်း**

### မိခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ အထက(ခွဲ)(အောင်းကုန်း)တက္ကသိုလ်ဝင်တန်းမှ မောင်ရယ်လ်ဒီနိုင်း၏ မိခင်အမည်မှန်မှာ ပုံစံ(၆၆/၆) အရ ဒေါ်အေးခိုင် ၅/အတန(နိုင်)၁၁၃၂၄၁ ဖြစ်ပါကြောင်း။ **ဒေါ်အေးခိုင်**

### မိခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ အထက-ခွဲ (အောင်းကုန်း) တက္ကသိုလ်ဝင်တန်းမှ မောင်နန်းဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ဌေး ၅/အတန(နိုင်)၀၅၂၆၃၃ ဖြစ်ပါကြောင်း။ **ဒေါ်ခင်ဌေး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကသာမြို့နယ်၊ ကျောက်ပုံကျေးရွာနေ ဦးဝင်းကို၏သား အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မောင်ချစ်ကိုဇော်နှင့် မောင်ချစ်ကိုကိုဇော် ၅/ကသန(နိုင်)၁၄၄၀၇၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်ချစ်ကိုဇော်(ခ)မောင်ချစ်ကိုကိုဇော်**

### မိဘအမည်မှန်
ကသာမြို့၊ ပညာတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မခိုင်နှင်းဝေ၏မိဘ (ဒုံးအော့ကျေးရွာနေ)၏ အမည်မှန်မှာ ဦးအုံးဝင်း ၅/ကသန(နိုင်)၀၆၅၉၇၈ နှင့် ဒေါ်ဇင်မာဝေ ၅/ကသန(နိုင်)၀၈၁၃၄၅ ဖြစ်ပါကြောင်း။ **ဦးအုံးဝင်း-ဒေါ်ဇင်မာဝေ**

### မိခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အထက(ခွဲ) အောင်းကုန်း တက္ကသိုလ်ဝင်တန်းမှ မောင်ထိန်လင်းနှင့် သတ္တမတန်း(A)မှ မောင်ကျော်ဟိန်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းကြည် ၅/ဗမန(နိုင်)၀၄၄၃၅၁ ဖြစ်ပါကြောင်း။ **ဒေါ်ဝင်းကြည်**




**မိခင်အမည်မှန်**

မုဒုံမြို့နယ်၊ အလက ကမာဝက်၊ အဋ္ဌမတန်းမှ မအိကလျာ၏ မိခင်အမည်မှန်မှာ ဒေါ်ရင် ဖြစ်ပါကြောင်း။

**ဒေါ်ရင်**

**မိခင်အမည်မှန်**

မုဒုံမြို့နယ်၊ အလက ကမာဝက်၊ ပဥ္စမတန်းမှ မအေးမြန္တာ၏ မိခင်အမည်မှန်မှာ ဒေါ်ဟေမာ ဖြစ်ပါကြောင်း။

**ဒေါ်ဟေမာ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စိုင်းအောင် ၁၃/ကမန(နိုင်)၁၅၅၈၇၂ ၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၀၃၀၈၇၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမိုးကျော်သူ ၉/မထလ(နိုင်)၀၀၇၂၅၆ ၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၆၀၈၃၂၃**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စိုင်းပန်ဖ ၁၃/သနန(နိုင်)၀၅၁၃၉၅ ၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၈၃၉၂၆၁**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 4C/6800 Toyota Hilux Vigo လက်ဝယ်ရှိသူ ဒေါ်နန်းအမ်းတစ် ၁၃/တခလ(နိုင်)၀၆၄၅၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

**မိခင်အမည်မှန်**

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ထီးမံထိုရွာနေ တက္ကသိုလ်ဝင်တန်းအောင် စောချစ်မွေးနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းလှ ဖြစ်ကြောင်း။

**ဒေါ်စန်းစန်းလှ**

**ဖခင်အမည်မှန်**

မိုင်းကောင် အထက အဋ္ဌမတန်းမှ စိုင်းမိန်းလူ၏ ဖခင်အမည်မှန်မှာ စိုင်းမောင်ထွေး ဖြစ်ပါသည်။

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

လားရှိုးမြို့၊ အမှတ် (၁)ရပ်ကွက်၊ နယ်မြေ (၉)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၉)၊ ဧရိယာ (၀ဒသမ၂၂၉)ဧက၊ မြေငှားလိုင်စင်အမှတ်အမှတ် ၃၁၆-၅/၁၉၉၂-၁၉၉၃(စီ)၊ ဦးစိုင်းလိတ် အမည်ပေါက် မြေကွက်သည် သက်တမ်းကုန်ဆုံးသဖြင့် ဦးစိုင်းလိတ်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးမျိုးသက်ခိုင်မှ မြေငှားလိုင်စင်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

**ဖခင်အမည်မှန်**

တန့်ယန်းမြို့နယ်၊ မိုင်းကောင်ကျေးရွာအုပ်စု၊ မိုင်းကောင် အထက ကျောင်း၊ န၀မတန်းမှ စိုင်းနော်ခေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းခမ်းလူ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

တန့်ယန်းမြို့နယ်၊ မိုင်းကောင်ကျေးရွာအုပ်စု၊ မိုင်းကောင် အထက ကျောင်း၊ ဒုတိယတန်းမှ မနန်းအွမ်ဆိုင်၏ ဖခင်အမည်မှန်မှာ ဦးကျာထော ဖြစ်ပါသည်။

**သားအဖြစ်မှ စွန့်လွှတ်ခြင်း**

လားရှိုးမြို့၊ ရပ်ကွက် (၅)၊ အကွက်အမှတ် (၃၃)၊ နယ်မြေ (၁၂) နေ ဦးလှရွှေ ၁၃/လရန(နိုင်)၀၇၂၂၁၉ - ဒေါ်ရန်ရှုရင် ၁၃/လရန(နိုင်)၀၇၁၈၃၆ တို့၏သား မောင်ဝေလင်းဦး LSO-၂၁၄၅၈၂ သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုလုပ်ဆောင်ရွက်နေပါသဖြင့် ၎င်းနှင့်သက်ဆိုင်သောကိစ္စအဝဝအား ယနေ့မှစ၍ မိဘဆွေမျိုးများမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှစွန့်လွှတ်လိုက်ကြောင်း သိစေအပ်ပါသည်။

**ဦးလှရွှေ-ဒေါ်ရန်ရှုရင်**
**ရပ်ကွက် (၅)**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးကျေးရွာနေ ဦးဝင်းရွှေ(ခ) ဦးအောင်မင်း ၉/မတရ(နိုင်)၀၂၂၁၆၃-ဒေါ်စိန်တင့် ၉/မတရ(နိုင်)၀၂၂၁၆၀တို့၏သား မောင်ရဲအောင်(ခ) မောင်ရဲမြင့် ၉/မတရ(နိုင်)၁၅၂၈၆၅သည် မိဘများ၏ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**မိဘ-**
**ဦးဝင်းရွှေ(ခ)ဦးအောင်မင်း-ဒေါ်စိန်တင့်**
**တောင်ပြုံးကြီးရွာ**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အထက ပျဉ်ထောင်၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ ခွန်ဉာဏ်ခွန်၏ ဖခင်အမည်မှန်မှာ ခွန်ထွန်းရင်လော ၁၃/ပလန(နိုင်)၀၅၀၅၂၂ ဖြစ်ပါကြောင်း။

**ခွန်ထွန်းရင်လော**

**အမည်မှန်**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟဲဟိုးမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ တတိယနှစ်ကျောင်းသူ မူကေသီလွင်၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၃/ပလန(နိုင်)၁၁၃၄၀၆ အရ နန်းကေသီလွင် ဖြစ်ပါကြောင်း။ **နန်းကေသီလွင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈ယ/၂၇၃၈၉ NEW ANBO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၅/စကန(နိုင်)၀၁၄၃၅၇ က (ကမ-၃)အပျောက်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ယ/၂၂၆၅၉ Zaw Cycle III ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် ၉/တသန(နိုင်)၁၀၅၃၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9N/5425 Nissan ATLASSQ 2F2 Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သာ ၉/မလမ(နိုင်)၀၈၂၄၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေးမြို့၊ မြောက်ပြင်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်နေ ဦးစံထွန်း-ဒေါ်စန်းကြည်တို့၏သား ကိုလပြည့်ထွန်း ၉/အမဇ(နိုင်)၀၁၇၁၁၈သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးစံထွန်း-ဒေါ်စန်းကြည်**

**ဖခင်အမည်မှန်**

ပင်လောင်းမြို့၊ အထက (၂) န၀မတန်း(ခ) မှ နန်းသဲဆုရတနာ၏ ဖခင်အမည်မှန်မှာ ဦးမောင်ထိန် ၁၃/ပလန(နိုင်)၀၄၅၉၈၀ ဖြစ်ပါကြောင်း။ **ဦးမောင်ထိန်**

**ဖခင်အမည်မှန်**

ပင်လောင်းမြို့၊ အထက(၂) န၀မတန်းမှ နန်းမိုခမ်း၏ ဖခင်အမည်မှန်မှာ စိုင်းအောင်ဝင်း ၁၃/ပလန(နိုင်)၀၀၄၀၂၁ ဖြစ်ပါကြောင်း။

**စိုင်းအောင်ဝင်း**

**မိဘအမည်မှန်**

လွိုင်ကော်မြို့၊ အထက (၃)၊ အဋ္ဌမတန်း (C) မှ မဝါဝါခိုင်၏ မိဘအမည်မှန်မှာ ဦးငြိမ်းဇော်ဝင်း ၂/လကန(နိုင်)၀၇၅၂၅၁နှင့် ဒေါ်ပေါ်ငွေး ၂/လကန(နိုင်)၀၈၁၆၁၃ ဖြစ်ပါကြောင်း။

**ဦးငြိမ်းဇော်ဝင်း-ဒေါ်ပေါ်ငွေး**

**ဖခင်အမည်မှန်**

လွိုင်ကော်မြို့၊ အထက (၃)၊ သတ္တမတန်း(C)မှ မောင်ထိုက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမိုးဇက်ပေတြူ ၂/လကန(နိုင်)၀၀၂၄၅၀ ဖြစ်ပါကြောင်း။

**ဦးမိုးဇက်ပေတြူ**

**အမည်မှန်၊ ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ ထ-ခွဲ၊ အလက (၂-ရမ်ပူ)၊ န၀မတန်း$(A_1)$မှ မောင်ဂွါလီဆီး၏ အမည်မှန်မှာ မောင်ဂွါးလီဆီးနှင့် စတုတ္ထတန်းမှ မအချာဒီး၏ အမည်မှန်မှာ မငွါမာချာဖြစ်ပြီး၊ ၎င်းတို့၏ ဖခင်အမည်မှန်မှာ ဦးခီလီရဲ့ ၁/မကန(နိုင်)၀၄၉၆၇၆ ဖြစ်ပါသည်။

**မိဘအမည်မှန်**

ဖားကန့်မြို့နယ်၊ အထက (ခွဲ-မော်ဝမ်း)၊ ဆဋ္ဌမတန်းမှ မဖြိုးသန္တာ၏ မိဘအမည်မှန်မှာ ဦးကျော်သိန်း ၁၂/တဥန(နိုင်)၀၈၈၁၂၈ နှင့် ဒေါ်ခင်လှလှ ၅/တဆန(နိုင်)၀၄၂၂၃၉ ဖြစ်ပါကြောင်း။

**အမည်မှန်**

ပူတာအိုမြို့၊ အထက(ပူတာအို)၊ န၀မတန်း (C)မှ မခင်ငြိမ်းချမ်း၏ အမည်မှန်မှာ မနန်းခင်ငြိမ်းချမ်း ဖြစ်ပါကြောင်း။

**ပတ်စ်ပို့ပျောက်**

ကျွန်တော် ဦးကောမော် ၁/မကတ(နိုင်)၀၈၀၃၆၇ ၏ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၉၆၄၉၅၉၂**

**အမည်မှန်၊ ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက (၆)၊ အဋ္ဌမတန်း(ဂ)မှ မောင်ခွန်းဒူနော်နှင့် ပဥ္စမတန်း(က) မှ မဂျာမွန်း၏ အမည်မှန်မှာ မဂျာမွန်းကော့ဖြစ်ပြီး ၎င်းတို့၏ ဖခင်အမည်မှန်မှာ ဦးအင်ဂေါင်လရိန် ၁/မကန(နိုင်)၁၉၀၅၄၈ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက (၆)၊ တက္ကသိုလ်ဝင်တန်း(ဂ) မှ မရွယ်နှောင့်၏ဖခင်အမည်မှန်မှာ ဦးKမုံနွယ် ဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ်အမှန်**

မြစ်ကြီးနားမြို့၊ အထက(၆)၊ သတ္တမတန်း(ခ)မှ မဒေါင်လာမ့်၏မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၁-၂၀၀၅ ဖြစ်ပါကြောင်း။

**ပတ်စ်ပို့ပျောက်**

ကျွန်တော် ဦးသောဆီးရောဘတ်စ် ၁/ဆပဘ(နိုင်)၀၀၀၄၇၉ ၏ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၆၂၅၄၄၆**

**ဖခင်အမည်မှန်**

နမ္မတီးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (H)မှ မဝဘော်ခေါင်ညွှယ်၏ ဖခင်အမည်မှန်မှာ ဦးဝဘော်ဇခေါင် ၁/ဝမန(နိုင်)၀၇၄၆၈၀ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် EE/5385 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၆၉)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း ဂုဏ်ပြုအခမ်းအနားတက်ရောက်




နေပြည်တော် စက်တင်ဘာ ၂၆

**(၆၉)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်းဂုဏ်ပြုအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ၂ ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြသည်။**

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် ဇနီး၊ သံအမတ်ကြီးများ၊ သံတမန်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဒုတိယသမ္မတ ဦးမြင့်ဆွေ (၆၉)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း ဂုဏ်ပြုအခမ်းအနားတွင် ဂုဏ်ပြုစကားပြောကြားစဉ်။**

သတင်းစဉ်

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အလေးပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဂုဏ်ပြုစကား ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၊ ပြည်သူများနှင့် သံအမတ်ကြီးတို့အား ဂုဏ်ယူဝမ်းမြောက်ကြောင်းကို ပြောကြားလိုပါကြောင်း။

လွန်ခဲ့သည့် (၆၉)နှစ်တာကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ချိန်ကစပြီး အထူးသဖြင့် လွန်ခဲ့သည့် အနှစ်(၄၀) ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်မူဝါဒကို ကျင့်သုံးချိန်ကစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စီးပွားရေးသာမက ဘက်စုံကဏ္ဍစုံတွင် ထူးထူးခြားခြား ကြီးကြီးကျယ်ကျယ် အံ့မခန်း ဖွံ့ဖြိုးတိုးတက်ခဲ့ပါကြောင်း။

*စာမျက်နှာ ၆ ကော်လံ ၁* ❖

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၆**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက ကျင်းပသည့် မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးသိန်းဆွေ၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်နှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်

*စာမျက်နှာ ၇ ကော်လံ ၁* ❄




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

## လှိုင်သာယာမြို့နယ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိ၊ ပြစ်မှုကျူးလွန်သူလေးဦးအား အလျင်အမြန် ဖော်ထုတ်ဖမ်းဆီးရမိ

စာ » ၁၃

